# ဝိသုဒ္ဓိဆရာတော်ကြီး

# ဦးပဏ္ဍိတ




မြောင်းမြမြို့ ရွှေသာလျောင်းဘုရားတွင်

(၂၇/ ၂၈.၁၀.၉၁)ရက်နေ့တွင် ဟောကြားခဲ့သော

## ဒန္ဓာကျင့်၊ ဒန္ဓာသိ၊ ဒန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်


ဝိသုဒ္ဓိမဂ္ဂစာစဉ်အမှတ်(၃)



**ဝိသုဒ္ဓိဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

မြောင်းမြမြို့



\- စီစဉ်ပူဇော်သူ -

**ဗိုလ်မှူးဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) မြောင်းမြမြို့

၀၉-၂၅၀၄၃၂၀၅၀ / ၀၉-၇၉၄၅၀၆၅၉၅

# ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးဖွဲ့၏ မေတ္တာရပ်ခံချက်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) ဝိသုဒ္ဓိဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်စာအုပ်၊ (MP-3)၊ (MP-4)များမှ တစ်ပုဒ်၊ တစ်ပုံဖြစ်စေ၊ အားလုံးကိုဖြစ်စေ မိမိစေတနာ၊ သဒ္ဓါတရားဖြင့် ထပ်မံကူးယူဖြန့်ဝေနိုင်ကြပါသည်။ ဝိသုဒ္ဓိဆရာတော်တရားထပ်မံရရှိပါကလည်း ထပ်မံထည့်သွင်း၍ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်၊ မွမ်းမံ၊ ဆောင်ရွက်၊ ဖြန့်ဝေနိုင်ကြပါရန်နှိုးဆော်တိုက်တွန်းမေတ္တာရပ်ခံအပ်ပါသည်။ ဝိသုဒ္ဓိဆရာတော်ကြီး၏ တရားစာအုပ်၊ (MP-3)၊ (MP-4)၊ ပုံတော်များကို အောက်ပါအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ကြပါသည်။

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးဆရာတော် ဦးသုမန<br>ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)၊ မြောင်းမြမြို့။ | 09-250432050 |
| (၂) | ဦးမျိုးအောင် (ရန်ကုန်) | 09-5105997 |
| (၃) | ဦးအောင်ကိုလတ်(မှဲ့မှဲ့) ရန်ကုန် | 09-5107496 |
| (၄) | ဆရာလေး ဒေါ်စန္ဒာသိရီ | 09-447572355 |
| (၅) | ဆရာလေး ဒေါ်မိတ္တစာရီ | 09-251620128 |
| (၆) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-49741462 |
| (၇) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-796685516 |
| (၈) | ကိုတိုး (မြောင်းမြ) | 09-796685527 |
| (၉) | ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေး ရုံးအဖွဲ့ | 09-447204724 |

# ဝိသုဒ္ဓိမဂ္ဂစာစဉ်အမှတ်(၃)

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (၁) | (၂၇.၉.၁၉၉၁)မြောင်းမြမြို့ ရွှေသာလျောင်းဘုရား တရားတော်အမှတ်(၅) | ၃၅ |
| (၂) | (၂၇.၉.၁၉၉၁)မြောင်းမြမြို့ ရွှေသာလျောင်းဘုရား တရားတော်အမှတ်(၆) | ၉၂ |

# ဝိသုဒ္ဓိဆရာတော်ကြီးဦးပဏ္ဍိတ

## ထေရုပ္ပတ္တိ

## သာသနာမှတ်တမ်းအကျဉ်း

### ငယ်နာမည် ဦးမြမောင်

ဝိသုဒ္ဓိဆရာတော်ကြီးသည် ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာတွင် ခမည်းတော် ဦးချိုးတိုး၊ မယ်တော် ဒေါ်အုံးမေတို့မှ ၁၂၉၀ ခုနှစ်၊ တော်သလင်းလဆန်း (၁၃)ရက်၊ ကြာသပတေးနေ့ တွင် ဖွားမြင်ခဲ့သည်။ လူ့ဘဝ နာမည်မှာ ဦးမြမောင် ဖြစ်သည်။

## ဦးမြမောင် စာမတတ်

မွေးချင်း (၆)ယောက်ရှိပြီး ငယ်စဉ်ကပင် မွေးချင်းအားလုံး သေဆုံးခဲ့သည်။ ဆရာတော်တစ်ပါးသာလျှင် ကျန်ရှိသည်။ ငယ်စဉ်က အခြေခံမူလတန်း (၂)တန်းသာ တက်ရောက်ခဲ့သည်။ ထို့ကြောင့် စာမဖတ်တတ်ချေ။ စာမတတ်ပါ။

## ရဲသားဘဝ

အသက် (၁၃)နှစ်သားအရွယ်တွင် မိဘများနှင့် မြောင်းမြမြို့သို့ ရောက်ရှိခဲ့ပြီး ကြံ့ရာကျပန်းကူလီအလုပ်ဖြင့် အသက်မွေးခဲ့ရသည်။ (၁၈)နှစ်တွင် ရဲတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ရဲသင်္ဘောတွင် သင်္ဘောကြိုး ချည်ရသော ရဲသားဖြစ်သည်။

## ဒေါ်မြင့်နှင့်အိမ်ထောင်ကျ

အသက် (၂၄)နှစ်အရွယ်တွင် ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့မှ ဒေါ်မြင့်နှင့် အိမ်ထောင်ကျခဲ့

သည်။ မြောင်းမြမြို့၊ မြိုင်မာလာရပ်ကွက်၊ (၂)လမ်းတွင် နေထိုင်ခဲ့သည်။ သားသမီး (၃)ယောက် ထွန်းကားခဲ့သည်။

## လူ့ဘဝမကောင်းမှုများပြုလုပ်ခဲ့

ရဲတပ်သားဘဝတွင် ထီပေါက်ပြီး ရဲတပ်သားဘဝမှ ဆေးပင်စင်နှင့် ထွက်ခဲ့သည်။ ထီပေါက်သောငွေဖြင့် သုံး၊ ဖြုန်း၊ သောက်စား၊ မူးယစ်၊ အပျော်ပါးလိုက်စား၊ မိန်းမရှုပ်ခဲ့သည်။ ထီပေါက်သောငွေများကုန်သောအခါ အရပ်ထဲတွင် ရေထမ်းရောင်းရခြင်း၊ အနှိပ်သည်လုပ်ရခြင်းတို့ဖြင့် အသက်မွေးခဲ့ရသည်။လူ့ဘဝ မကောင်းမှုများနှင့် ဆိုးသွမ်းလွန်းသဖြင့် မိသားစုများကပင် ဦးမြမောင်၏ ဆိုးသွမ်းမှုဒဏ်ကို မခံနိုင်တော့သဖြင့် ဇနီးဖြစ်သူမှာ ဦးမြမောင် တစ်ယောက်တည်းကို ထားပစ်ခဲ့ကာသမီးကြီးရှိရာရောဝတီတိုင်း၊လပွတ္တာမြို့သို့ သွားရောက် နေထိုင်ခဲ့သည်။

## သံဝေဂရခြင်း

ထိုအခါကျမှ သံဝေဂရကာ ကောင်းတာလုပ်၊ ကောင်းတာဖြစ်မှာပဲလို့ စဉ်းစားမိပြီး တရား စတင် လုပ်ခဲ့သည်။ တစ်နေ့ ရေထမ်းလာရင်း ရပ်ကွက်ထဲ အိမ် တစ်အိမ်မှ သဲအင်းဂူဆရာတော်ဘုရားကြီး တရား ကက်ဆက်ခွေ ဖွင့်သံကြားရ၍ ရေထမ်းချကာ တရားနာ ခဲ့သည်။ သဲအင်းဂူဆရာတော်ကြီးတောင် ခါးပြတ်ိုက်၊ ဆိုးသွမ်းရာကနေ တရားရအောင် လုပ်နိုင်သေးတယ်။ ငါလည်း ခါးပြတော့မတိုက်ခဲ့ဘူး။ တရားလုပ်ရင် ရမှာပဲလို့ ဆုံးဖြတ်ချက်ချကာ အသက် (၄၅) နှစ်တွင် တောထဲထွက်၍ တရားစတင်ကျင့်ခဲ့သည်။

## သွေးသားလည်းပြောင်း စိတ်လည်းပြောင်းပြီ

လူဝတ်ဖြင့် တောထဲတွင် (၂)နှစ်ကျော်ကြာ တရား ကျင့်ခဲ့သည်။အသက် (၄၇) နှစ်တွင်ကိုရင်ကြီး ဝတ်ခဲ့သည်။ ကိုရင်ကြီးဘဝဖြင့် (၆) နှစ်ကျော်ကြာ မြောင်းမြမြို့ ပတ်ဝန်းကျင်တောထဲတွင် တရား

ကျင့်ခဲ့သည်။ ဆရာတော်ကြီးမှာ သွေးသားလည်းပြောင်းခဲ့သည်။ စိတ်လည်းပြောင်းခဲ့သည်။

## ရဟန်းဘောင်ဝင်ရောက်ခြင်း

အသက် (၅၄) နှစ်တွင် မြောင်းမြမြို့ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ်တွင် ဆရာတော်ဦးဝံသပါလ (ဩစတြေလျနိုင်ငံ သာသနာပြု) ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ရဟန်းဒါယကာမှာ ဦးဆန်းအောင် (ဦးစန်းလွင်) ဖြစ်သည်။

## ပဋိပတ္တိ ပွင့်လင်းစေခြင်း

ဝိသုဒ္ဓိ ဆရာတော်ကြီး ပဋိပတ္တိမကျွမ်းကျင်သော်လည်း ပဋိယတ္တိဖြင့် ကျင့်ကြံပွားများ အားထုတ်ခဲ့ပြီး ရရှိထားသော ခန္ဓာကျင့် ခန္ဓာသိတရား အကျင့်များဖြင့် ဝေနေယျတို့အား ဟောကြားပြသ ဆိုဆုံးမခဲ့ပါသည်။

ဝိသုဒ္ဓိ မဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းဝန်းတွင် သံဃာအပါး (၈၀)ကျော်၊ သီလရှင်အပါး (၈၀)ကျော်၊ အမြဲနေယောဂီ (၂၀) ကျော်တို့အား စားသောက်ရေး၊

နေထိုင်ရေး၊ ဝတ်ဆင်ရေး၊ ကျန်းမာရေး အစ တာဝန်ယူကာမကြောင့်မကြဘဲ တရားဘာဝနာ ပွားများနိုင်ရန် ဆောင်ရွက်ပေးထားတော်မူသည်။

## သာသနာ့အဆောက်အဦးများ ဆောက်လုပ်ပေးခြင်း

မြန်မာပြည်အရပ်ရပ်မှ တကာ၊ တကာမများကလည်း ဆရာတော်ကြီးအား လာရောက်ဖူးမျှော်ကြည်ညိုခဲ့ကြပြီး တရားဘာဝနာ အားထုတ်ခဲ့ကြသည်။ ဆရာတော်ကြီးမှ တကာ တကာမများ လှူဒါန်းသော ဝတ္ထုငွေကြေးများဖြင့် ကျောင်း၊ ရေတွင်း၊ ရေကန်များကို သိန်းပေါင်း (၁၀၀၀)ကျော်မျှ ဆောင်ရွက်ပေးထားတော်မူသည်။

## စေတီတော် (၁၉)ဆူတည်ထားပေးခြင်း

အတိတ်က ပဋ္ဌာန်းဆက်များ၏ တောင်းပန်လျှောက်ထားချက်အရ စေတီတော် (၁၉) ဆူကို မြောင်းမြ၊ ဝါးခယ်မမြို့နယ်များတွင် သိန်းပေါင်း (၂၀၀၀) ကျော်မျှ အကုန်ကျခံကာ တည်ထားပေးခဲ့သည်။ ၎င်းစေတီ (၁၉)

ဆူးအနက် မြောင်းမြမြို့နယ် ပိန္နဲကုန်းကျေးရွာရှိ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ် ဘုရားမှာ လွန်ခဲ့သော (၁၈) နှစ်ကစတင်တည်ထားခဲ့ပြီး ပြီးစီးနေသည်မှာ (၁၆) နှစ်ကျော်ပြီဖြစ်သည်။ ယခုတိုင် ထီးမတင်သေးပေ။ (ဘုရား သမိုင်းအကျယ်ကို အမှတ် (၄၈) မှစ၍ နေလဂျာနယ်တွင် ဖတ်ရှုနိုင်ပါသည်။) ၎င်းဘုရားနှင့် ဆရာတော်ကြီးမှာ အတိတ်သမိုင်းကြောင်း ကျိုးဆက်ရှိခဲ့သည်။

## ခန္ဓာကျင့်၊ ခန္ဓာသိတရား

ဆရာတော်ကြီး ဟောကြားခဲ့သော ခန္ဓာကျင့် ခန္ဓာသိတရားကို အနည်းငယ် ဖော်ပြရလျှင်-

ငယ်စဉ်တောင်ကျေးက မိဘက ကျောင်းမထားနိုင်လို့ စာမတတ်တာပါ။ စာမတတ်တဲ့အတွက် ကိုယ်လုပ်နိုင်တဲ့ ဝိပဿနာ ခန္ဓာကျင့်ကို ကျင့်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ထားခဲ့သော ပဋိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဒသာသနာ၊ သာသနာသုံးရပ် မှာ ပဋိယတ္တိကို မကျွမ်းကျင်၍ ပဋိပတ္တိအကျင့်ကို ခန္ဓာကို

ရင်းပြီးကျင့်ပါတယ်။ စာကိုမပယ်ပါ။ ဒီလိုကျင့်နိုင်တာ ကလည်း သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဆိုတဲ့ ပဋိယတ္တိစာတွေရှိလို့ ကျင့်နိုင်တာပါ။ ခန္ဓာကို တကယ်ကျင့်ပြီးသိလို့ ခန္ဓာသိတရားဟောနိုင်တာပါ။ ဦးပဥ္စင်းကို ကြည်ညိုပါလို့ မပြောလိုဘူး။ ဦးပဥ္စင်းဟောတဲ့အသိကိုတော့ ယူထားပါ။

အသိတစ်လုံး အမြတ်ဆုံး၊ မရှိတာရှာရင်ရတယ်။ မသိတာအခက်ဆုံး။ ဘယ်အသိတွေလဲ ခင်ဗျားတို့တစ်တွေမှာ စက္ခုအာရုံ၊ နားသောတအာရုံဆိုတဲ့ အာရုံငါးပါးကို မနောက အမှတ်နဲ့ယူထားတယ်။ အမှတ်ဆိုတာ ပါဠိလို သညာလို့ခေါ်တယ်။ ဒီအမှတ်နဲ့ ယူလိုက်တဲ့အတွက် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတွေ ဖြစ်ကုန်တာပဲ။ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်။ တဏှာပြတ်မှ မာန်ပြတ်မယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိပြတ်မှ သံသရာပြတ်မယ်။ သံသရာလည်စေတာ သူတို့ပဲ။ တရားထိုင်ကြ၊ တရားထိုင်နေတဲ့အချိန် ကာယကံ၊ ဝစီကံ လုံနေပြီ။ မနောကိုသတ်၊ ဝင်သွားတဲ့လေ၊ ထွက်သွားတဲ့ လေကို သတိလေးကပ် မှတ်ရတယ်။ ထိ၊ သိ၊ သတိ သတိ

လေးကပ်ထား။ သိ၊ သိ၊ သိလို့ မှတ်နေ။ ဆိုလည်း မနေရဘူး။ ထိတာကရုပ်၊ သိတာကနာမ်၊ ထိတာလည်းမမြဲဘူး။ သိတာလည်းမမြဲဘူး၊ အဲဒါ အနတ္တ၊ မမြဲတော့ မစွဲဘူး။ မစွဲတော့အေးတယ်။ တရားထိုင်ချိန်မှာ မဂ္ဂင်ရှစ်ပါးအကျုံးဝင်နေပြီ။ ကိုယ့်စိတ်ကိုယ်စစ်ပါ။ ဘာနဲ့စစ်မလဲ မဂ္ဂင်ရှစ်ပါးနဲ့ စစ်ပါ။ ဒီတရားတွေဟာ ခန္ဓာကျင့်၊ ခန္ဓာအသိတရားတွေ။ ယူတတ်ရင် လိုက်နာတတ်ရင် သိပ်ထူးတာပေါ့။ ပစ္စည်းဥစ္စာဆိုတာ ပေးလို့ရတယ်။ အသိကိုတော့ ပေးလို့မရဘူး။ ယူတတ်မှရတယ်။ ဒီကဉာဏ်ရထားတော့ ဉာဏ်ရတဲ့သူဆီက အသိကို မိမိနှလုံးသားမှာ အသိဝင်သွားရင် ဉာဏ်မျိုးစေ့ရတာပဲ။ အဲဒါ ပဋိဝေဒခေါ်တယ်၊ ဉာဏ်ရမှ ပေးလို့ရတာ။"

## ဓမ္မစေတီ

ဆရာတော်ကြီး၏ ခန္ဓာကျင့်. ခန္ဓာသိ တရားတော်များဟောကြားခဲ့သော နေရာများမှာ-

မြောင်းမြရွှေသာလျောင်းဘုရား၊ ပုသိမ် ရွှေမုဋ္ဌောဘုရား၊ ရွှေမြင်တင်စေတီ၊ ဝါးခယ်မဓမ္မာရုံ၊ မန္တလေး

မဟာမြတ်မုနိဘုရားကြီး၊ ပဲခူး ရွှေမုဓောဘုရား၊ ပျဉ်းမနား ဈေးကုန်းစာသင်တိုက်၊ မိတ္ထီလာ ဖောင်တော်ဦးဘုရား၊ မုံရွာ ဆုတောင်းပြည့်ဘုရား၊ ပခုက္ကူ ဖောင်တော်ဦးဘုရား၊ ပြည်မြို့ ရွှေလက်လှ ဓမ္မာရုံ၊ရန်ကုန်မြို့တွင် ရွှေတိဂုံဘုရား၊ ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရား၊ မယ်လမုဘုရား၊ ကျိုက်ဝိုင်းဘုရား၊ ကမ္ဘာအေးဘုရား၊ ကျိုက္ကဆံဘုရား (သင်္ဃန်းကျွန်း)၊ ဇိနတ်မာန်အောင်ဘုရား(သာကေတ)၊ ကိုးထပ်ကြီးဘုရား(စမ်းချောင်း)၊ ကြေးသွန်းဘုရားကြီး၊ ရွှေဘုန်းပွင့်ဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ အောင်ဗောဓိ ဘုရား(တောင်ဒဂုံ)၊ မိုးကောင်းဘုရား၊ ရန်မျိုးအောင် ဘုရား (သင်္ဃန်းကျွန်း)၊ မဟာသင်္ကြန် ဘုရားကြီး(ဒလ)၊ သန်လျင်မင်းကျောင်းပထမပြန် စာသင်တိုက်၊ လှိုင်ဇေယျ ဝတီစာသင်တိုက်၊ ကျိုက္ကလဲ့မင်းကျောင်း စာသင်တိုက် (မင်္ဂလာဒုံ)၊ အင်းစိန်ဈေးကုန်းပဋ္ဌိယတ္တိစာသင်တိုက်၊ ရွှေပြည်သာ ပဋ္ဌိယတ္တိစာသင်တိုက်၊ ဘုရားဖြူစာသင်တိုက် (ပုဇွန်တောင်)၊ ကျောက်တန်းသာသနာ့ဗိမာန်တို့တွင် တရားပွဲပေါင်း ၇၀ ကျော်မြန်မာပြည်အနှံ့ ခန္ဓာသိတရား ဟောကြားခဲ့သည်။ တရားပွဲများတွင် ဒကာ၊ ဒကာမများ

လှူဒါန်းသော အလှူငွေစုစုပေါင်း ၇၄ သိန်းကျော်ကိုလည်း သက်ဆိုင်ရာဂေါပကနှင့်အဖွဲ့များသို့ ဆရာတော်ကြီးမှ ပြန်လည်လှူဒါန်းခဲ့သည်။

တရားပွဲများတွင် တရားနာပရိသတ်အပေါင်းမှ ဆရာတော်ကြီး၏ ခန္ဓာသိတရားတော်များကို နှစ်သက်ကြည်ညိုကြသည်။ တရားပွဲတစ်ပွဲလျှင် ပရိသတ်ထောင်ကျော်ရှိသည်။ လှူဒါန်းကြသည်မှာလည်း ကြိတ်ကြိတ်တိုးလှူဒါန်းကြသည်။ 'ဝတ္ထုငွေကြေးကိုယူတာမဟုတ်၊ စေတနာကိုယူသွားတာ။ စေတနာကလည်းမှန်ရမယ်။ ဝတ္ထုပစ္စည်းကလည်း စင်ကြယ်ရမယ်။ အလှူခံ ပုဂ္ဂိုလ်ကလည်း မှန်ရင်ဆုမတောင်းနဲ့ ခင်ဗျားတို့ မဂ်မျိုးစေ့ရပြီ။ စေတနာမှန်ဖို့လိုတယ်။ ပကာသန စေတနာ၊ ဘယာစေတနာလှူတာနဲ့ အဓိပတိစေတနာနဲ့ လှူတာမတူဘူး။ လှူတဲ့သူအပေါ် မူတည်တယ်။ ဘုရားလှူရင် ဘုရားမျိုးစေ့ရမယ်။ ရဟန္တာလှူရင် ရဟန္တာ မျိုးစေ့ရမယ်။ ကံလှူရင် ကံမျိုးစေ့ရမယ်။ ဉာဏ်သမားလှူရင် ဉာဏ်မျိုးစေ့ရမယ်။ လှူတတ်ဖို့လိုတယ်' ဟု ဟောကြားခဲ့သည်။

## ရုပ်ကလာဒ်တော် ပူဇော်နိုင်ရန်ပြင်ဆင်ထားရှိခြင်း

ဝိသုဒ္ဓိ မဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းဝန်း အတွင်းတွင် အောင်သစ္စာမဟာ မဂ္ဂင်ခါတ်ပေါင်းချုပ်စေတီတော် တည်ထားခဲ့သည်။ စေတီတော်၏ အသွင်သဏ္ဌာန်မှာ အောက်ခြေတွင် ဂန္ဓာကုဋီတိုက် ဖြစ်၍ အပေါ်တွင် စေတီတည်ထားသည်။ ဂန္ဓကုဋီတိုက်၏ အလယ်တွင် မှန်လုံခန်းထားရှိပြီး မှန်လုံခန်း၏ အလယ်တွင် ဝိသုဒ္ဓိဆရာတော်ကြီး ရုပ်ကလာပ်တော်ထားရန် ပလ္လင်တော် ပြုလုပ်ထားသည်။ ပလ္လင်၏ ဘေးတွင်လည်း ရုပ်ကလာပ်တော်ထည့်ရန် မှန်ခေါင်းကို တွေ့ရှိရသည်။ ဆရာတော်ကြီးနှင့် နှစ်ပေါင်းနှစ်ဆယ် ကျော် လက်တွဲ သာသနာပြုခဲ့သူ ဦးအုန်းမြင့်မှ ဆရာတော်ကြီး၏ ကြိုတင်မိန့်မှာထားချက်ကို ရှင်းလင်း ပြောပြသည်မှာ ဆရာတော်ကြီး ပျံလွန်တော် မူခဲ့ရင် အလောင်းကိုငှက်ပျောဖက်နှင့် ထုပ်၊ ယင်းလိပ်ပတ်၊ ကြိုးဖြင့် တင်းကြပ်စွာစည်း၊ တစ်နေပြပြီး အလောင်းကို မှန်ခေါင်းထဲသာ ထည့်ထားလိုက် ပေတော့။ ဦးပဥ္ဇင်းကြီး အလောင်းက ဆက်ပြီး သာသနာပြုသွားလိမ့်မယ်ဟု ကြိုတင်မိန့်မှာခဲ့ ကြောင်း ပြောပြသည်။

## ပြည်ပသာသနာပြု

တကာ တကာမများ၏ ပင့်လျှောက်ချက်အရ တရုတ်ပြည် ထိုင်ဝမ်သို့ ၁၉၉၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၆ ခုနှစ်တွင် ထိုင်ဝမ်သို့ ဒုတိယအကြိမ်၊ ၂၀၀၀ ပြည့်နှစ်တွင် ဟောင်ကောင် သို့ တစ်ကြိမ်၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ ထေရဝါဒ ဗုဒ္ဓဘာသာ ပြန့်ပွါးရေးအသင်း ပင့်လျှောက်ချက်အရ ဂျပန်နိုင်ငံသို့တစ်ကြိမ် ကြွရောက်၍ ပြည်ပသာသနာ ပြုခဲ့သည်။

## ဝိသုဒ္ဓိ မဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းမှာ သီတင်းသုံး ပါတယ်

ယခုအခါ ဆရာတော်မှာ သက်တော်(၇၆)နှစ် ဝါတော်(၂၂)ဝါ ရပြီးဖြစ်သည်။ ရောဝတီတိုင်း မြောင်းမြ ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းတွင် သီတင်းသုံးလျှက် ဝေနေယျ သတ္တဝါတို့အား မိမိကျင့်ကြံ ရရှိထားသော ခန္ဓာ ကျင့် ခန္ဓာသိတရားများကို နာမ်လောကတွင် ရောက်ရှိ နေကြသော ဆရာတော်ကြီး၏ ဝေနေယျ ဓါတ်၊ နတ်၊

သိုက် တို့အားလည်းကောင်း၊ လူ့ပြည်လူ့ရွာ ရောက်ရှိနေကြသော လူသားများအားလည်းကောင်း ဓမ္မတရားဖြင့် အေးချမ်းသော နိဗ္ဗာန်သို့ရောက်ရှိအောင် နည်းပေးလမ်းပြဆို ဆုံးမလျှက်ရှိနေပေသည်။

**ရောဝတီတိုင်း၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်**
**ကမ္မဋ္ဌာန်းကျောင်း**

# ဝိသုဒ္ဓိ ဆရာတော် ဦးပဏ္ဍိတ

**(မြောင်းမြဝါးကျောင်းဆရာတော်)**

## ဝိသုဒ္ဓိဆရာတော်တရားအနှစ်သာရများ

❋ စာမတတ်တဲ့အတွက် ပြောလိုက်တဲ့စကား မှားယွင်းသွားရင် ဆရာတော်ကြီးများ၊ ကိုရင်လေးကအစ သီလရှင်၊ ယောဂီများ၊ တရားနာပရိတ်သတ်အပေါင်း သည်းခံ ခွင့်ကြပါလို့ မေတ္တာရပ်ခံတောင်းပန်ပါတယ်။ ငယ်စဉ်တောင်ကျေးက မိဘက မူလတန်းမထားလို့ စာမတတ်တာပါ။ စာကို ပယ်တာ မဟုတ်ပါဘူး။ ကိုယ်

တတ်တဲ့ အသိလုပ်ပါတယ်။ သဘောလေး ပြောပြပါမယ်။

❋　စာမတတ်တဲ့အတွက် ဝိပဿနာ ခန္ဓာအသိနဲ့ ဟော ပါတယ်။

❋　စာတွေကမှန်ပါတယ်ဗျာ။ ကိုယ့်စိတ်မှန်ဘို့ လိုတယ်။

❋　ဦးပဏ္ဍိတ ဘာမှစာမတတ်ပါဘူး။ အသိထုတ်ပြလို့တော့ မရဘူး။ သဘောလေးနဲ့ သာနာ။ စာနဲ့ ခန္ဓာနဲ့ တစ်ထပ်တည်းဟောပေးမယ်။

❋　သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတရားတွေရှိလို့ ဒီအကျင့်ကို ကျင့်နိုင်တာပါ။

❋　ဦးပဏ္ဍိတဟောသွားတဲ့အသိ မယုံနဲ့ဦး။ လေ့လာပါ။ စုံစမ်းပါ။ မေးမြန်းပါ။ သုံးသပ်ပါ။လုပ် ကြည့်ပါ။ လုပ်မှသိမယ်။ သိမှပယ်မယ်။ ပယ်မှမဂ် ဆိုက်မယ်၊ ဖိုလ်ဆိုက်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား လို့ စာကရေးထားပါတယ်။

❋　အသိကို ဟောသွားတာပါ။ တစ်ဦးနဲ့တစ်ဦး အသိမတူဘူး။ လင်မယားတောင် အသိမတူဘူး။ အသိချင်းမတူတော့စေတနာချင်းမတူဘူး။ စေတနာချင်း

မတူတော့ ကံချင်းမတူဘူး။ ကံချင်းမတူတော့ ဘုံချင်း မတူဘူး။

❋ တရားအသိကို ယူကြ၊ သည်းခံကြ၊ စေတနာ မပျက်ကြနဲ့၊ သမ္မာလေးနဲ့ နေကြ၊ ဘယ်သူပြောပြော သည်းခံ၊ မြေကြီးလိုနေ။

❋ ညောင်စေ့လောက်လှူရင်လည်း ညောင်ပင်ကြီး လောက် ဖြစ်တယ်။ ညောင်ပင်ကြီးလောက်လှူရင်လည်း ညောင်စေ့လောက်ဖြစ်တယ်။ ပကာသနစေတနာ၊ ဘယာစေတနာ၊ အဓိပတိ စေတနာတွေရှိတယ်။ လှူတတ် သူပေါ် မူတည်တယ်။

❋ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူကို ကြင်နာပါ။ ကိုယ်အောက်ကလူကို သနားပါ။ ဗြဟ္မစိုရ် တရားထားပါ။ သံဝေဂတရားထားပါ။ကိုယ်ကျင့်တရား ထားပါ။ ကိုယ့်ကိုကိုယ် ရာဇမာန်၊ နေမာန်၊ ပစ္စည်းမာန်၊ စာမာန်၊ ငါမာန်တွေ မစွဲနဲ့။

❋ ပညတ်ကို မပယ်ပါဘူး။ ဒါပေမယ့် မစွဲနဲ့။

❋ မစွဲနဲ့။ စွဲရင်ကံဖြစ်မယ်။ အစွဲကိုသတ်။ မစွဲတော့ အေးတယ်။

❋ အပေါင်းသင်းကောင်းလို့ တက်တတ်တယ်။ အပေါင်းအသင်းမကောင်းလို့ ပျက်တတ်တယ်။ အပေါင်းအသင်းကြည့်ပေါင်းရတယ်။

❋ မှော်တွေရှိတဲ့ရေကန်ထဲ ခဲတစ်လုံးပစ်ချလိုက်တော့ ရေကြည်လေးတော့ တွေ့ပါရဲ့၊ တော်ကြာ မှော်က မြန်အုပ်သွားသလိုဘဲ အခု ခင်ဗျားတို့လည်းတရားနာပြီး အိမ်ပြန်ရောက်တော့ အာရုံခြောက်ပါး မှော်တွေက ပြန်အုပ်သွားတာပါဘဲ။ ခြင်းကြားနဲ့ ရေယူသလို မဖြစ်စေနဲ့။

❋ အားကိုးမမှားကြနဲ့။ ကိုယ့်ကိုယ်ကို အားကိုးကြ။ ဒါန၊ သီလ မကျေနပ်ကြနဲ့။ ဝိပဿနာ အားထုတ်ကြ။

❋ ရခဲတဲ့လူ့ဘဝ ရလာကြပြီ။ ဘုရားသာသနာကြီးနဲ့လည်းကြုံရပြီ။ သူတော်ကောင်းတရားကိုလည်း နာကြားကြရပြီ။ အဲဒီတော့ အယူမှား၊ အမှတ်မှား၊ အစွဲမှားတွေ မဖြစ်ကြအောင် တရားအားထုတ်ကြ။ အမှောင်ကလာရင် အလင်းပြန်ကြ။မိရိုးဖလာအသိတွေနဲ့ မနေကြနဲ့။

❋ အစွဲဉပဒါန်ကို ဒါနနဲ့ လည်းသတ်လို့မရဘူး။ သီလနဲ့လည်းသတ်လို့မရဘူး။ ဝိပဿနာ မဂ်ဉာဏ်နဲ့မှ

သတ်လို့ရတယ်။ အဲဒီတော့ ဝိပဿနာအားထုတ်ကြ။ ဘယ်နေ့ သေမယ်ဆိုတာ မသိနိုင်ဘူး။ မသေခင် ဉာဏ်ရအောင် အားထုတ်ကြ။

❋ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးမှာ ဘယ်ကံက သံသရာလည်သလဲ၊ မနောကံက စ,လို့လည်တယ်။ မနောကံသတ်ရင် ကာယကံဝစီကံပါလုံ တယ်။

❋ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတွေကို သမ္မာလေးနဲ့သုံးသွား။ သမ္မာဆိုတာ ဩော် . . အေး . . အေး၊ ဩော် . . အေး . . အေး သည်းခံထား၊ စေတနာထား၊ ဘယ်သူပျက်ပျက် မင်းစေတနာ မပျက်နဲ့၊ ဘုရားက စေတနာကို ဟောတာ၊ စိတ်ကိုဟောတာ၊ မနောစင်ကြယ်အောင်နေ။

❋ ခင်ဗျား စိတ်ကလေးက မိစ္ဆာအယူကိုပယ်။ သမ္မာအယူကိုယူထားတော့ ကာယ သင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတွေ ငြိမ်ဝပ်ပိပြားပြီး အဓိစိတ္တဖြစ် လာလိမ့်မယ်။

❋ ကောဓ၊ မမွှာ ဘယ်ကလာသလဲ၊ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။

ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဘယ်သီလလဲ။ ပညတ်သီလနဲ့ ပရမတ်သီလမှာ ချုပ်တယ်။ ပညတ်သီလဟာ အပြင်သီလ၊ အကာခေါ်တယ်၊ ကာယကံနဲ့ ဝစီကံဖြစ်တယ်။ ပရမတ်သီလဟာ အတွင်းသီလ၊ အနှစ်ခေါ်တယ်။ မနောကံဖြစ်တယ်။

❋ ကိုယ်ပြုလုပ်လိုက်တဲ့ကံကဘာလဲ၊ သူ့အသက်သတ်တယ်။ သူ့ဥစ္စာခိုးတယ်။ မုသားစကားပြောတယ်။ စ,တာတွေက ကာယကံ၊ ဝစီကံတွေဖြစ်တယ်။ ကိုယ်မပြုလုပ်လိုက်တဲ့ကံက ဘာလဲ။ သားလေးတစ်ခုခုဖြစ်တယ်။ အမေက ပူတာပဲ။ စွဲလို့ ပူတာ။ မနောကံကြောင့်ဖြစ်တယ်။ ဒီအပူကို ကိုယ်ယူထားတဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလနဲ့ ဖြတ်လို့မရဘူး။ ဂုဏ်တော်တွေနဲ့လည်း ဖြတ်လို့မရဘူး။ မဂ်ဉာဏ်နဲ့မှ ပြတ်တာ။

❋ တရားထိုင်နေတဲ့အချိန် ကာယ၊ ဝစီ လုံနေပြီ။ မနောကိုသတ်၊ ဝင်သွားတဲ့လေ၊ ထွက်သွားတဲ့လေကို သတိလေးကပ်ပြီး မှတ်ရတယ်။ ထိ-သိ-သတိ။ သတိလေးကပ်ထား။ သိ-သိ-သိလို့မှတ်နေ၊ ဆိုလဲ မနေရဘူး၊ ထိတာကရုပ်၊ သိတာကနာမ်။ ထိတာလဲ

မမြဲဘူး။ သိတာလဲ မမြဲဘူး။ အဲဒါ အနတ္တ။

❋ သညာကို ပညာဖြစ်အောင်လုပ်၊ အတ္တကို အနတ္တ ဖြစ်အောင်လုပ်၊ ကံကိုဉာဏ်ဖြစ်အောင်လုပ်၊ ပညတ်ကို ပရမတ်ဖြစ်အောင်လုပ်၊ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်လုပ်၊ ကံတရား၊ ဈာန်တရားကို ဉာဏ်တရားဖြစ်အောင်လုပ်၊ သီလ၊ သမာဓိ ကနေ ပညာ ဖြစ်အောင်လုပ်၊ အနိစ္စ၊ ဒုက္ခကနေ အနတ္တ မြင်အောင်ကြည့်။

❋ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အပြင် စင်ကြယ်အောင် သမ္မာလေးနဲ့နေ။ စေတနာထား၊ အပြင်သီလမှန်မှ အတွင်းသမ္မာဓိ ငြိမ်ဝပ်ပိပြား လာလိမ့်မယ်။

❋ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာမှာ မြင်အောင်ကြည့် တတ်ဖို့ လိုတယ်။

❋ ပညတ်ကို သညာနဲ့ကြည့်ရင် ကံဖြစ်တယ်။ ပညတ်ကို ပညာနဲ့ကြည့်မှ ဉာဏ်ဖြစ်မယ်။

❋ ကိုယ့်စိတ်ကိုကိုယ်စစ်၊ သူများစိတ်သွားမစစ်နဲ့၊ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ ကိုယ့်စိတ်ကို

မဂ္ဂင်ရှစ်ပါး နဲ့စစ်ပါ။

❋ ရှေ့လည်းမမျှော်နဲ့၊ နောက်လည်းမတွေးနဲ့၊ ပစ္စုပ္ပန် တည့်တည့်ကြည့်။

❋ ပယ်တာမှန်ဘို့လိုတယ်။ ကျင့်တာမှန်ဘို့လိုတယ်။ သိတာမှန်ဘို့လိုတယ်။ ပယ်ရမဲ့တရား၊ ကျင့်ရမဲ့တရား သိရမဲ့တရားတွေရှိတယ်။ ပယ်ရမဲ့တရားက ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ကျင့်ရမဲ့တရားက မဂ္ဂင် (၈)ပါး၊ သိရမဲ့တရားက ကိလေသာဘဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ် ခေါ်တယ်။

❋ ကံတရားရှိတယ်၊ စျာန်တရားရှိတယ်၊ ဉာဏ်တ ရားရှိတယ်၊ မြုပ်တရားရှိတယ်၊ မျောတရားရှိတယ်၊ ပေါ်တရားရှိတယ်၊ ကိုယ့်အပေါ်မူတည်တယ်။

❋ စိတ်၊ စေတသိက်၊ ရုပ်၊ အဲဒီ (၃) ချက်လွတ်ရင် နိဗ္ဗာန်ပဲပေါ့။

❋ သမုတိသစ္စာကနေ ဝိရတိသစ္စာ၊ ဝိရတ သစ္စာ ကနေ သဘာဝသစ္စာ၊ သဘာဝသစ္စာကနေ ပရမတ္ထသစ္စာ၊ ပရမတ္ထသစ္စာကနေ အရိယာသစ္စာရအောင်လုပ်။

❋ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ အဲဒီ (၃) ခု

အဆီညှစ်ထုတ်တော့ ဧကော ဓမ္မောဖြစ်တယ်။

❋ ဇာတိ မသိတော့ ဇရာ မရဏကို မကြောက်တော့ဘူး၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတွေရှိတယ်။ ဒါတွေက မွေးကတည်းက ဖြစ်လာတဲ့ ဇာတိစိတ်တွေပဲ။ ဒါတွေကို သိအောင်လုပ်ရမယ်၊ သိမှ ဇရာမရဏ ကြောက်မယ်။ သဘောပေါက်မယ်။ ဒီအသိရအောင် တရားထိုင်ကြ။

❋ အရိယာသစ္စာဆိုတာ အာရုံနောက် မနောမလိုက်ဘူးပေါ့။ အာရုံပြတ်သွားပြီ။ အာရုံတွေနောက် ဒိဋ္ဌိသတ်တော့ အာရုံသိပြီပေါ့။ တဏှာသိပြီပေါ့။ သွေးသားလဲပြောင်းတယ်။ စိတ်လည်းပြောင်းတယ်။ သွေးသားဟာဘာသွေးသားလည်း။ ကိလေသာ သွေးသားတွေပေါ့ကွာ။ ဒီအာရုံကိုလည်း ငါသိပြီ။ ထုတ်မပြတတ်ဘူး။ သဘောလေးနဲ့ သာနာကြ ပေတော့။

❋ အာရုံတွေကို သညာနဲ့ ယူထားတဲ့အတွက် အမှတ်မှားတယ်။ အယူမှားတယ်။ အစွဲမှားတယ်။ အဲဒါကို ဒိဋ္ဌိလို့ခေါ်တယ်။

❋ အာရုံတွေနောက်လိုက်လို့ လောဘ၊ ဒေါသ၊

မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေဖြစ်နေကြတယ်။

❋ ရုပ်နာမ် မသိတော့ အာရုံမထိန်းနိုင်ဘူး။

❋ အာရုံနဲ့ သညာပေါင်းတော့ သင်္ခါရဖြစ်သွားတယ်။ စွဲလန်းရင် ဥပဒါန်ဖြစ်တယ်။ ဥပါဒါန်ဖြစ်ရင် ကံဖြစ်တယ်။ ကံကြောင့် ဒုက္ခဖြစ်တယ်။ ကံကြောင့် သံသရာလည်တယ်။

❋ အာရုံပယ်မှ ဥပါဒါန်လွတ်မယ်။ ဥပါဒါန်လွတ်မှ ကံပြတ်မယ်။ ဥပါဒါန် လွတ်တာ အာသဝက္ခယဉာဏ်ဘဲ။ ဒီဉာဏ်ရမှ သံသရာပြတ်မယ်။

❋ စေတသိက်သတ်တော့ မမြင်ချင်တော့ဘူး။ မကြားချင်တော့ဘူး။ မသိချင်တော့ဘူး။ မထိချင်တော့ဘူး။ အာရုံငါးပါးပယ်ပြီ။

❋ အပြင်အာရုံနဲ့ အတွင်းအာရုံ (မနော) ပေါင်းလိုက်တော့ တဏှာဖြစ်သွားတယ်။ ဝတ္ထုကာမနဲ့ ငါ့မှာရှိတာက ကိလေသာကာမ၊ ယှဉ်တွဲသုံးဆောင်မိပါက၊ အများကြိုက်၏၊ ကိုယ်လည်းကြိုက်၏၊ အရိယာ မကြိုက်ဘူး။

❋ အပြင်သီလ(ကာယကံ၊ ဝစီကံ)၊ အာရုံကို ဉာဏ်နဲ့ ချုပ်ထားလိုက်တော့။ အတွင်းသီလ (မနောကံ) ကဝပ်နေ

ပြီ။ အပြင်သီလ(ကာယကံ၊ ဝစီကံ) လှုပ်စရာ မရှိတော့ဘူး။ အတွင်းဉာဏ်ဖြစ်တော့ အပြင်သီလချုပ်တာပေါ့။

❄ နေတတ်ဘို့လိုတယ်၊ စားတတ်ဘို့လိုတယ်၊ သွားတတ်ဘို့လိုတယ်၊ သေတတ်ဘို့လိုတယ်။

❄ ရုပ်ကအကျိုး၊ ရုပ်အကျိုးတရားမှာ အကြောင်းတရားနာမ်က ခံစားရတယ်။ ရုပ်အကျိုး၊ နာမ်အကြောင်း၊ အကျိုးပေါ်မှာ အကြောင်းဖြစ်တယ်။

❄ သံသရာဘယ်ကစသလဲ၊ ခန္ဓာကစတယ်။ သံသရာဘယ်ကပြတ်သလဲ၊ ခန္ဓာကပြတ်တယ်။ သံသရာပြတ်အောင် မဂ္ဂင် (၈) ပါးနဲ့ သွားကြရမယ်။

❄ ဘုရားဆုပန်ရင် ဘုရားဖြစ်အောင်ကြိုးစား၊ ကြိုးစားရင်ရမှာဘဲ။ သူများတစ်တောင်ကျင့်ရင် ကိုယ်က နှစ်တောင်ကျင့်၊ ကိုယ်လုပ်ကိုယ်ရမယ်။

❄ သညာနဲ့မယူနဲ့၊ ပညာနဲ့ယူ၊ အတ္တနဲ့ နှလုံးမသွင်းနဲ့၊ အနတ္တနဲ့ နှလုံးသွင်း။

❄ ရုပ်ဆင်းရဲရင် ဆင်းရဲပါစေ။ စိတ်မဆင်းရဲပါစေနဲ့။

❄ မဂ္ဂင်(၈)ပါးနဲ့သွား၊ လမ်းဆုံးတော့ ရွာတွေ့လိမ့်မယ်။

❈ ရုပ်နာမ်သိချင်ရင် ဝိပဿနာကျင့်ကြ။

❈ ရုပ်နာမ် မသိတာက အဝိဇ္ဇာ၊ ရုပ်နာမ် သိတာက ဝိဇ္ဇာ။

❈ အသိတလုံးအမြတ်ဆုံး။ မရှိတာရှာလို့ရတယ်။ မသိတာ အခက်ဆုံးဘဲ။

❈ ရုပ်ကအနတ္တ၊ ကိုယ့်စိတ်က အတ္တတွေဖြစ်နေတယ်။

❈ ဓမ္မအစစ်ဖြစ်မှ ဓမ္မစေတီခေါ်တယ်။

❈ ခန္ဓာက တကယ်သိလို့ လာဟောတာ။

❈ ပညတ်သီလ၊ ပရမတ်သီလ နှစ်ခုချုပ်မှ ရုပ်နာမ်ချုပ်မယ်။ အဲဒီကျမှ စိတ်ကလေးဟာ စင်ကြယ်ပြီးလွတ်မြောက်သွားပြီ။

❈ ဟိုဘက်ကမ်းကအင်မတန်အေးတယ်။ ဒါပေမယ့် ဒီရုပ်ခန္ဓာကြီးရှိတော့ ဒီဘက်ကမ်းပြန်လာရသေးတယ်။

❈ ခန္ဓာကိုယ်ကျင့်ပြီးသိလို့၊ ခန္ဓာသိတရားလာ ဟောတာ။

# စိစဉ်ပူဇော်သူ၏ မိတ်ဆက်

ကျွန်တော်သည် လွန်ခဲ့သော (၁၂) နှစ် (၁၉၉၂) ခုနှစ်ခန့်က ဧရာဝတီတိုင်းသို့ ခရီးသွားရန် အကြောင်း ပေါ်ခဲ့ပါသည်။ အညာသားဖြစ်၍ ဧရာဝတီတိုင်းသို့ တစ်ခေါက်မျှ မရောက်ဘူးသေးပေ။ နေရာသစ်တစ်ခု ရောက်တိုင်း ဘုရားဖူးသည်။ ဝိပဿနာ ဘာဝနာပွား များ ကျင့်ကြံသော ဆရာတော်ကြီးများကို စုံစမ်းမေးမြန်း ၍ သွားရောက်ဖူးမြော်သည်။ ဆရာတော်ကြီးများ ဟောကြားသော အသိကို နာယူသည်။ မိမိ သဘောကျ လျှင် မကြာခဏသွား ရောက် တရားအသိနာယူသည်။

ထို့ကြောင့် ဧရာဝတီ တိုင်းသား ကိုအောင်ထိုက် (ကိုစိန်ချွန်)ကို စုံစမ်းမေးမြန်း ကြည့်မိသည် ခင်ဗျားတို့ ဧရာဝတီတိုင်းမှာ ဝိပဿနာကျင့် ကြံအားထုတ်တဲ့ ဆရာတော်ကြီးတွေရှိလားဟု မေးမြန်းတော့ ပုသိမ်မှာ ဦးဥာဏ်ဏော ဆိုတာရှိတယ်။ ဝိပဿနာတရားတော့ သိပ်မဟောဘူး၊ ကျွန်တော်တို့ မြောင်းမြမှာတော့ ဘုန်းကြီးဦးမြမောင်ဆိုတာရှိတယ် အသက်ကြီးမှ တရားအားထုတ်ပြီး ဝိပဿနာတရား ဟောတယ်။ စွန်းလွန်းဆရာတော်၊ သဲအင်းဂူ ဆရာတော်ကြီးတွေလိုပဲ စာမတတ်ဘူး။ ဝိပဿနာကျင့် ပြီး သူကျင့်ပြီးသိထားတဲ့ ခန္ဓာကျင့်၊ ခန္ဓာသိတရား ဟောတယ်၊ ကျွန်တော် သဘောကျသွားသည်။ ကျွန်တော်လိုချင်တာကလဲ တကယ်ကျင့်ကြံအားထုတ်ပြီး ရရှိထားတဲ့ ခန္ဓာသိတရား နာချင်တာ အခုတော့ ရေကန်အသင့် ကြာအသင့် အဆင်သင့်လိုက်တာ၊ ထို့ကြောင့် ကိုအောင်ထိုက် အား ခင်ဗျားစာရေးပေးဗျာ ကျွန်တော် မြောင်းမြဝင်ပြီး ဆရာတော်ကြီး သွားဖူးမယ် ကိုအောင်ထိုက် က မြောင်းမြသူ့အမေအိမ်ကို စာရေးပေး လိုက်သည်။

နောက်တစ်ပတ်လောက်ကြာတော့ မြောင်းမြ ရောက်သည်။ ကိုအောင်ထိုက်အိမ်ရောက်တော့ သူ့မိသားစုနှင့်တွေ့သည်။ သူညီ ကိုမျိုးချွန်က ဆရာတော် ကျောင်းစက်ဘီးနဲ့ လိုက်ပို့သည်။ည (၇)နာရီ ကျော်မှ ကျောင်းရောက်သည်။ ဆရာတော်ကြီးကို စတင်ဖူးမြော် ရသည်။ အရပ်ရှည်ရှည်၊ အသားညိုညို ပိန်ပိန်ပါးပါး သက်တော် (၆၀) ကျော်ခန့် ရှိပြီးဖြစ်သည်။ ဆရာတော်ကြီး အားဦးချသည် လှူဖွယ်ပစ္စည်းများကို လှူဒါန်းသည်။ ဆရာတော်ကြီးမှာ မိမိအား တစ်ခွန်း တစ်ပါဒမျှ မေးမြန်း ခြင်းမပြုဘဲ ရှေ့တွင်ချထားသော ကက်ဆက်ကို စဖွင့်သည်။ သြော်ဆရာတော်က တရားနာ စေချင်လို့ဘဲ ဟု အောင့်မေ့ကာ တရားနာခဲ့သည်။

၎င်းကက်ဆက်ခွေမှာ မြောင်းမြမြို့တွင် လွန်ခဲ့ သော (၁၃)နှစ် ၂၇/၂၈ - ၁၀ - ၉၁ ရက်နေ့တွင် ရွှေသာလျောင်းဘုရားကြီး တရားပွဲတွင် ဟောကြား ခဲ့သော ခန္ဓာသိ၊ ခန္ဓာကျင့် တရားကက်ဆက်ခွေပင် ဖြစ်သည်။ ကက်ဆက်ခွေနာကြားအပြီးတွင် မိမိ၏ နှလုံးသားတွင် သြော်ဆရာတော်ကြီးဟာ စာမတတ် ပေမ

တတ်သော်လည်း ဆရာတော်ကြီးဟောတဲ့ တရားတွေဟာ တကယ့်ခန္ဓာကျင့်၊ ခန္ဓာသိတရားစစ် တရားမှန်တွေဘဲ ငါလိုက်ရှာနေတာလဲ ဒီတရားတွေရှာနေ တာ ခုငါတွေ့ပြီဟု နှလုံးသားထဲတွင် စိမ့်ဝင်သွားအောင် ခံစားခဲ့ရသည်။ ကြည်ညိုမိသည်။ ဆရာတော်ကြီး၏ နှလုံးသားထဲက ဓမ္မစေတီကိုဖူးတွေ့ရသည်။ နှလုံးသားပီတိ ဂွမ်းဆီထိသကဲ့သို့ ခံစားခဲ့ရသည်။ သံသရာအတွက် အားကိုးရာ ရှာခဲ့ရာ ယခုတွေ့ပြီ။ ဖက်တွယ်ထားမိသည်။

နောက်နှစ်အတန်ကြာမှ သဘောပေါက်ခဲ့ရသည်မှာ ဆရာတော်ကြီးသည် ကျွန်တော်ရောက်မည်ဆိုတာလဲ ကြိုတင်သိနေသည် မိမိမှာ ဝိပဿနာ တရားဓမ္မကိုသာ သဘောကြ၍ ဓါတ်၊ သိုက်၊ နတ် စိတ်ဝင်စားမှု မရှိကြောင်း ခန္ဓာသိ တရားကို အရင်တွေ့မှ ဒီကျောင်းကို နောက်ရောက်မည်ဆိုတာ ကြိုတင်သိသည်။ ထို့ကြောင့် မိမိရောက်မည့် ညမတိုင်မှီ နေ့လည်ကတည်းကပင် ဆရာတော်ကြီးမှ ကက်ဆက်၊ ဘတ္တရီနဲ့ ရွှေသာလျှောင်း ဘုရား မြောင်းမြတွင် (၂) ညဟောကြားခဲ့သော ဝိပဿနာ တရားခွေ (၂) ခွေယူထားဟု ကြိုတင်မှာကြား

ထားရှိပြီး တစ်နေကုန်မဖွင့်။ မိမိရောက်မှ ကက်ဆက်ခွေ စတင်ဖွင့်ပြသည်။

မြောင်းမြမြို့ ရွှေသာလျောင်းဘုရားတွင် ၁၉၉၁ ခုနှစ်က ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတ ဟောကြားခဲ့သော ခန္ဓာကျင့်၊ ခန္ဓာသိတရားတော်အား ကျွန်တော် နာကြားခဲ့ရသလို နာကြားစေလိုသော စေတနာဖြင့်ရင်း ကျွန်တော်နှလုံးသားဖြင့် ဖူးတွေ့ခဲ့ရသော ဓမ္မစေတီကို ဓမ္မမိတ်ဆွေများ ဖူးတွေ့မြင်နိုင်ပါစေဟူသော စေတနာဖြင့်ရင်း ကက်ဆက်ခွေမှ ကူးယူ ဖော်ပြဓမ္မဒါန ပြုအပ်ပါသည်။

**စီစဉ်ပူဇော်သူ**

**ဗိုလ်မှူးသန်းမြင့်အောင်**

**၂၈-၂-၂၀၀၅**

# စာရေးသူ၏ စေတနာ

ကျွန်တော်သည် ပထမဦးဆုံးအနေဖြင့် ဆရာတော်ကြီး ၃. ၄. ၂၀၀၀ ရက်နေ့ ရွှေတိဂုံဘုရား တောင်ဘက်မုခ် သစ်လုပ်ငန်း ဓမ္မာရုံတွင် ဟောကြားတော်မူခဲ့သော တရားတော်အား 'သမုတိသစ္စာ မှန်အောင်နေ၊ အရိယာ သစ္စာရောက်အောင်လုပ်' တရားစာအုပ် စီစဉ်ပူဇော်ခဲ့ပါသည်။

ဒုတိယ အနေဖြင့် ၂၀၀၁ ခုနှစ် ဇန်နဝါရီလ (၅၊ ၆၊ ၇) ရက်နေ့များတွင် ရန်ကုန်မြို့ ကမ္ဘာအေး စေတီတော် ရင်ပြင်တွင်ဟောကြားတော်မူခဲ့သော ခန္ဓာကိုယ်တွေ့ တရားစာအုပ်အဖြစ် စီစဉ်ပူဇော်ခဲ့ပါသည်။

ယခု ဝိသုဒ္ဓိ ဆရာတော်ကြီး၏ တရားတော်အား ပထမဆုံး နာကြားခဲ့ရပြီး မိမိ နှစ်ခြိုက်သဘောကျ ကြည်ညိုစိတ်ဖြစ်ခဲ့ရသော ၂၇/၂၈ - ၁၀ - ၉၁ ရက်နေ့က မြောင်းမြရွှေသာလျောင်းဘုရားတွင် ဟောကြားတော်မူသော တရားတော်အား တတိယမြောက် တရားစာအုပ်အဖြစ် စီစဉ်ပူဇော်ခဲ့ပါသည်။

၎င်းအပြင် နေလဂျာနယ် အမှတ် (၄၈) မှစတင် ဖော်ပြခဲ့သော 'ဝိသုဒ္ဓိ ဆရာတော်နှင့် အောင်သစ္စာ မဟာ ဓါတ်ပေါင်းချုပ်သာသနာ' ဆရာတော်ကြီး၏ သာသနာ့ အကြောင်းများကိုလည်း ရေးသားဖော်ပြခဲ့ပါသည်။

အထက်ပါဖော်ပြခဲ့သော ဝိသုဒ္ဓိ ဆရာတော်ကြီး ၏ တရားဓမ္မ၊ သာသနာ အကြောင်းအရာ အားလုံး တို့အား သာသနာ အကျိုးဆောင်မှန်သမျှ တစ်လုံး တစ်ပါဒ တစ်ပုဒ်မျှဖြစ်စေ ထပ်မံကူးယူဖော်ပြ ဓမ္မဒါန

ပြုမည် ဆိုပါက မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း စေတနာကောင်းဖြင့် ဖော်ပြ လိုက်ရပါသည်။

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၅)

---

# ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ(၂၇)ရက်တွင် မြောင်းမြမြို့ရွှေသာလျောင်းဘုရားတွင် ဟောကြားတော်မူခဲ့သော ခန္ဓာကျင့်ခန္ဓာသိတရားတော်

## ကိုယ်စိတ်ကိုယ်စစ်

ဦးဇင်းက မြန်မာစာမတတ်ပါဘူးဗျာ၊ စာမတတ်တော့ ပရိယတ္တိဝိနည်းတွေဘာမှ မသိပါဘူး။ ဦးဇင်းက တောထွက်ကြီး၊ ဝါက ၃-ဝါ ထဲရှိပါတယ်။ လူနာမည်က မြမောင်၊ သူလည်းမသိတော့ မှားတာပေါ့ဗျာ။ အဲဒီတော့ ဒီအမှားတွေက မြန်မာလိုပြောမယ်ဆိုရင် လောဘတွေ ဒေါသတွေ၊ မောဟတွေ၊ တဏှာတွေ၊ မာနတွေ၊ ဒိဋ္ဌိတွေ

လို့ စာရေးထားပါတယ်ဗျာ။ လောဘဘာကြောင့်ဖြစ်ရလဲ၊ ဒေါသဘာကြောင့် ဖြစ်ရတာလဲ၊ အဲဒီတော့ လောဘ၊ ဒေါသ ကိုယ့်နှလုံးသားမှာရှိရင် သိလပျက်တယ်။ ကိုယ့်စိတ်ကို ကိုယ်စစ်ပါ။ ဘယ်သူ့စိတ်ကိုမှ မစစ်နဲ့၊ မိမိစိတ်ကို မိမိစစ်ရမယ်။ မိမိစိတ်ကို ဘာစစ်ရမလဲ၊ ‘ငါဟာ အတ္တတရားလား၊ အနတ္တတရားလား” အဲဒါလေးကို စစ်ပါဗျာ။ အတ္တဆိုတာကတော့ ခုနက ရေးထားတဲ့ ဘုရားကဟောထားတဲ့ တရားက ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝလို့ ဒါဘုရားဟောထားတဲ့ တရားကို ဆရာတော်များက အဲဒါရေးထားတာပါဗျာ။

## ကာယကံ၊ ဝစီစီကံ၊ မနောကံ

အခုဘဝမှာ ဦးဇင်းတို့ ဒကာ၊ ဒကာမတွေ မနုဿတ္တံဘာဝေါ ဒုလ္လဘော၊ ခဲယဉ်းတာကို ရထားတာပါ။ သိဖို့က အင်မတန်မှ အရေးကြီးပါတယ်။ မနောအသိလေးပါ၊ အဲဒီတော့ ကာမာသဝဆိုတာ ဘာလဲ တွေးကြည့်ပေါ့ဗျာ။ ဦးဇင်းတို့မှာရှိတာက ကာယကံမှု၊

ဝဇီကံမှု၊ မနောကံမှုတဲ့၊ ဒါစာပေနဲ့ ရေးထားတာပါ။ ဦးဇင်းက စာမတတ်တော့ အသိလေးနဲ့ ဟောပါမယ်ဗျာ။ ကာယကံ သုံးပါးတဲ့ ဝစီကံလေးပါးတဲ့ မနောကံ သုံးပါးတဲ့။ အဲဒီဟာပေါင်းလိုက်တဲ့အခါကျတော့ ကံဆယ်ပါးရပါတယ်ဗျာ။ အဲဒီလို ကံဆယ်ပါးတွေဟာ မနောကံလို့ ဆိုထားပါတယ်။ ဘုရားက ခုနကဟောထားတဲ့ ကာမာ သဝဆိုတာ ဟောဒီ ပစ္စုပ္ပန်တည့်တည့်မှာ မြင်တယ်။ ကြားတယ်။ နံတယ်၊ စားတယ်၊ ထိတယ်၊ သိတယ်၊ အဲဒါမနောအသိပေါ့ဗျာ။ အဲဒီလို ကံဟာ ဘာကြောင့် ဖြစ်ရလဲဆိုတာ စဉ်းစားကြည့်ပေါ့ဗျာ။ ဦးဇင်းက စာမတတ်ဘူးနော်၊ သဘောလေးပေါ့ ဗျာ။ ဦးဇင်းရဲ့ အသိကို ပြန်ပြီးတော့ ပြောပြပါတယ်။ ရှင်းပြပါတယ်။ စာမတတ်တော့ မှားယွင်းရင် ဆရာတော် ကြီးတွေ၊ ဒကာကြီးတွေ၊ ဒကာမကြီးတွေ အားလုံး၊ ဒကာမလေးတွေ၊ ဒကာလေးတွေက ခွင့်လွှတ်ပါ။

## စွဲရင်ကံ

အဲဒီတော့ မြန်မာစာက တန်းကျောင်းနှစ်တန်းပဲ တတ်တယ်။ သူလဲ အစက မကောင်းပါဘူး။ လူမိုက်ပါ။ ဦးမြမောင်က ငယ်စဉ်တောင်ကျေးကတည်းက စာပေ ကျမ်းဂန်မတတ်တော့ သူ့အသိနဲ့ သူလျှောက်လုပ်တာပဲ သူထင်ရာတွေစိုင်းတယ်။ လူကြီးမှန်းလဲ မသိဘူး၊ လူငယ် လဲမသနားဘူး။ အရက်သောက်လိုက်၊ ဖဲရိုက်လိုက်၊ မကောင်းတာလျှောက်လုပ်ပါတယ်။ ဒါတွေဟာ သူစွဲလို့ လုပ်တာပေါ့ဗျာ။ စွဲတယ်ဆိုတာ မြန်မာလို အာရုံပေါ်မှာ မနော ဘဝင်စိတ်လေးကပါ ပါသွားတာ၊ အဲဒါစွဲတာ၊ အဲဒီတော့ ဘုရားကကံလို့ ဟောထားတယ်။ အဝိဇ္ဇာ ကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့်ဘဝ၊ ဒီဘဝ သိပ်နစ်နာမှာစိုးလို့ ပါဗျာ။

## မသိတာ အဝိဇ္ဇာ၊ စွဲလန်းတာက တဏှာ

ဦးဇင်းက လူမိုက်နော်၊ အခုအသိတရားလေးရမှ ရဟန်းဘောင်မှာရောက်လာတာပါ။ အစကတော့ လူ့ဘဝမှာ လူဆိုးပါ၊ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ အဲဒါမကောင်းတဲ့တရား၊ မကောင်းတဲ့အယူဝါဒတွေ သူယူထားပါတယ်။ လူမသိပါဘူးဗျာ။ အဲဒီတော့ ဖဲဒိုင်ခံတယ်၊ ဖဲချတယ်၊ ကိုယ်လုပ်တာကျတော့ မဟုတ်ဘူး။ အဲဒီတော့ ရဲအရာရှိကလာဖမ်းတယ်။ လာဖမ်းတော့ စိတ်ဆိုးတယ်။ ကိုယ့်အပြစ်ကို ကိုယ်မကြည့်ဘူး။ သူများအပြစ်ကိုကျတော့ မြင်တယ်။ ကိုယ်လုပ်တာမှား နေတယ်။ ဒါတွေဟာ မသိလို့ လုပ်ခဲ့ပါတယ်ဗျာ။ မသိတာ က အဝိဇ္ဇာ၊ စွဲလမ်းတာက တဏှာ၊ တွေးကြည့်စမ်း၊ အဲဒါ တွေ ဦးမြမောင်လုပ်ခဲ့တာ။ သူများကို နိုင်ချင်တယ်၊ ခိုးချင် တယ်၊ လုချင်တယ်၊ တိုက်ချင်တယ်။ ဒါတွေ မကောင်းတဲ့ အာရုံ၊ အယူဝါဒတွေ ယူထားပါတယ်။ လူမသိပါဘူးဗျာ။ ဘယ်ပုဂ္ဂိုလ်မှ မသိဘူး။ လုပ်မရလို့

အဲ သူလုပ်လို့ရရင် ခေါ်ပြတောင် တိုက်ဦးမှာ လူစုလို့မရလို့၊ အပေါင်းအသင်း လိုက်ရှာတာ မတွေ့လို့၊ ဒီလောက်ထိ မကောင်းပါဘူးဗျာ။ အဲဒီ ဘုရားမကြိုက်တာတွေ လုပ်ပါတယ်။

## သီလပျက်ရင် ကံနိမ့်တယ်

သူ့ဘဝမှာ လူမှန်းသိတတ်ကတည်းက လောဘ တွေ၊ ဒေါသတွေ၊ မောဟတွေ၊ ဒါတွေဟာ စိတ်ပိုင်းနဲ့ ပတ်သက်တဲ့ ဟာတွေပါ။ ဘုရားကဟောထားပါတယ်။ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ၊ ဒိဋ္ဌာသဝ၊ အဲဒါ စာနဲ့ ရေးထားပါတယ်။ ခုနက ကိုယ့်မှာရှိတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ အဲဒါတွေကို ဆရာတော်၊ သမားတော် တွေက စာနဲ့ ရေးထားပါတယ်။ အဲဒီတော့ ကာယကံ သုံးပါက ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ အဲဒါတွေကို ဒီဝါဒတွေကို သူကနှစ်သက်ပြီး ယူထားပါ တယ်။ သူဟာသူလုပ်ချင်ရာလုပ်တယ်။ မူးရမတ်ရလိမ်

ချင်တယ်။ လှည့်ချင်တယ်။ အဲဒါမကောင်းတဲ့ဝါဒ၊ အဲဒါတွေနဲ့ တစ်နေ့ တစ်နေ့ ရှာရိုးလျှောက်၊ အဲ သူ့ထက် ကြောက်ရမယ့်သူကျတော့ ရှောင်သွားတယ်။ သူနိုင်ရမယ့် ကောင်ကျတော့ ဖဲချမယ်၊ ဘာလုပ်မယ်၊ ဖဲလည်း လိမ်ချ သေးတယ်။ သူများအိတ်ကပ်ထဲက ပိုက်ဆံကို လောဘ နဲ့ လိုချင်တယ်။ ဒီလောဘကြောင့် ဒေါသဖြစ်ရတယ်။ စာရိတ္တပျက်တယ်။ စာရိတ္တပျက်ရင် သီလပျက်တယ်။ သီလပျက်ရင် ကံနိမ့်တယ်။ သြော် ခုနက ဘုရားဟော ထားတယ်။ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ၊ ဒိဋ္ဌာသဝ၊ အဲဒါတွေ ဦးမြမောင်လုပ်ခဲ့တယ်။

**အပြင်မှာမစင်ကြယ်တော့ ခန္ဓာမှာ မစင်ကြယ်ဘူး ခန္ဓာမှာ မစင်ကြယ်တော့ ဉာဏ်မှာမစင်ကြယ်ဘူး**

တစ်နေ့သောအခါ ရဲထဲမှာလည်း လုပ်ခဲ့ပါတယ်။ အဖွဲ့ကကောင်းတယ်။ လူကြီးကကောင်းတယ်။ လူကြီး ခိုင်းတာကို ဟုတ်ကဲ့ဆိုပြီးတော့ ကွယ်ရာမှာ ထင်ရာ

လုပ်တယ်။ လူကြီးကကောင်းတယ်။ ဦးမြမောင်ရဲ့ မနောက မကောင်းဘူး၊ အဲဒါတွေက သီလပျက်တာ၊ လိမ်တာတွေ၊ ညာတာတွေ၊ (သြော် အေးအေး)၂ အပြင်မှာ မစင်ကြယ်တော့ ခန္ဓာမှာလည်း မစင်ကြယ်ဘူး၊ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာလည်း မစင်ကြယ်ဘူး။ အပြင်မှာ ပေါ်သမျှအာရုံ တွေမှာ မနောနဲ့ ပေါင်းတယ်။ စက္ခုအာရုံ၊ သောတအာရုံ၊ ဃာနအာရုံ။ ဇိဝှာအာရုံ၊ ဖောဋ္ဌဗ္ဗာအာရုံ၊ မနောဓမ္မာရုံ အဲဒါတွေ ပေါင်းတာပဲဗျို့၊ အဲဒီအာရုံ နောက်ကို မနောက ပါ,ပါသွားတယ်။ အဲဒါဘာလဲ၊ ကံပဲပေါ့။ သောမနဿကံ၊ ဒေါမနဿကံ ဒါတွေဟာ စွဲတာ၊ ကိုယ့်ဟာကို လိုက်စွဲတာ။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိအဲဒါတွေက ဘုရားမကြိုက်တာ၊ ဘုရားကဟောတယ်။ ဒီအယူတွေကို ငါမယူဘူးတဲ့၊ ဦးမြမောင်က ယူတယ်။ လူမိုက်၊ ဗာလံနံ လူမိုက်၊ ဘုလည်းမသိ၊ ဘလည်းမသိဘူး။ အဲဒီတော့ ဆရာတော်၊ သမားတော်၊ လူကြီးအနားလည်း မကပ်ဘူး။ သူထင်ရာ လုပ်တာပဲဗျို့။

## သူများမနာလို ကိုယ်အကျိုးမရှိ

ရဲထဲက ၁၉၆၀ခုနှစ်မှာ ထွက်လာပါတယ်။ နားလေးတော့ ဆေးရုံမှာ ဆေးပင်စင်နဲ့ထွက်လာပါတယ်။ ထွက်လာတဲ့အခါကျတော့ အဲဒီမှာ သူထိပေါက်သေး တယ်။ ထိပေါက်တော့ ပိုက်ဆံတွေရ၊ ဩဘ်မကောင်းတဲ့ စိတ်အကြောင်းပြောတာပါဗျာ။ ငါလိုလူ ဇမ္ဗူမှာ ရှိရဲ့လား ဆိုပြီး မမြဲတာကို မြဲတယ်လို့ သူ့နှလုံးသားထဲက သူ့ဟာသူ သိနေတယ်။ အဲဒါနဲ့ တစ်ခါမိန်းမတွေ့ယူ၊ မယားကြီးက သနားဖို့ကောင်းပါတယ်။ ဒါကြောင့်မို့ "လင်ဆိုးမယား တဖားဖား၊ သားဆိုးအမေ တပေပေ" လို့ ရှေးလူကြီးများ ပြောထားပါတယ်။ သူနားမလည်ဘူး။ သူလုပ်ချင်တာလုပ် တယ်။ သူ့မနောက မကောင်းပါဘူးဗျာ။ လိမ်တာတွေ၊ ညာတာတွေ သူပဲသိတယ်။ ဒါ မနောကံခေါ်ပါတယ်။ ဒါ အကုသိုလ်ကံတွေ အဲဒီတော့ ဘာဖြစ်လာလဲဆိုရင် စာရိတ္တ ပျက်တယ်။ စာရိတ္တပျက်ရင် သီလပျက်တယ်။ သီလ ပျက်ရင် ကံနိမ့်တယ်။ ဒါ့ကြောင့်တစ်နေ့သောအခါ

ကုန်ရော၊ ဘာမှမရှိတော့ပါဘူးဗျာ၊ နောက်ဆုံးတော့ အုန်းဆံထုတယ်။ ပုလိပ်လူထွက်ဆိုတော့ သူ့အလုပ် လုပ်ရာမှာလည်း လက်ကြောတင်းအောင် လုပ်ရမှာလည်း သူရှက်တယ်။ ရပ်ကွက်ထဲမှာလည်း ဗိုလ်ကျချင်သေး တယ်။ မတတ်တခေါက် ပညာလေး တတ်တော့ ဘာလဲ၊ ညာလဲ လူကြီးမှန်းလည်းမသိ၊ ရပ်ကွက်လူကြီးမှန်းလည်း မသိ၊ မလေးစားဘူး၊ ရှေ့တင်တော့ မပြောပေမယ့် ကွယ်ရာမှာ ဦးမြမောင်ဟာ အတင်းပြောတယ်။ အဲဒါဘာလဲ မနောကံ၊ ပဋ္ဌရိယစိတ်၊ မနာလိုစိတ်၊ ကုက္ကစ္စစိတ်၊ ဗျာပါဒစိတ်၊ ဝန်တို မိစ္ဆစိတ်၊ ဒါ မနောက ဖြစ်တာ။ သူများမနာလို ကိုယ်အကျိုး မရှိ။ အဲ သူ့ထက်သာရင် ဒီကောင် ဘာကောင်လဲ အဲဒီလို ဖြစ်လာတာ။ ဒါတွေဟာ သီလပျက်တာပါ။ အဲဒီတော့ ကာယကံရှင်ပဲ သိတယ်၊ ကံတွေထိုက်တာ။

## ကိုယ်ကမကောင်းတော့ ကံနိမ့်တယ်

ကမ္မဝဋ်၊ ဘဝဋ်၊ ဝိပါကဝဋ်လို့ ဘုရားဟောထား ပါတယ်ဗျာ။ အဲဒီတော့ ကာမာသဝရဲ့အကြောင်း၊ ကံတွေ ချည်းသူဖြစ်တာ၊ မနော၁ထဲက တောင်တွေးမြောက်တွေး တွေးတော့၊ အတွေး၊ အယူ၊ အသိမှားတော့ အပြင်အာရုံ တွေအတိုင်း လျှောက်လုပ်တော့တာဘဲ၊ ဖဲချတော့ နိုင်လာ တယ်။ အိမ်ပေါင်ပြီးချ၊ ရှုံးလာတော့ လုချင်တယ်။ ခိုးချင် တယ်။ တိုက်ချင်တယ်၊ ဒါတွေဘာလဲ၊ လောဘ၊ ဒေါသ တွေပေါ့၊ အပြစ်ကိုရှာတော့ မကောင်းတဲ့အပြစ်တွေ အကုန်ပေါ်လာတာပဲ။ အဲဒီတော့ နောက်ဆုံးငတ်တာ ပါပဲ။ လာဘ်ပိတ်တော့ ကံနိမ့်မှန်းလည်း မသိဘူး။ သူ့မှာဖြစ်နေ တာ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ တစ်နေ့တစ်နေ့ ဒါတွေပဲ။ ဘယ်နေရာမှာ ဖဲဝိုင်းဖြစ်လဲ၊ အရက်ဝိုင်းဖြစ်လဲ၊ သူကကိုယ်လိုက်ရှာပြီး လုပ်နေတာ၊ ဒါကို ဘုရားကမကြိုက်ဘူး။ ဒီအယူဝါဒ တွေကို မယူဘူး။ (တစ်နေ့)၂ ဆင်းရပါပြီဗျာ၊ ဘာမှလဲ

မရှိတော့ပါဘူး။ အဲဒီတော့ ဆန်အိုးထဲမှာ စားဖို့ဆန်လေး နှစ်ပြည်လောင် မရှိဘူး။

## သူလည်းကျင့်လို့ဖြစ်တာ၊ ငါလည်းကျင့်ရင် ဖြစ်မှာဘဲ

အဲဒါနဲ့ စိတ်ညစ်ပြီး အိမ်တစ်အိမ်မှာ ဦးမြညွန့်အိမ်မှာ ဆရာတော် သဲအင်း၊ အမြဲလင်း၊ ဇွဲတင်းဆိုပြီး တိုက်ကြီး မှော်ဘီမှာ ငါတောင် ဓါးမြပဲကွ၊ ကျင့်ရင် ဖြစ်တာပဲ၊ ငါ ကတော့ စာလည်းမတတ်ဘူး၊ ကျင့်ရင် ဖြစ်တာပဲဆိုတော့ ကျင့်မှပဲ၊ ဓါးပြတောင် ဖြစ်သေးတာပဲ၊ ငါက ဓားပြတောင် မတိုက်ဖူးဘူး၊ လိမ်တော့ လိမ်တယ်။ ညာတယ်၊ ခိုးတယ်၊ လုတယ်၊ ဒါတွေတော့ ငါလုပ်ဖူးတယ်။ ငါလည်းကျင့်မှပဲ ဆိုပြီး သွားကျင့်တော့တာဗျို့၊ ကျွတ်ချင် လို့နဲ့တူပါတယ်ဗျာ၊ အဲဒီတော့ အိမ်ပေါ်က ဆင်းခါနီး ဘုရားလေးရှိခိုးလိုက် သေးတယ်။ ထွက်ခါနီး ကိုးဗျ။ အိမ်ပေါ်က ဘုရားကျောင်း ဆောင်ပေါ်ကို ထွက်ခါနီး

ကြည့်လိုက်တော့ ဝေဘူဆရာတော်ရဲ့ ဝေဘူ စာအုပ် ကလေးကို တွေ့လိုက်တယ်။ အဲဒီစာအုပ် ကလေးကို ဘယ်သူလာတင်ထားမှန်းလဲ မသိဘူး။ အဲဒီ စာအုပ် ကလေးပါလာတယ်။ တောထဲကို သူကုန်းကြောင်း လျှောက်တယ်ဗျ။ ဘာမှလဲ ရှိမှမရှိတာ၊ ကုန်းကြောင်း လျှောက်တဲ့ အခါ ဆရာတော် ဗောဓိမြိုင်ဆီ ရောက်တယ်။ ဗောဓိမြိုင် ဆရာတော်ရဲ့ ဈာပနကို ဖူးခဲ့တယ်။ သြော် သူကလဲ ပုဂ္ဂိုလ်ထူးပဲ၊ သြော်အဲဒါလေးတွေ အတုမြင် အတတ်ရတယ်။ အဲဒီတော့မှ စိတ်ကလေးတွေက ဘယ်လို ဖြစ်လာလဲဆိုရင် ကောင်းတဲ့ဘက်ပါလာတယ်။ ကိုယ်ငတ် တာ ကိုးဗျ၊ အားကိုးစရာမရှိဘူး၊ လောကီမှာလဲ အားကိုး စရာ မရှိဘူး။ သားလဲဒေါက်တာ မဖြစ်ဘူး။ ကျောင်းဆရာ မဖြစ်ဘူး။ သမီးလည်း ဒေါက်တာ မဖြစ်ဘူး။ ကျောင်းဆရာမမဖြစ်ဘူး၊ သား၊ သမီးလေးတွေ ဒေါက်တာ ဖြစ်နေရင် သူအားကိုးနေဦးမယ်။ ဘာမှအားကိုးစရာ မရှိပါဘူး။ အဲဒီတော့ ဆန်တောင် ဆန်အိုးထဲ နှစ်ပြည်

ပြည့်အောင် မရှိဘူး။ လောကီအတွက် အားကိုးစရာ ဘာမှမရှိတော့ သူကျင့်မယ်ဆိုပြီး သူက စာမတတ်တော့ ဝိပဿနာ တရား ကျင့်မယ်ဆိုပြီး ထွက်လာတာပဲဗျို့။ ထွက်တော့ အဲဒီ ဆရာတော်ကြီး ဖူးပြီးတော့ သူသွားတယ်။

## မနောငြိမ်အောင်သက်မှ ကာယ၊ ဝစီလည်း လုံပါတယ်

ဘယ်ရောက်လဲဆိုတော့ ကုန်းသာရောက်တယ်။ ကုန်းသာရောက်တော့ ငါတော့ ကုန်းသာရောက်ပြီ၊ နေလေးကလည်း နေဝင်ရီသရိုးလေး၊ ရောက်အောင် သွားမယ်၊ ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက်ဆိုပြီး ညောင်ပင်ကြီးရောက်တယ်။ ရောက်တဲ့အခါကျတော့ ဘယ်သူမှ မရှိဘူး။ ကရင်အမျိုးသားတွေ၊ ကရင်ရွာဖြစ် ပါတယ်ဗျာ။ အဲဒီညမှာပဲ ဘယ်သူမှမသိဘူးဗျ၊ ဦးဥင်း တင်ပလ္လင်ခွေပြီးတရားထိုင်နေတယ်။ အဲဒီကျောင်းက ခနိ

လေးတောင်မရှိဘူး။ ခနိအတံလည်းတွေဘဲ ရှိတယ်။ အဲ အောက်က ကွမ်းသီးခြမ်းလေးတွေ ခင်းထားတယ်ဗျ။ ကျောင်းလေးတော့ ကျောင်းလေးဘဲ၊ ဇရပ်လေးပဲ ဘယ်သူ မှမရှိဘူး။ အဲဒီနေရာ ကွမ်းသီးခြမ်းပေါ်မှာပဲ တုံးလုံးလှဲပြီးတော့ သူတရားလေးအားထုတ်တယ်။ တရားလိုချင်တာကိုး။ ဩော် ဒီလိုက ဒီလိုကျင့်ရတယ် ဆိုပြီး လက်ကလေး ပိုက်ပြီးတော့ သူကျင့်တယ်ဗျာ။ ကျင့်တဲ့အခါကျတော့ ဦးဇင်းမှာ စရိုက်ရှိတာကိုး၊ လူကြမ်း၊ လူမိုက်ဆိုတော့ တရား မှာလဲ ကြမ်းကြမ်းကျင့်ရတယ်။ ပျော့လို့မရဘူး။ ဝေဘူ ဆရာတော်တို့ကျတော့ ငယ်စဉ် ကတည်းက ရှင်သာမဏေ ထဲက ဒီလိုလုပ်လာတော့ အင်မတန် နူးညံ့သိမ်မွေ့တယ်။ ဦးဇင်းကျင့်ရမယ့် တရား ကတော့ ကြမ်းတယ်ဗျာ။ နင်းကန် လေရှူရတယ်။ နင်းကန်ရှူတဲ့အခါကျတော့ သားအကြောင်း သမီး အကြောင်းမတွေးနိုင်အောင် အစစအရာရာကို မတွေးနိုင် အောင် မနောကို သမာဓိတင်ထားရပါ တယ်ဗျာ။

အဲဒီတော့ အာနာပါနသာ ပြောတယ်။ နင်းကန် ရှုတော့ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ မနောဟာ တွေးတောခြင်းမရှိဘူး။ ဘာဖြစ်လို့ မတွေးလဲ၊ မစွဲလို့ မတွေးတာ။ မတွေးတော့ မပူတာ၊ မပူတော့အေးတာပေါ့ ဗျာ။ မနောကစပြီးတော့ ကျင့်တာပါဗျာ။ မနောက စကျင့် မှ ကာယနဲ့ ဝစီကကျွဲကူးရေပါပါတယ်ဗျာ။ မနောရဲ့တရား ကိုလိုချင်တော့ ကာယ၊ ဝစီကလည်း ငြိမ်ပေးရ ပါတယ်ဗျာ။ မနောကို ငြိမ်အောင်သတ်မှ ကာယ၊ ဝစီလဲ ငြိမ်ပါတယ် ဗျာ။ မနောကသောင်းကျန်းရင် ကာယ၊ ဝစီ ကလည်း စိတ်ခိုင်းတာ လျှောက်လုပ်တာပဲဗျာ။ အဲ စာတော့ မတတ်ဘူး။ စာမတတ်တော့ ပြောမှားဆိုမှား ရှိရင် ခွင့်လွှတ်ပါ။ အသိနဲ့ ပြောတာပါ။ ဘဝင်မနော အသိနဲ့ ပြောတာပါ။

## နှလုံးသားလေး ငြိမ်လာတယ်

အဲဒီတော့ ဒါတွေကို မယူပြန်ရင် တွေးတယ်ဗျာ။ အနုသယစိတ်၊ အဲဒါလေးတွေက ကံ၊ ဘာကံလဲဆိုရင်

မနောကံ၊ အဲဒါတွေကို သူနိုင်အောင် ထိန်းပါတယ်ဗျာ။ အဲဒီမနောလုံရင် ကာယ၊ ဝစီကလဲ လုံလာပါတယ်ဗျာ။ ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံ သုံးပါး၊ အဲဒီတော့ ဆရာတော်ကြီးတွေက ရေးထားပါတယ်။ ကာယကံသုံးပါး၊ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ အဒိန္နာဒါနာဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ ကာမေသု မိစ္ဆာစာရာဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ ဒီအာရုံ ဒီအယူတွေကို ငါမယူတော့ပါဘူးကွာတဲ့။ ငါမတွေးတော့ ပါဘူးကွာ။ မုသာဝါဒါဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ ပိသုဏာဝါစာ၊ ဖရုသဝါစ၊ သမ္ဖပ္ပလာ၊ အကျိုးမရှိသော သိမ်ဖျင်းသောအမူအရာ၊ အပြောအဆို ကိုလည်း မပြောတော့ပါဘူး။ မနောအဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ အဲဒီ အယူဝါဒလဲ ငါနှလုံး မသွင်းတော့ပါဘူး။ အဲဒီမှာ ထိထိရောက်ရောက် လုပ်ပြီဗျို့။ ကျင့်တဲ့အခါ ကျတော့ ရက်ပေါင်း လပေါင်းများ လာတဲ့အခါ ကျတော့ နှလုံးသား လေးဟာ အရင်နဲ့ မတူဘူး ငြိမ်လာတယ်ဗျ။

ဒါပေမယ့် သားမယားကိုတော့ ဒီကနေ အဲညောင်ပင်ကြီး ကနေ လှမ်းလှမ်း တွေးတယ်ဗျ။ အဲဒီတွေးတော့ စွဲတာ မနေခဲ့ဘူး ပေ့ါဗျာ။ စွဲလိုက်ရင်း၊ တရားထိုင်လိုက်ရင်း လုပ်ပါတယ်ဗျာ။

## စေတနာရှိလို့ကျွေးတာပါ

ကြာတော့တရားလေးထိုင်ထိုင်ပေးနေတုန်း ကရင်အမျိုးသားတစ်ယောက်လာပါတယ်၊ ခင်ဗျား ဘယ်ကလဲတဲ့၊ ကျွန်တော် မြောင်းမြကပါ၊ ဘာလာလုပ် တာလဲ၊ စိတ်ညစ်တာနဲ့ တရား လာအားထုတ်ပါတယ်၊ ခင်ဗျားနာမည် ဘယ်လို ခေါ်လဲ၊ ကျွန်တော် မြမောင်ပါ။ ခင်ဗျား မှတ်ပုံတင် ပါလားတဲ့၊ ပါပါ တယ်လို့၊ ဒီနေရာကို ခင်ဗျား ဘယ်နှစ်ခေါက် ရောက်ဖူးလဲ၊ ရောက်တော့ မရောက်ဖူးဘူးဗျာ၊ နေဝင်တာနဲ့ ဘယ်သူမှ မရှိတာနဲ့ အဲဒီဇရပ်ပေါ်တက်ပြီး တရားအားထုတ်တာပဲ၊ ခင်ဗျား ဒီတောင်ကို မသိဘူးလား။ မသိပါဘူးဗျာ ဒီတောင်က

ကြမ်းတယ်။ ကျွန်တော်တို့ နေ့ခင်းဘက်တောင် ဒီနေရာ မလာရဲဘူး။ ခင်ဗျား ဘယ်နှစ်ရက်ရှိပြီလဲ၊ အာ ကျွန်တော် အိပ်တာ နှစ်ရက်ရှိပြီ၊ ဘာတွေတွေ့လဲတဲ့၊ အဲ ဘာတွေ တွေ့လဲဆိုတော့၊ ဒကာမတစ်ယောက်တော့ တွေ့တယ်၊ လူလားတဲ့၊ လူတော့မဟုတ်ဘူးဗျ။ မျက်စိလေး မှိတ်ထားရင် အာရုံမှာပေါ်လာတယ်ဗျာ၊ အဲဒီတစ်ယောက် တော့ တွေ့တယ်၊ ဩော်ဩော်လို့ပြောပြီး ခင်ဗျား ဘယ်မှာ ထမင်းစားလဲ၊ ဘယ်မှာမှ မစားရသေးဘူး ဆိုတော့။ ကျွန်တော်ကျွေးမယ်ဆိုပြီး သူထမင်းလာကျွေးတာ လေးစား၊ ရေလဲတိုက်သေးတယ်၊ နောက်ကျတော့ သူလဲသူပုန်ပဲ၊ သူပုန်ပေမယ့် အလင်းဝင်တာ၊ လက်နက်ချ ပြီးပြီ၊ သူ့နာမည် 'ပေါ်လူး'တဲ့၊ ဦးဇင်းက ပုလိပ် လူထွက်ဗျ၊ ပုလိပ်လူထွက်ကို အလင်းဝင်တဲ့ သူပုန်က ထမင်း လာကျွေးတယ်၊ လယ်လုပ်တယ်၊ လယ်လုပ်တဲ့အခါ ကျတော့၊ ခနိတွေ ဘာတွေ သူ့မှာရှိတာပေါ့ဗျာ။ ဦးဇင်းကို နေ့တိုင်းနေ့တိုင်း သူထမင်းလာကျွေးတယ်၊ ပုဇွန်ကြော်

တွေ၊ ဘဲဥကြော်တွေ၊ ငါးဘတ်သားတွေ၊ ဟာ! အကိုကြီး ခင်ဗျားဟင်းတွေသိပ်ကောင်းပါလား၊ ဒါတွေမလုပ်ပါနဲ့ ဗျာ။ ဒါတွေမစားဘူးဆိုတော့ စားပါဗျာ၊ ခင်ဗျားကို စေတနာရှိလို့ ကျွေးတာပေါ့ ဆရာကြီးရဲ့၊ စားသာစား၊ ခင်ဗျား ဒီငါးတွေ ဘယ်ကရလဲလို့မေးတော့ "ဘဝင်း ပိတ်ဖမ်းတာပေါ့" ဟာ ခင်ဗျား မပိတ်နဲ့၊ မလုပ်နဲ့တော့ လို့ပြောတော့၊ ဟာ ဟုတ်လား ဆိုပြီး သူလဲ ဘဝင်း မပိတ်တော့ပါဘူး။

## ဒီရုပ်ကြီးက အကျိုးတရားလို့ခေါ်ပါတယ်

ဦးမြမောင် ဒီလိုတရားကျင့်တဲ့အခါကျတော့ စိတ်ကလေးတွေဟာ ကြည်လာတယ်၊ တွေးတောခြင်း ခေါင်းပါးလာ တယ်၊ မနောက မြင်တာလဲ မမြဲဘူး၊ စားတာလဲ မမြဲဘူး၊ နံတာလဲ မမြဲဘူး၊ ကြားတာလဲ မမြဲဘူး၊ အဲဒီလို မှတ်မှတ်နေတဲ့ အခါကျတော့ လက်ကလေး ပိုက်ပိုက်ပြီးတော့ စကြံန်လျှောက်တယ်၊ ကရင်ကြီးက

ထမင်းပို့တယ် သူဒါတွေလုပ်လုပ်နေတာကြာတော့ စိတ်ကလေးငြိမ်လာတယ်။ စိတ်ကလေးငြိမ်လာတော့ သမာဓိအားကောင်းလာတယ်၊ သမာဓိကောင်းလာတော့ ဝေဒနာပေါ်လာတယ်ဗျို့၊ ဝေဒနာတွေမခံမရပ်နိုင်အောင် ပေါ်လာတယ်ဗျာ၊ ဝေဒနာတွေအဆုံးမလိုက်နိုင်ဘူး၊ အဲဒီတော့ ဒီရုပ်ကြီးရဲ့ဖေါက်ပြန်မှုတွေမခံနိုင်ဘူး။ ဒီရုပ်ကြီးက အကျိုးတရားခေါ်ပါတယ်ဗျာ၊ အဲဒီတော့ အကြောင်းတရားကခံစားပါတယ်ဗျာ၊ အကျိုး တရားပေါ်မှာ အကြောင်းတရား ပြတ်အောင် သူလုပ် ပါတယ်၊ အဲဒီတော့ပြတ်လားဆိုတော့လည်း သူမပြတ်သေးဘူး မခံစားနိုင်အောင်ဖြစ်တော့ လှဲလှဲချတယ်၊ သူကလူမိုက် ကိုးဗျ၊ လူမိုက်ဆိုတော့ ဒီဝေဒနာတွေ ဒရကြမ်း ပေါ်မှ တဏှာသေမှာကိုးဗျ၊ ဒါကြောင့်မို့ ဒီဝေဒနာတွေနဲ့ နပန်းလုံးချရတယ်၊ ဝေဒနာ ပေါ်မှာ သူသည်းခံတယ်၊ အဲဒီလို လုပ်ရင်းလုပ်ရင်းနဲ့ ဝေဒနာ အပေါ်မှာ သဘော ပေါက်လာပါတယ်၊ တရားထိုင်တဲ့အခါ ဝေဒနာရဲ့

အာရုံပေါ်မှာ သိမှုလေးကခံစားနေတယ်။ ဩဘ်ဒီရုပ်ကြီး ရလို့ ငါဒုက္ခဖြစ် နေတာ၊ ဒီအကျိုးတရားရလို့ အကြောင်း တရား ငါဟာစိတ်ဆင်းရဲ နေတာ ဒုက္ခပါလား အဲဒီအကျိုး တရားကလလည်းမမြဲပါလား အကြောင်း တရားကလည်း မမြဲပါလား၊ ဟာ! ဒီလိုပြောလို့လည်း မရဘူး၊ ဒီဝေဒနာ ဟာ ဇွတ်ဖြစ်တာပဲ၊ ဘယ်လိုလုပ်လုပ် မရတော့လှဲချ ရပြန်တယ်ဗျို့ အဲလိုနဲ့ ဝေဒနာတွေ ဒုက္ခဝေဒနာတွေနဲ့ ဦးဇင်းဟာ တစ်နှစ်တိတိ ခံရပါ တယ်ဗျာ။

## ပင်ကိုယ်ကတော့ဓါတ်ဘဲ

သည်းခံနေရင်း မခံနိုင်တော့ ဘယ်ရောက်လာလဲ ဆိုရင် ကြွက်ညီနောင်ကို ရောက်လာပါတယ် ကြွက် ညီနောင်မှာလည်း ဝေဒနာတွေဖြစ်နေတာဘဲ။ အဲဒီတော့ ဝေဒနာတွေ သဘောပေါက်လာပါတယ်ဗျာ ဘယ်လို သဘောပေါက်လဲဆိုရင် ဒါသူ့ရဲ့သဘာဝတွေပဲ သူ့ရဲ့ဓာတ် တွေပဲ နာမ်ကလည်းသူ့သဘောသူဆောင်နေတာ

ရုပ်ကလည်းသူ့သဘောသူဆောင်နေတာ ပင်ကိုယ်က ခတ်တွေပဲ ဒါကြောင့်မို့ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ၊ ဒိဋ္ဌာသဝလို့ ဒါဘုရားဟောထားပါတယ်ဗျာ အဲဒီတော့ ဒီကာမာသဝဟာ မနောဂံက မပြတ်ရင် သူမလွတ်သေးဘူး အဲဒီတော့ ဝေဒနာတွေ ပေါ်လာတဲ့ အခါ သူဒီဝေဒနာတွေနဲ့ပဲ သူ့ရဲ့ နှလုံးသားကို အပ္ပမာဒေန သမ္ပာဒေထ တရားကိုပွားများပါတယ် မရသေးသော တရားကိုလည်း ရအောင်ရှာနေပါတယ် အဲသဘောလေး သူပေါက်လာတယ်။

## ဒုက္ခဝေဒနာနဲ့ သုခဝေဒနာ အစွန်းနှစ်ပါးတွေပြီ

သုခဝေဒနာကျတော့ အင်မတန်မှ ထူးမြတ်ပါတယ်ဗျာ သာယာနေတယ်၊ စွဲလမ်းနေတယ်၊ ဒုက္ခဝေဒနာကျတော့ နာမ်ကမသာယာဘူး အဲဒါအစွန်းနှစ်ပါး ခေါ်ပါတယ်ဗျာ အလယ်ကမသွားဘဲနဲ့ အဲဒီ အစွန်းနှစ်ပါးထဲက သုခဝေဒနာမှာ တော်တော်လေး သူကြာနေတယ်

သိပ်ကောင်းတာကိုးဗျ အဲဒါ ကျင့်တဲ့လူ ပဲသိတယ်။ ဒုက္ခဝေဒနာကလွတ်ပြီး သုခဝေဒနာကျတော့ သူကသိပ်သာယာနေတယ်၊ ဩော် - ငါလည်းဒီအစွန်းတစ်ပါး ကျန်သေးပါလား ဆိုပြီးတော့ ဒီတရားကို ပြန်ပြီးတော့ရှုပါတယ်။

## အကျိုးတရားက ဒုက္ခသစ္စာ
## အကြောင်းတရားက သမုဒယသစ္စာ

အဲဒီတော့ ဒုက္ခ ဝေဒနာ သုခဝေဒနာ၊ သုခဝေဒနာမှာ ပဋိစ္စသမုပ္ပါဒ် ပေါ်လာတယ်၊ ခန္ဓာထဲကပေါ်လာပါတယ်ဗျာ၊ ဘယ်လိုပေါ်လာသလဲဆိုတော့ သူဟာခန္ဓာထဲမှာ ဥပမာ - ဦးဇင်းကမျက်စိမှိတ်ထားတယ် အပြင်လဲ မပြောဘူး၊ အတွင်းလဲ သူမပြောဘူး။ ပဋိစ္စသမုပ္ပါဒ်က သူ့ဘာသာသူ ဓာတ်သဘောတွေ လည်နေတယ်၊ အဲဒီအာရုံပေါ်မှာ သူလိုက်ပါတယ်၊ အဲဒီတော့ သူသက်သာလာပါတယ် ရေစုန်ရတာပေါ့ အဲ

ပဋိစ္စသမုပ္ပါဒ် ရပ်သွားတာနော် မပြောတတ်လို့ သဘော ပေါက်တယ် ပဋိစ္စသမုပ္ပါဒ် ရပ်သွားတာနော် (ဩဘ် အေးအေးအေး)အကျိုးတရားက ဒုက္ခသစ္စာခေါ် ပါတယ်။ အကြောင်းတရားက သမုဒယသစ္စာ ခေါ်ပါတယ်။ အကျိုး ကို မသတ်တော့ အကြောင်းလဲ မပြတ်ဖူးပေါ့ မြင်လိုက်တဲ့ အကြောင်း ကြားလိုက်တဲ့အကြောင်း စားလိုက်တဲ့ အကြောင်း နံလိုက်တဲ့အကြောင်း၊ ထိလိုက်တဲ့အကြောင်း၊ ဒီအကြောင်းတွေကို မနောအာရုံနဲ့သိတယ်။ အဲ စက္ခု အာရုံကြောင့် မနောကသိတယ်၊ နားသောတအာရုံ ကြောင့် မနောကသိတယ်၊ ဇီဝါအာရုံကြောင့် မနောက သိတယ်။ ကိုယ်ကထိုင်ပြီး တွေးတယ် ခင်ဗျား တွေးတာ တွေက အတ္တတရားလား အနတ္တတရားလား၊ တွေးကြည့် အဲဒီတော့ အတ္တတရားကြီး ကံတရားကြီး၊ ဟိုမှာ ရေးထားတာ ကာမာသဝ၊ ကံမှ မပြတ်ရင် ဘဝတွေ ဘဝတွေလာဦးမှာပဲ ဘဝါသဝ၊ ဒိဋ္ဌာသဝ။ ဒိဋ္ဌာသဝဆိုတာ ဒိဋ္ဌိ၊ ဒီအတ္တဟာ အစွဲကို ဒိဋ္ဌိခေါ်တယ်။

## အာရုံခြောက်ပါးမလွတ်တာ အဝိဇ္ဇာ

အဝိဇ္ဇာဆိုတာဘာလဲ၊ အာရုံခြောက်ပါးမလွတ်တာ အဝိဇ္ဇာ၊ အဝိဇ္ဇာကို တစ်ချို့ဆရာတော်တွေကပြောတယ် အဝိဇ္ဇာကိုမင်းတို့ကြားဖူးလား ကြားဖူးတာပေါ့ ကြားရင်သိလား အဝိဇ္ဇာကြားတော့ကြားဖူးတာပေါ့ ဒါပေမယ့် မသိဘူး သစ္စာလေးပါးမှမသိရင် အဲဒါအဝိဇ္ဇာပဲ၊ အဲဒါ စာခေါ်တယ်။ ဒီကတော့ အာရုံခြောက်ပါးကိုမလွတ်ရင် အဝိဇ္ဇာဘဲ၊ မျက်စိ တံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ လျှာတံခါး၊ ကိုယ်တံခါး၊ မနောတံခါး ခင်ဗျားတို့ ဒီငါးပါး လုံကြသလား လုံပါတယ်ဘုရား၊ ကဲ လုံရင်ပြောစမ်း တပည့်တော် ပါဏာတိပါတာ လုံပါတယ်ဘုရား၊ အဒိန္နာဒါန လုံ ပါတယ်ဘုရား၊ ကာမေသုမိစ္ဆာစာရ လုံပါတယ်ဘုရား၊ မုသာဝါဒလုံပါတယ်ဘုရား၊ သုရာမေရယ လုံပါတယ်ဘုရား၊ အေးမင်းလုံတာ စာနဲ့လုံတာ မင်းကို ငါမေးတာ မနောတံခါး လုံသလား၊ မျက်စိတံခါး လုံသလား၊ နားတံခါးလုံသလား၊ နှာခေါင်းတံခါး

လုံသလား၊ ဇိဝှာ တံခါး လုံသလား၊ အပြင်မျက်စိအာရုံနဲ့ မနောခမ္မာရုံနဲ့ ပေါင်းရင်၊ အဲဒီအာရုံ နောက်ပါသလား ပါရင် နင်ကံပဲပေါ့ ဒါကြောင့် အဝိဇ္ဇာ ကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန် ကြောင့် ဘဝ၊ ဒါတွေဟာ ဘာလဲ သီလပျက်တာပေါ့၊ သီလကို ဟောတာ ပြန်ကြရမှာ လူတွေဟာသေမျိုးချည်းပဲ အခု ဟောတဲ့ လူလည်းသေရမှာ မမြဲဘူး အဲဒီမမြဲဘူး ဆိုတာ ကြားတော့ကြားဖူးတယ် ဒါပေမယ့် နက်နက် နည်းနည်း မသိခဲ့ဘူး မမြဲဘူးဆိုတာ ပြောတော့ပြော ကြတာပဲ။

## အာရုံခြောက်ပါးလွတ်တယ်၊ မလွတ်တယ်၊ ကျင့်တဲ့ သူကသိတယ်။

အဲဒီတော့ ခုနကသီလ၊ ဘာသီလတွေဖြစ်သလဲ ဆိုရင် ကံသီလတွေဖြစ်နေတယ်၊ ဒါကြောင့်မို့ ဦးဇင်းက စာမတတ်ဘူး။ ပြောမှားဆိုမှား ရှိရင်ခွင့်လွှတ်ပါ။ ကာမာ

သ၀၊ ဘ၀ါသ၀၊ အဝိဇ္ဇာသ၀၊ ဒိဋ္ဌာသဝတဲ့၊ ကံမပြတ်ရင် သံသရာလည်မှာဘဲ။ အဲဒီတော့ ဒီကံပြတ်မှ ထူးတာ၊ အဲဒီကံ ပြတ်အောင်ကျင့်။ မသေခင်က ကျောဖျာမခင်းနဲ့ ကိုယ့်စိတ်ကိုယ်စစ်၊ အတ္တလား၊ အနတ္တလား၊ အဲဒီတော့ ဒီအာရုံခြောက်ပါးကို လွတ်တယ်၊ မလွတ်ဘူးဆိုတာ ကျင့်တဲ့လူ သိတယ်ဗျ၊ အနုသယ စိတ်တွေ၊ အဲဒီတော့ သီလတွေဟာမတူပါဘူး၊ တစ် ယောက်နဲ့တစ်ယောက် နှလုံးသွင်းပုံမတူရင် အကျင့်ချင်း မတူပါဘူး၊ အကျင့်ချင်း မတူရင် ကံချင်း မတူပါဘူး။

## အတ္တနဲ့ နှလုံးသွင်းသလား၊
## အနတ္တနဲ့ နှလုံးသွင်းသလား။

အခုဦးဇင်းကပြောပြပါမယ်။ ပြောမှားဆိုမှာရှိရင် ခွင့်လွတ်နော်။ ဦးဇင်းအကုန် လုံးဖွင့် ပြောပါမယ်ဗျာ။ ဦးဇင်းက စာတော့မတက်ဘူး။ ညစာတွေ စားတယ်။ နှစ်ချက်တီးလဲ စားလိုက်တာဘဲ။ ကိုယ့်အပြစ်ကို ဝန်ခံပြီ

နော်၊ ညစာတွေ စားတယ်ဗျာ။ ဒကာမတွေကလည်း ဦးပဏ္ဍိတကြီး ခေါင်းကိုင်ပေးပါအုံး၊ အဲသူခေါင်းကိုင်တယ်၊ လုပ်ပေးတယ်ဗျာ။ စာမှမတတ်တာကိုး၊ အဲဒီတော့ ဥပမာ-ညစာစားတယ်ဆိုတော့၊ ဦးဇင်းကရဟန်းကိုးဗျ၊ ဝိနည်းလဲမသိဘူး။ အဲဒါအာပတ်၊ ဒကာမ ခေါင်းကိုင် တော့ အဲဒါ ဒိသေသ်၊ ဩော်ဒိသေသ်၊ အာပတ်။ ဒါဖြင့် အရှင်ဘုရား အာပတ်ဆိုတာ မှန်ပါတယ်ဘုရား။ တပည့်တော်သိမ်ထဲမှာ တပါးနဲ့တပါး ပါဠိတွေရွတ်ပြီး ကိုယ့် အပြစ်ကိုယ် မဖြေတတ်ပါဘူးဘုရား ဒါကြောင့် တော်တော်လေးခက်နေပြီဘုရား၊ ကျက်တော့လဲ ဒီစာကို သွားတွေကလဲမရှိ၊ လျှာကလည်းမလူးတတ် စာကလည်း မတတ်၊ စကားကလည်းမပီဘူးဘုရား။ ဒီသိမ်ထဲလဲ တစ်ခါမှ မဝင်ဘူးဖူးဘုရား။ ဒီအာပတ်ဟာ ဘုရား ပညတ်ခဲ့တာ၊ ဟော ပေါ်လာပြီနော်၊ ပညတ်ဆိုတာ သဘောပေါက်ရဲ့လား။ ပညတ်တရား၊ ပရမတ်တရား ၊ ပညတ်ရှိရင် ပရမတ်ရှိတယ်။ သဘောလေးပဲနာပါ။ အဲဒီတော့ မ

ကောင်းတဲ့ အယူဝါဒ ကို ဘုရားက မလုပ်နဲ့ ဟော့၊ ဝိနည်း (၂၂၇) သွယ်ကို ပညတ်ပြစ်ခဲ့ပါတယ်။ ရဟန်းတို့ရဲ့ ဟာပါဗျာ။ အဲဒီတော့ ဆယ့်ငါးရက် တစ်ခါ သိမ်ထဲကို သွားပြီးတော့ အပြစ်တွေကို အာပတ်ဖြေရပါတယ်ဗျာ။ ကဲဒါဖြင့် ကောင်းပြီ အာပတ်ကို ဘုရားပညတ်ခဲ့ပြီ၊ ခင်ဗျားပညတ်သိသလား။ ပညတ်တော့ သိတယ်။ ဒါပေမယ့် မဖြေတတ်ဘူး။ စိတ်ပိုင်းနဲ့ ပြောမယ်၊ မနော အသိလေးနဲ့ပေါ့ အဲဒီမနောအသိက အတ္တကို နှလုံးသွင်း ပြီးလုပ်တဲ့လူ၊ အနတ္တကို နှလုံးသွင်းလုပ်တဲ့လူ၊ သူ့ပေါ်မှာ မူတည်တယ် အတ္တနဲ့ ငါသိတယ်၊ ငါတတ်တယ်၊ ငါနား လည်တယ်၊ ငါပဲဆိုပြီးတော့ အတ္တနဲ့လုပ်တယ်၊ အဲဒါ ဘုရားက အတ္တနဲ့လုပ်မှာစိုးတယ်။ အဲဒီတော့ အနတ္တကို ရနိုင်အောင် မြင်နိုင်အောင်၊ အတ္တတွေမလုပ်နဲ့၊ အဲဒါ ပညတ်ခဲ့တာပါ။ အဲဒါသဘောတွေ။

## အနတ္တ မြင်နိုင်အောင်၊ အတ္တမလုပ်ကြနဲ့။

ဦးဇင်းက စာမတတ်တော့ အာပတ်လုပ်တယ်။ ခုနက ဒကာမ ခေါင်းကိုင်တယ် ဆိုတာ အဲဒါဒိသေ်တွေ၊ ဒိသေသ်ကျတော့ အာပတ် ဖြေလို့မရဘူး။ ဟောဒီအဆင့် ကျတော့ ဘာလုပ်ရမလဲ။ တွေးကြည့် ပေ့ါဗျာ။ ဒကာမ ခေါင်းကိုင်တော့ ဦးပဏ္ဍိတ စိတ်ဘယ်သူသိလဲ၊ သူသာယာ တယ်၊ မသာယာဘူးဆိုတာ အဲဒါစိတ်ပိုင်းနဲ့ ပတ်သက်တာ၊ ခုနက အာပတ်ဆိုတာ၊ ကာယကံ၊ ဝစီကံလေးတွေကို အာပတ်ဖြေတာ၊ မနောကျတော့ ဝါသ်တက်တယ်၊ ဝါသ်စောင့်တယ်၊ ဒါရဟာန်းတို့ရဲ့ သွားရာလမ်းကြောင်းပါ။

## လောကီ ဉာဏ်က သုတမယဉာဏ်၊ မနောရဲ့ဉာဏ်က လောကုတ္တရာ၊ စိန္တာမယဉာဏ်။

ဦးဇင်းပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ပါ။ ကိုယ်မ တတ်ဘူး။ ကိုယ်ညစာစားတယ်၊ ဒီတော့ မနောဟာ ဉာဏ်ရှိသလို အပြင်မှာသူသဘောပေါက်တယ်။ အပြင်

လောကီမှာရော ဉာဏ်မရှိဘူးလား။ လောကီရဲ့ ဉာဏ်ကို သုတမယ ဉာဏ်ခေါ်တယ်၊ မနောရဲ့ ဉာဏ်က လောကုတ္တရာ၊ စိန္တမယဉာဏ်ခေါ်တယ်၊ ဒါဉာဏ်ချင်း မတူပါဘူး၊ သဘောလေးဘဲ ဦးဇင်းပြောတာပါ။ အဲဒီတော့ ဦးဇင်းက ဝိနည်းမသိဘူး၊ ပါစိတ် အာပတ်၊ ဒိသေသ် အာပတ်၊ နောက်ဘာလဲ ရှိပါသေးတယ်။ ဦးဇင်းစာမတတ်တော့ မပြောတတ်တော့ဘူး။ ပါရာဇိကံ မထိုက်ဖို့တော့ အရေးကြီးတယ်၊ ဒီအပြစ်ဟာ တော်တော်ကြီးတာ။ ဒီပါရာဇိကံက အင်မတန် အပြစ်ကြီးပါတယ်နော်။ အပြစ်က တစ်ခုနဲ့ တစ်ခု မတူဘူး။ ဒိသေသ်ကတော့ မနောကံ၊ အဲဒီမနောက ကြံစည်တာ၊ အဲဒီ မနော ကျတော့ မင်းဝါသ်စောင့် လိုက်ပါတဲ့ ဝါသ် ဆိုတာ ဝိပဿနာဗျ၊ ခင်ဗျားတို့ ခုနက နဂါးပတ်တောင်မှာ သွားပြီးတော့ ဝါသ်ပြုကြတယ်။ ဝါသ်စောင့်တယ် ဆိုတာ ဝိပဿနာဗျ။

**ခန္ဓာထဲကဉာဏ်က လောကုတ္တရာဉာဏ်ခေါ်တယ်။**

အဲဒီတော့ ဝိပဿနာ လုပ်တဲ့ ပုဂ္ဂိုလ်ရှိသလို၊ မလုပ်တဲ့ပုဂ္ဂိုလ်လည်းရှိမှာပဲ၊ စာမတတ်တဲ့ပုဂ္ဂိုလ်ရှိသလို စာမတတ်တဲ့ ပုဂ္ဂိုလ်တွေလဲ အများကြီးရှိမှာဘဲ။ အဲဒီတော့ သဘောလေးပြောကြမယ်ဆိုရင် ခုနက ကာမာသဝ က အာရုံခြောက်ပါးကို မလွှတ်လို့ ကံခေါ်တာဗျ။ အဲဒီတော့ သံသရာဘယ်ကစလဲ ခန္ဓာကစတယ်၊ ဒါတွေဟာ မနော ကံ ခေါ်တယ်။ အဲဒီတော့ မျက်စိစက္ခုအာရုံကို မြင်တယ်၊ နားသောတ အာရုံကို သိတယ်။ မေးခွန်းတွေ ဆရာက ပြတယ်။ ခင်ဗျားတို့ သုတမယဉာဏ်နဲ့ ဖြေတယ်။ ဒါလောကီ ဉာဏ်ခေါ်တယ်။ ခန္ဓာထဲက ဉာဏ်က လောကုတ္တရာ ဉာဏ်ခေါ်တယ်။ ဒါဉာဏ်ချင်းတော့ မတူဘူး။ သဘောလေးဘဲပြောတာ။

## အာရုံခြောက်ပါးလွတ်၊ မနောစင်ကြယ်မှ ဝိသုဒ္ဓိမဂ်ခေါ်တယ်။

အဲဒီ ကာမသဝ၊ ဒီကံတွေ မပြတ်ရင် ဘဝတွေ ဘဝတွေ ဆက်နေဦးမှာဘဲ။ ဘဝတွေဆက်ရင် ဒိဋ္ဌာသဝ၊ ဒိဋ္ဌိဆိုတာ အတ္တ၊ အနတ္တတရား မဟုတ်ဘူး၊ အဲဒီတော့ အဝိဇ္ဇာသဝ ဆိုတာ အာရုံခြောက်ပါး၊ ဒီအာရုံ ခြောက်ပါး လွတ်မှ စာအရ ဝိသုဒ္ဓိမဂ် ခေါ်တယ်ဗျ။

ဝိဆိုတာ အထူး သုဒ္ဓိဆိုတာ စင်ကြယ်တာ၊ မနောစင်ကြယ် တာ အဲဒီလို မနောစင်ကြယ်လာတဲ့အခါ နတ်တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေ၊ လေးကျွန်းစကြာဝဠာ ကပုဂ္ဂိုလ်တွေရှိတယ်ဗျ၊ အဲဒီလိုရှိလာတဲ့အခါ ဟာ! ဒီပုဂ္ဂိုလ် ရဲ့မနောကထူးသွားပြီ၊ သူ့ကိုစောင့်ရှောက်မယ်၊ တို့သူ့ကို ကူညီပေးမယ်၊ အဲတို့ သူ့ကိုပါရမီ ဖြည့်မယ်ဆိုပြီး နတ်တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေက စောင့်ရှောက် ပါတယ်ဗျာ၊ အဲထုတ်ပြပါဆိုရင်တော့ ဘယ်လိုလုပ်ပြရမလဲ သိချင်ရင် ဦးပဏ္ဍိတလိုကျင့်။

## ပရမတ်မှန်တော့ ပညတ်မှာလဲသဘောပေါက်တယ်

အဲဒီတော့ ဒါတွေဟာခင်ဗျားတွေးနေတဲ့ စိတ်ကို ဘေးကလူကသိပါ့မလား။ ခင်ဗျားတွေးနေတဲ့စိတ်ကို ဘေးကလူမသိဘူး။ ကိုယ်တွေးတာလူမသိဘူး ဒါပေမယ့် အရိယာနတ်တွေသိတယ်၊ နတ်တောင်မှ သာမန်မဟုတ်ဘူး အရိယာနတ်။ ဒါကြောင့် မနောကံ၊ အဲဒီမနောကံက လှုပ်ရှားမှုတွေလုပ်တာ၊ အဲဒီတော့ နတ်တွေ ဓါတ်တွေ၊ သိုက်တွေ၊ သူ့ဆီလာပြီးဗျာ၊ သူကစာလဲမတတ်ဘူး၊ ဒကာဒကာမတွေကလည်း အကြီးအကျယ်လာလှူတာ၊ အဲဒါသူသီလဝိသုဒ္ဓိဖြစ်လို့နော် တွေးကြည့် သူ့မှာသီလရှိတော့ ရေပုလင်းတွေယူလာတယ်၊ မြွေကိုက်တာတောင် ပျောက်တယ်။အဲဒါယုံကြည်တော့ ဆေးဖြစ်တယ် ပရမတ်မှန်တော့ ပညတ်မှာလည်း သဘောပေါက်သွားတယ်။ အတွင်း ပရမတ်၊ အပြင် ပညတ်ခေါ်တယ် ဒါတွေကို မစွဲပါဘူးဗျာ။

## အာရုံတွေကြောင့် အကုသိုလ်တွေဖြစ်တယ်

ဦးမြမောင်ရန်ကုန်ရောက်လျှင် ငါးသောင်း၊ ရှစ်သောင်း၊ ကိုးသောင်း ဟာ! ကားတွေတောင်လျှုတယ်၊ သဘောပေါက်သွားပြီ၊ ဉာဏ်ကိုးဗျ၊ ဘယ်လောက် ထူးသလဲ၊ စာမတတ်ပေမတတ် အရင်တုန်းက မိုက်နေတဲ့ အကောင်၊ ဆေးလိပ်တောင် သောက်စရာမရှိဘူး၊ ဘယ်သူ မှလဲ လာမပေးဘူး၊ ဖဲရှုံးတော့ တိုင်လေးမှာ ခွေနေ တော့ ဟိုလူက နင်းလိုက်၊ ဒီလူကနင်းလိုက်၊ ဟိုလူကကျော် သွားလိုက်၊ ဒီလူကကျော်သွားလိုက်၊ ဟိုလူကလုပ်လိုက်၊ ဒီလူကလုပ်လိုက်၊ အဲဖဲရှုံးတာတောင် ကောင်းကောင်းအိမ် မပြန်ဘူး၊ အသုဘအိမ်မှာ သူများဖိနပ်တွေ၊ စင်ကြယ် ဖိနပ်တွေ မျက်စိကမြင်တော့ ခုံဖိနပ်တော့မခိုးဘူး၊ စင်ကြယ်ဖိနပ်အကောင်းစားမှ ခိုးတာ၊ အဲဒီဖိနပ် မကောင်းဘူး၊ ဒီဖိနပ်ကောင်းတယ်၊ အဲဒီလိုမှတ်တာက သညာ၊ သညာဆိုတာ မှတ်တာ၊ စိတ်က မှတ်တာ၊ ပါဠိလို သညာ ခေါ်တယ်၊ အဲဒီသညာကြောင့် ဥပါဒါန်ဖြစ်တာ စွဲတာပေါ့၊ စွဲတော့ ဘာဖြစ်လဲဆိုရင် ကံဖြစ်တယ်၊

စကျွဲအာရုံကြောင့် မနောကစွဲပြီ၊ ကံဖြစ်ပြီ၊ တစ်ယောက်နဲ့ တစ်ယောက် ဈေးသွားတဲ့အခါ မြင်ကြ တွေ့ကြတာပေါ့၊ တွေ့ကြတဲ့အခါ သိကြတာပေါ့ အဲဒါတစ်ယောက်နဲ့ တစ်ယောက် အတင်းပြောကြတယ်၊ အဲဒါအာရုံကြောင့် ခြေမထိ လက်မထိနဲ့ အကုသိုလ်တွေဖြစ်သွားတယ်။ လူကြီးကို လေးစား ရမယ်ဗျ ဘာပဲပြောပြော (ဩော် အေး အေး)၂ ငါတို့ဆရာကြီးတွေ ခိုင်းတယ်၊ ငါတို့ လုပ်ပေးမယ်၊ အဲဒါစေ တနာမှန်ဖို့လိုတယ်၊ စေတနာဆိုတာ ပုဗ္ဗ၊ မုဉ္စ၊ အပရ စေတနာတွေဘဲ။ လူကြီးတွေက ဒါတွေ ဒါတွေလုပ်ဆိုပြီး ကောင်းတဲ့နေရာညွှန်လိုက်တာ ကိုယ်က မလုပ်ချင်ဘူး ပြန်တော့ မပြောပေမယ့် မနောက ဖောက်နေတယ်။ အဲဒါ အုံပုန်းစိတ်၊ အဲလူကြီးက ဒါတွေလုပ်ဆိုတော့ သူကြောက် လို့ သာလုပ်ရတာ စေတနာမပါဘူး၊ ဘုရားကဟော ထားတာ စေတနာက ပုဗ္ဗ၊ မုဉ္စ၊ အပရ စေတနာတွေ ထားပါ။ လူကြီးတွေကခိုင်းရင် စေတနာ ပါပါနဲ့ လုပ်ပေးရတယ် အဲဒီစေတနာက ကောင်းမှုကံတွေ၊

ကိုယ်က စေတနာမကောင်းတော့ မကောင်းမှု ကံဖြစ်တာ၊ အဲဒီမှာကြည့်စမ်း လုပ်လဲလုပ်ရသေးတယ် သူ့မှာ အကုသိုလ် ကံကြီးဖြစ်လို့ ကိုယ့်ကိုယ်ကို မသိဘူး။

## ဗိုလ်ငါးပါးနဲ့ ဝိပဿနာတရားကျင့်ရမယ်

ဒါကြောင့် စေတနာဗိုလ်၊ သီလဗိုလ်၊ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သမာဓိဗိုလ်၊ အဲဒီဗိုလ်တွေနဲ့တက်ပြီး ဝိပဿနာ တရားကိုကျင့်ရမှာ၊ အဲဒီ စေတနာ ဗိုလ်က ဘယ်နယ်ထဲမှာလဲ လောကီနယ်ထဲမှာ ဒါကြောင့် လောကီနယ်က သမုတိသစ္စာကနေ ဝိရတီသစ္စာ၊ ဝိရတီသစ္စာကနေ သဘာဝသစ္စာ သဘာဝသစ္စာကနေ ပရမတ္ထသစ္စာ၊ ပရမတ္ထသစ္စာကနေ အရိယတ္တသစ္စာ သွားရမယ်။ အဲ ပရမတ္ထသစ္စာအနေနဲ့ ဥပမာလေးပြောရရင် ဒီကနေ ခင်ဗျားကွယ်လွယ်ဘက်ကမ်း မြင်ပါ့မလား ဘယ်မြင်ရ မလဲဗျာ၊ ဒီကနေ မြောင်းမြကမ်းခြေဖက် လျှောက်သွား မယ် အဲဒါ မဂ္ဂေါလမ်း၊ ကွယ်လွယ်ဖက်ကမ်းကို ဒီကနေ

ကုန်းကြောင်းလျှောက်၊ မြောင်းမြဘက်ကမ်းခြေကကြည့်။ ကွယ်လွယ်ဖက်ကမ်း လူဘယ်နှစ်ယောက် ရပ်နေလဲ ဒကာနှစ်ယောက်၊ ဒကာမတစ်ယောက် အဲလူသုံးယောက် ရပ်နေတာ မြင်ရတယ်၊ တစ်ဖက်ကမ်း ကကြည့်ရင် တစ်ဖက်ကမ်းမြင်နိုင်တာပဲ။

## မဂ္ဂင်ရှစ်ပါးနဲ့သွား၊ လမ်းဆုံးတော့ ရွာတွေ့မယ်

အဲဒီတော့ ဒီကသွားတာက မဂ္ဂေါလမ်း၊ သမ္မာဝါစာ၊ သမ္မာအာဇီဝ၊ သမ္မာကမ္မန္တ၊ မှန်တာကိုပြောပါ၊ မှန်တာကိုကျင့်ပါ၊ မှန်တာကို အသက်မွေးပါ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ အဲဒါ သမာဓိ မဂ္ဂင်ပဲ။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ အဲဒီမဂ္ဂင်လမ်းဆုံးတော့ ရွာတွေ့တာပေ့ါဗျ။ အဲဒါတွေကို ကိုယ့်ဖအေတွေ၊ ကိုယ့်မအေတွေ၊ ကိုယ်ညီအစ်ကိုကြီးတွေ အဲဒါ သေမျိုးတွေ သီလမပါရင် ဟာ! အူလည်ချာပေါက်တွေဖြစ်ကုန်မယ်ဗျို့ ဒါကြောင့် ဦးဇင်းက ခင်ဗျားတို့ကို သီလရစေချင်တာ၊ သီလမပါရင်

ခင်ဗျားတို့ ဒါနသိပ်အားမကိုးနဲ့ သီလကအရေးကြီးတယ် သီလဝိသုဒ္ဓိ ဖြစ်အောင် မနေ့ဘဲ စင်ကြယ်ပါ ကိုယ့် ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့ရွယ်တူကို ကြင်နာပါ၊ ကိုယ့်အောက်ငယ်သူကို သနားပါ။ ကိုယ်ကျင့်တရား ထားပါ၊ ဗြဟ္မာစိုရ်တရား ထားပါ။ သံဝေဂတရားထားပါ၊ ကိုယ့်ကိုယ်ကို မာန်တွေ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန် တွေ၊ စာမာန်တွေမစွဲနဲ့ စိတ်ပါတဲ့ အလုပ်နဲ့ စိတ်မပါတဲ့ အလုပ် ခင်ဗျားပေါ်မူတည်တယ် စိတ်ပါရင်ခင်ဗျား ကံဖြစ်သွားပြီ၊ ကောင်းတဲ့ကံ တွေလုပ်၊ မကောင်းတဲ့ ကံတွေမလုပ်နဲ့။

**အပြင်မှာစင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်၊**
**ခန္ဓာမှာစင် ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။**

အဲဒီတော့ လူကြီးတွေ လေးစားရမယ်၊ ရိုသေ ရမယ်၊ ခင်ဗျားတို့ ရိုသေမှ ဒီတရားတွေရမယ်၊ ဒီကုသိုလ်

တွေ့ရမယ်၊ ဘယ်မြောင်းပေါက်ပေါက် စိတ်ပါပါပေါက်၊ အဲဒါကုသိုလ်ပဲ မလုပ်ချင်ရင် ခင်ဗျားမနေနဲ့ အကုသိုလ်ကံဖြစ်တယ်။ ဒေါသဖြစ်တယ် လုပ်လဲလုပ်ရ သေးတယ် အကုသိုလ်ကံလဲဖြစ်တယ်။ အဲဒါ ကိုယ့်ရှုးကိုယ် ပတ်နေတယ်၊ ကံပြန်နိမ့်နေတယ်၊ အဲဒါတွေ နေတတ်ဖို့၊ စားတတ်ဖို့ သွားတတ်ဖို့လိုပါတယ်၊ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်၊ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာ စင်ကြယ်မယ်၊ ဘုရားကဟောထားတယ် သမုဒိသစ္စာတဲ့ သမုဒိသစ္စာဆိုတာ ပညတ်နယ်မှာ အဖေအမေကို ရိုသေရမယ်၊ ဆရာသမားကိုလေးစားရမယ် ရပ်ကွက်အစိုးရမင်းများကို ရိုသေရမယ် ဒါမှရမှာ ခင်ဗျားတို့မှာ မာန်တွေဖြစ်နေတော့ ခက်ပြီ။ အစိုးရဆိုတာ တိုင်းပြည်အုပ်ချုပ်တာဗျ၊ ဗမာအစိုးရအုပ်ချုပ်တာ၊ သိပ်ထူးတာ ခင်ဗျားတို့ ဂျပန်ခေတ်တုန်းက အရိုက်ခံရတယ် ဂျပန်ကပါးမှ ရိုက်တာဗျ လက်သည်းတွေ ပလာယာနဲ့ ဆွဲချွတ်တာ ထောင်ထဲက လူတွေကိုလည်း အကုန်ဆွဲထုတ်ပြီး သတ်တာဗျ ဦးဇင်းကသိတယ် ဂျပန်ခေတ်လည်းမှီတယ်ဗျ

အင်္ဂလိပ်ခေတ်လည်းမှီတယ်ဗျ ခေတ်တွေမှီတယ်ဗျ ဒါကြောင့် စေတနာထားပါ အစိုးရ မင်းများကို (ဟုတ်ကဲ့ဆရာကြီးရယ်)၂ ဟုတ်ကဲ့ ကျွန်တော် လုပ်ပေးပါ့မယ်။ စေတနာထားပါ စေတနာမရှိရင် ခင်ဗျားလုပ်လဲ လုပ်ရသေးတယ် အကုသိုလ်ကံကြီး၊ ခင်ဗျား အကုသိုလ်ကံဆိုကတည်းက သီလပျက်ပြီ ဒါကြောင့် စေတနာဖိုလ်တွေသီလဗိုလ်တွေ၊ သဒ္ဓါဗိုလ်တွေ ဝီရိယဗိုလ်တွေ သမာဓိဗိုလ်တွေနဲ့ ကျင့်ရင်ရမယ်၊ ဟာ! ဒီတရားတွေ ဘာကောင်းလဲဆိုရင် ခင်ဗျားတို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် တွေဆိုတာတကယ်ရှိတယ် အတွင်းမှာ ကိုယ်မှန်ဖို့ အရေးကြီးတယ်။

## သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။

ဦးဇင်း ခုနကပြောတဲ့ ပါစိတ် အာပတ်၊ ဒိသေသ်အာပတ်၊ ဦးဇင်းညစာစားတယ် ဝန်ခံတယ်။ ခိုးရင်ခိုးတယ် ပြောတယ် လိမ်လို့မရဘူး သစ္စာကိုးဗျ။ ဒါပေမယ့်

ဦးဇင်းစိတ်ကိုခင်ဗျားတို့ သိသလား ကာမသ၀၊ ဘ၀ါသ၀၊ ကံကိုတော့သဘောပေါက်ပြီ ဒုစရိုက်ကိုရော ကြားဖူးလား ဒုစရိုက်ဆိုတာ ဥပမာ - ဦးဇင်းက စာမတတ်ဘူး ခုနက မနေ့ကကံ အကြောင်းပြောပြီးသွားပြီ အခု ဒုစရိုက် အကြောင်း ပြောမယ်၊ ဟာ! ထိုင်တွေးတယ်၊ ထိုင်တွေး တယ်ဗျို့ ညသန်းခေါင်ယံကျတော့ ကြံစည်တယ် တွေးတာ တွေးတာပဲ ကြံစည်တာကကြံစည်တာပဲ ပြုလုပ်တာက ပြုလုပ်တာ အဲဒီအချက်သုံးချက် အထမြောက်သွားတဲ့ အတွက် ဒုစရိုက်ခေါ်တယ် တွေးကြည့်ပါ။ မလွယ်ပါဘူး ဒါဒုစရိုက်အကြောင်းပြောတာ ဒါသဘောပြောတာပါ။ ဘုန်းကြီးလည်းလူပဲဗျ တွေးကြည့် သူလဲ ဒီဘ၀က လွတ်ချင်လို့ သူ့အကျင့်၊ သူ့သီလကို စောင့်ထိန်းတယ် ကိုယ်လည်းကိုယ်သီလကို စောင့် ထိန်းတယ် ပြန်ကြရမှာ ကိုယ့်စိတ်ကိုယ်စစ် သူများစိတ်ကို မစစ်နဲ့ သူများ အကြောင်းတွေ ကိုယ့်အကြောင်းမလုပ်နဲ့။

**ဒုက္ခဝေဒနာကျတော့ စိတ်မချမ်းသာဘူး**
**သုခဝေဒနာကျ တော့ စိတ်ချမ်းသာတယ်**
**အာသဝေါလေးပါးမ လွတ်သေးဘူး။**

အဲဒီ အာသဝေါတရားတွေက မလွတ်ဘူး ခင်ဗျား တို့ မလွတ်တာပြောပြမယ် ဥပမာ လူတစ်ယောက်က မောင်ဖြူရေ မောင်ဖြူ မင်းကိုငါ ငွေ နှစ်ရာပေးမယ်ကွ ဆိုရင်ဟာ၊ အဲ့ဒီငွေနှစ်ရာအပေါ်ကို ဒီအာရုံက သွားစွဲ တာအဲဒါ အာရုံကိုသွားစွဲတာကာမ်ခေါ်တယ်၊ ခြေမထိ လက်မထိနဲ့၊ သာယာတာ၊ သောမနစိတ်ဖြစ်တာ၊ အဲ့ဒါ ကာမ်ခေါ်တယ်။ မကောင်းတာတွေဖြစ်တော့ အဲသူ့ကို ရိုက်ချလိုက်တယ်၊ မင်းကိုငါမပေးတော့ဘူးကွာ ဆိုရင် ဒေါမနဿဖြစ်တယ်၊ ကာမ်ဖြစ်တယ်။ အာရုံကသွားစွဲတာကိုး၊ ခြေမထိ လက်မထိ ပဲနဲ့ကာမ်ဖြစ်တာ။ ဟာ ညီလေးရေ လာကွာ ဖဲသမားကိုးဗျ ကိုယ်ကလဲ ဖဲရိုက်၊ သူကလည်း ဖဲရိုက်၊ ဘယ်နေရာမှာ ဖဲဝိုင်းရှိတယ်ကွဆိုရင် ဝမ်းကိုသာ နေတာ၊ အဲဒီအာရုံကိုသွားပြီးတော ဘဝင်ကစွဲတာ၊

အဲဒါအာရုံခေါ်တယ်၊ သူ့ကိုဆဲလိုက်ပြန်တော့လည်း သွားစွဲတယ်။ ကောင်းတာလဲစွဲတယ်။ မကောင်းတာလဲစွဲ တယ်။ တွေးတောကြည့် အဲဒါအာရုံနှစ်ပါးခေါ်တယ်၊ တရားထိုင်တဲ့အခါ ဒုက္ခဝေဒနာ၊ သုခဝေဒနာတွေ ပေါ် တယ်။ ဒုက္ခဝေဒနာကျတော့ မထိုင်ချင်ဘူးဘူး၊ သုခ ဝေဒနာကျတော့ စိတ်ကချမ်းသာတယ်။ အဲဒါရုပ်နဲ့ ပတ်သက်တဲ့နာမ်၊ အာရုံနဲ့ပတ်သက်တဲ့နာမ်၊ အဲဒီ အာသဝေါတရားလေးပါးကို မလွတ်သေးဘူး၊ လွတ်တဲ့သူ ရှိသလို မလွတ်တဲ့သူရှိတယ်။

## သီလစင်ကြယ်လို့ နတ်၊ ဗြဟ္မာတွေက စောင့်ရှောက်တာ

ရေပုလင်း၊ သူ့ဟာသူယူလာတာ၊ ဟာ ခင်ဗျားတို့ သောက်ကြည့် ယုံရင် ပျောက်မယ်။ မယုံကြည်တဲ့သူ သွား မသောက်နဲ့၊ ဘာမှမဖြစ်ဘူး။ ရောဂါဆိုတာရှိတယ်။ သွေးရိုးသားရိုးရောဂါ၊ ပရေယာဂရောဂါရှိတယ်၊ ပယောဂ

ဆိုတာ စုန်းပြုစားထားပေါ့ဗျာ။ သွေးရိုးသားရိုးတော့ မပြောတတ်ဘူး။ ခုနက ဖုတ်ဝင်တယ်၊ သုံးနှစ်လဲမသေ၊ လေးနှစ်လဲမသေ၊ အဲဒီဖုတ်က အိမ်ရှင်တွေကို ဒုက္ခပေးနေတယ်။ အဲဒါပင်ကြည့်ပေါ့ဗျ၊ ငါးပြားတောင်မပေးရဘူး၊ ဘုန်းကြီးလက်ဝါးနဲ့သွားကိုင်တာနဲ့ သုံးလေးရက်ကြာရင် သေတာပဲ။ ဘုန်းကြီးကတော့ မင်းအမေသေမှာပဲ၊ မင်းအဖေသေမှာပဲလို့ သူများစိတ် မချမ်းသာအောင် မပြောဘူး။ (သြော်အေးအေး)၂ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ ရပါစေ၊ ခင်ဗျားရောဂါတွေ ဦးဇင်းဆီကို ရောက်ပါစေလို့ပဲ ပြောပါတယ်။ မထူးဘူးလား၊ အဲဒါဘာလဲဆိုရင် ဝိသုဒ္ဓိဖြစ်တော့ နတ်ဗြဟ္မာတွေလာစောင့်ရှောက်တာ၊ သူ့သီလက စင်ကြယ်နေလို့။ ဟိုတုန်းက အရက်လိမ်သောက်၊ ဖဲလိမ်ရိုက်တာ၊ မကောင်းတာတွေ လိုက်စားတုန်းကတော့ ဒီလိုမဖြစ်ဖူး၊ အခုကိုယ်ကလဲ မလိုချင်ဘူး၊ အဲဒီကျမှ လှူတဲ့သူတွေကလဲ လာလှူတော့တာဘဲ။

# သီလရဲ့တန်ခိုး

ပိန္နဲကုန်းဘုရားအပါအဝင် လှူတဲ့လူကလည်း လှူပါ တယ်ဗျာ၊ ဘိဘပ်မြေတစ်အိတ် ခြောက်ရာကျော်၊ သွပ်တစ်ချပ်သုံးရာကျော်တယ်၊ နိုင်ငံတော် အစိုးရဆီမှာ လည်း ဒီကသွားမလျှောက်ဖူး၊ သူများစိတ်ဆင်းရဲ အောင်လည်း မလုပ်ချင်ဘူးဗျ၊ ဗိုလ်ကြီး ကျွန်တော့်ကို ပေးပါလို့ မပြောဘူး၊ သူ့ခမျာစိတ်ရှုပ်မှာစိုးလို့ မပြောဘူး၊ ဦးဇင်းကြီးအနေနဲ့ပြောတာ၊ ဒကာ ဒကာမတွေဆီက သူ့ဘာသာလှူရင်လဲယူမယ်၊ မလှူရင်မယူဘူး၊ အစိုးရ ကိုလည်း စိတ်ညစ်အောင် သွားမလုပ်ဘူးဗျ၊ အဲဒီလို နေတာပါဗျာ၊ အစိုးရဆီကခွဲတမ်းတွေမတောင်းပါဘူး။ သူ့ခမျာ စိတ်ညစ်မှာစိုးလို့ ဆရာကြီးတွေ စိတ်ချမ်းသာ ပါစေ။ ဦးဇင်းလည်း မပြီးပြီးအောင် လုပ်ပေးမယ်၊ ကျောင်းလဲ မပြီးပြီးအောင် လုပ်ပေးပါမယ်ဗျာ။ ဒါ့ကြောင့် ဒကာ၊ ဒကာမတွေ ကလည်း လှူတယ်၊ အကြီးအကျယ် လှူပါတယ်ဗျာ၊ အဲဒီတော့ အဓိကကဘာလဲဆိုတော့

သီလတန်ခိုးတွေ၊ ဟိုတုန်းက သီလမကောင်းခဲ့ဘူး။ သူများဟာခိုးချင်တယ်၊ လုချင် တယ်၊ လိမ်ချင်တယ်၊ စာရိတ္တပျက်တယ်၊ သီလပျက်တယ်၊ ကံနိမ့်တယ်၊ ကံနိမ့်တော့ ဆေးလိပ်တိုတောင် မသောက် ရဘူးနော်။

## ကံကိုလွန်ဆန်လို့မရဘူး

အာသဝေါတရားဆိုတာက သောမနဿ၊ ဒေါမနဿ အာရုံကြောင့် ကံဖြစ်တယ်ဗျ၊ ရုပ်ကြောင့်လည်း ကံဖြစ်တယ်ဗျ၊ ခင်ဗျားတို့ တွေးကြည့်ပေါ့ဗျာ၊ အဲဒီတော့ ခုနကတွေးတာ မနောကံ၊ ကြံစည်တာက တစ်ကံ၊ နှစ်သက်တာက တစ်ကံ၊ အဲဒီကံ သုံးကံသွားတွဲဘက်ဖြစ်လိုက်တော့ ဒုစရိုက်လို့ခေါ်တာ။ အဲဒါမပစ်နိုင်မခွာရက်ဖြစ်တယ်။ အဲဒီကံလေးတွေက သေးပါတယ်။ အပါယ်ကျတယ်လို့ ပြောတာမဟုတ်ဘူး။ အပါယ်ကျတဲ့စိတ် က ဘယ်လိုလဲ။ လောဘတွေ၊ ဒေါသတွေနဲ့။ လိမ်လိုက်၊ ခိုးလိုက်၊ လုလိုက်၊ ဝက်တွေ၊ ကြက်တွေ

သတ်လိုက်၊ သူများအပေါ် မဟုတ်တာတွေ မစ္ဆရိယစိတ်၊ မနာလိုတဲ့စိတ်၊ လူကြီးတွေလည်း မရှိသေတော့ဘူး၊ ပိုက်ဆံရှိတိုင်း လျှောက်လုပ်နေတာ၊ အဲဒီတော့ ဝက်သတ်လိုက်၊ ကြက်သတ်လိုက် လောဘ၊ ဒေါသတွေဖြစ်နေတာ သူမသိဘူး၊ ကံကိုနားမလည်ဘူး၊ ဟာ- ငါရှာလို့ ငါရတာ၊ ငါလုပ်လို့ ငါဖြစ်တာ၊ ငါ ဆယ်သိန်းရှိလို့ ဆယ်သိန်းနဲ့ ရင်းတာ ကံကွ၊ ကံဆိုတာလေ ပြောပြမယ် လွန်ဆန်လို့ မရဘူး၊ ကံဆိုတာ တသမတ်တည်း ကောင်းမယ်လို့ မင်းမထင်နဲ့၊ ကံဟာ နိမ့်ချင်နိမ့်တာကွ၊ မင်းမလုပ်နဲ့ ဟဲ့ကောင်ရဲ့၊ ကံကိုလွန်ဆန်လို့ မရဘူးကွ၊ ကံနိမ့်တဲ့အခါ ကျတော့ မင်းဒုက္ခရောက်တာပဲကွ။ အဲဒီတော့ အဲဒီလို ကံမြင့်အောင်လှူကြပါ တန်းကြပါ။ ဆရာကြီးတွေရဲ့ စကားတွေ နားထောင်ပါ။ ဒါကောင်းတဲ့ ကုသိုလ်၊ ကိုယ်စေတနာ မှန်ဖို့က အရေးကြီးတယ်၊ ဟောရော့ ကျွန်တော်တို့လှူမယ်ဗျို့၊ လှူမယ်ဗျာ၊ ဂေါပက လူကြီးတွေ ကျွန်တော်တို့ လှူမယ်ဗျာ၊ ဒါအင်မတန် ကောင်းတဲ့ ကုသိုလ်တွေပါ။

## အာရုံခြောက်ပါးလွတ်တဲ့ဘုန်းကြီးရှားတယ်။ တွေ့အောင်သာရှာပေတော့။

"ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယော"တဲ့ ဘုရားဟောထားတာနော်၊ အင်မတန်ထူးပါတယ်၊ အဲဒီတော့ ကံပြတ်တဲ့ လူကိုလှူတာ၊ ကံမပြတ်တဲ့လူကို လှူတာမတူဘူးဗျာ။ အဲ သဘောလေးတွေ။ အဲဒီ ဒါနနဲ့ နိဗ္ဗာန်ရောက်တာရှိတယ်၊ မရောက်တာရှိတယ်။ သီလနဲ့ နိဗ္ဗာန်ရောက်တာရှိတယ်။ မရောက်တာရှိတယ်။ ခင်ဗျားတို့ စိတ်ပေါ်မူတည်တယ်၊ ဒါနနဲ့ နိဗ္ဗာန်ရောက်တယ်ဆိုတာ ဘယ်လိုလဲ၊ ခင်ဗျားက ပုဗ္ဗ၊ မုဥ္စ၊ အပရ ဆိုတဲ့စေတနာမှန်ရမယ်၊ ယုံကြည်တဲ့စေတနာ။ ဘာလဲ?။ ဘုရားအစစ်၊ တရားအစစ်၊ သံဃာ အစစ်ကွ၊ ငါယုံကြည်တယ်၊ အဲဒီယုံကြည်တဲ့အသိကနေ စေတနာ အသိ၊ ပိုက်ဆံ ငါးကျပ်ပါတယ်၊ ငါဒီ ဘုန်းကြီးကို လှူချင်တယ်ကွာ၊ ဒါလေး ပေးလိုက်မယ်၊ ညောင့်စေ့လောက်လှူပြီး ညောင်ပင်ကြီးလောက် ရမယ့်သူက စေတနာပါကိုးဗျ၊

မနောက စေတနာပါ ထားတာ၊ ယုံကြည်ထားတဲ့ စိတ်တွေဗျ၊ အဲဒါ ပရမတ်စိတ် တွေခေါ်တယ်၊ အဲဒီ ဝတ္ထုငါးကျပ်က ပညတ်ခေါ်တယ်၊ နှလုံးသားထဲက စေတနာက ပရမတ် ခေါ်တယ်နော်၊ တွဲဘက်သွားတာ၊ အလှူခံတဲ့ ဘုန်းကြီးက အာရုံခြောက်ပါး လွတ်ရမယ်၊ တကယ်လွတ်ရမယ်၊ ဟာ ဒီလို ဘုန်းကြီးမျိုးတော့ရှားတယ်၊ ရှာပေတော့ တွေ့အောင်ရှာ မေးပေါ့။ ခင်ဗျားတို့ ကျင့်တဲ့ သူကိုသာမေး၊ အဲဒီဘုန်းကြီးကလည်း ကံပြတ်ထား တာနော်၊ သူ့ဝမ်းထဲ မှာ ဉာဏ်ရှိတယ်။

## ဉာဏ်ကမစွဲတာ၊ မစွဲတဲ့သူ့နှလုံးသားရဲ့ တူတဲ့ စရဏကို ရမယ်။

အတွင်းဉာဏ်၊ အပြင်ဉာဏ်ရှိတယ်၊ အပြင် ဉာဏ်ကတော့ ခင်ဗျားမေးခွန်းတွေမေးတယ်၊ ဦးနှောက် ကောင်းကောင်းနဲ့ ခင်းဗျား မျက်စေ့မြင်တာပေါ့၊ အဲဒါ လောကီဉာဏ်ခေါ်တယ်၊ မြင်ပြီး ဦးနှောက်ကောင်း

ကောင်းနဲ့ စာမေးပွဲကိုဖြေတာ၊ ဒီဘာသာ၊ ဒီဂဏန်း ငါဒါဖြေရင်ဖြစ်မှာ အဲဒါ သုတမယဉာဏ်ခေါ်တယ်၊ အတွင်းဉာဏ်က သူပဲသိတယ်၊ အဲဒီဉာဏ်က နတ်လည်း မသိ၊ ဗြဟ္မာလည်းမသိဘူး၊ လူလည်းမသိဘူး၊ ဒါသဘော လေးပဲ။ အဲဒီတော့ ဘာသိလည်း စိတ်ကလေးငြိမ်တာ၊ ဟိုက သမထ ပုဂ္ဂိုလ်ကြီးက သူ့ကိုသမထအားနဲ့ ဆွဲကြည့် တာ၊ သူဟာ မနေသာထူးပါလား၊ ဒါပဲသိတယ်၊ ဉာဏ်ကို မသိတော့ဘူး၊ ဉာဏ်ဆိုတာ အင်မတန်မှထူးပါတယ်၊ ဒါ့ကြောင့်မို့လို့ အဲဒီပုဂ္ဂိုလ်မျိုးကို လှူရင်၊ သူက တကယ်မစွဲတာ၊ ကံကစွဲတယ်၊ ဉာဏ်ကမစွဲဘူး၊ အဲဒီမစွဲတဲ့ သူ့နှလုံးသားရဲ့ စေတနာကို ရမယ်၊ တူတဲ့ စရဏကို ရမယ်၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ စရဏ ဆိုတာကျင့်တာကို ခေါ် တယ်။ ပါဠိလိုပြောရင် စရဏ၊ အဲဒါ ကျင့်တာ၊ ဘာကျင့် တာလဲ? စိတ်ကျင့်တာ၊ အဲဒီတော့ တူတဲ့စရဏကို ရမယ်။ သူ့လောက်တော့ မခံစားဘူးပေါ့ဗျာ၊ ခင်ဗျားက ဘာအဆင့်လည်း ဆိုရင် သောတပန်အဆင့်ပေါ့ဗျာ၊ သဘောလေး ပြောတာပါနော်။

**ဝိပဿနာလုပ်ပါ၊ ပိုက်ဆံလည်းတစ်ပြားမှမကုန်ဘူး**

ဥပမာ ဦးပဏ္ဍိတပြောပါဦးမယ်ဗျာ၊ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ကြပါ။ အဲဒီတော့ ခင်ဗျားတို့ သဘောလေးပြောတာ၊ သစ္စာနဲ့ဟောတာ၊ အကယ်၍များ ဘုရားရှိခိုးတယ်၊ ရွှေတိဂုံဘုရားကြီးသွားသွားရှိခိုးတယ်၊ ဒီလိုရှိခိုးတိုင်းသာ အပါယ်ပိတ်မယ်ဆိုရင် ဦးဇင်းတို့ ရှိခိုးမယ်။ ခင်ဗျားတို့တွေးပါ၊ အဲဒါဘာလဲ? ကံပဲ၊ ဒီနေ့ ရှိခိုးပြီး မနက်ဖြန်၊ သဘက်ခါ စိတ်တွေ မမှန်တော့ဘူးဗျ၊ ဒီဝိပဿနာတရားကိုလုပ်ပါ၊ ပိုက်ဆံလည်းတစ်ပြားမှ မကုန်ဘူး၊ ကိုယ့်အိမ်လေးမှာ ကိုယ်လုပ်၊ အဲဒီလူကြီးများ ပြောတာလဲနားထောင်၊ ခံမပြောနဲ့၊ ဘာတစ်ခုမှ ပြန်မပြောနဲ့၊ အခုခိုင်းရင် အခုလုပ်ပေးလိုက်၊ စေတနာပါအောင် လုပ်ပေးလိုက်၊ ယဉ်ယဉ်ကျေးကျေးသိမ်သိမ်မွေ့မွေ့နဲ့ ပစ္စုပ္ပန်မှာ သမုတိသစ္စာ ယဉ်ကျေးသိမ်မွေ့စွာနဲ့နေမှ၊ သူတော်ကောင်းလို နေမှ ပရမတ်ကိုရမှာ၊ အဲ ပစ္စုပ္ပန်မှာ သူတော်ကောင်းလိုမနေရင်၊ ပရမတ်တရားရဘို့ ခင်ဗျား

တို့တွေးကြည့်ပေါ့ဗျာ၊ ဒါ့ကြောင့်မို့ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာသုံးရပ်ရှိတယ်။ ပရိယတ္တိ ဆိုတာ ခင်ဗျားတို့တွေးကြည့်ပေါ့ ဒါထိပ်ဆုံးကတင်ထား တာ၊ သူဟာ သာသနာပြုပေးနိုင်တဲ့ မိခင်ကြီးခေါ်တယ်၊ သူကမွေးထုတ်မှ သားသမီး လူစွမ်းကောင်း ပါလိမ့်မယ်။ ဒါ သဘောလေး ပြောတာပါ၊ အဲဒီသားသမီးထဲက ပရိယတ္တိရဲ့ ဝိနည်းနဲ့ ဒေသနာတွေနဲ့ကျင့်တယ်၊ ဒီလိုကျင့်မှ ရမယ်၊ ဝိနည်းမှန်မှ၊ ပရိယတ္တိမှန်မှ၊ ပဋိပတ္တိကိုကူးမှာ ကူးအောင်လုပ်ရင်ကူးတယ်။ သူတို့ဒီလိုအဆင့်တွေရှိတယ်၊ ဒါ့ကြောင့် ရဟန်းသံဃာတွေ လုပ်ရမယ့် တရားတွေပါ။ သူ့အသိနဲ့သူ၊ ကိုယ့်အသိနဲ့ကိုယ်ပါဗျာ။

## အတ္တနဲ့ယူသလား၊ အနတ္တနဲ့ယူသလား၊ သူ့အပေါ်မူတည်တယ်။

ဝါဆိုလပြည့်၊ ခင်ဗျားတို့ပြောပြီ။ ဩဝါဒ-မနက်ဖြန်ခါတဘက် ဝါဆိုလပြည့်၊ ဘုရားဟာ ဥတုသုံးမျိုးမှာရှိတယ်၊ နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု အဲဒီတော့

ဒီဥတုဟာဘာလဲ၊ ဆောင်းဥတုလည်းမဟုတ်ဘူး။ ပူတဲ့လလည်းမဟုတ်ဘူးဗျ၊ အဲဒီ ဝါဆိုလ သုံးလလေးဟာ အင်မတန်အေး။ အင်မတန်ချမ်းသာတဲ့လ၊ မိုးကလေးကရွာ၊ အင်မတန်ကောင်းတဲ့ဥတု၊ အဲဒါ ဝိပဿနာလုပ်ရမှာ၊ အဲဒါကိုဘုရားက ဒီဥတုသုံးမျိုးထဲက ကောင်းတဲ့ဥတုကို ချပေးတာ၊ အဲဒါ ဝါဆိုတာဗျနော်။ အခုတော့ဟာ- ဝါဆိုလပြည့် ကပ်လိုက်တဲ့သင်္ကန်းတွေ၊ လုပ်တာကောင်းပါတယ်ဗျာ၊ ဦးဇင်း ဘာမှ မပြောပါဘူး။ အဲ-ဒကာ ဒကာမတွေက ရပြီ။ ယူထားတဲ့လူကတော့ မပြောတတ်ဘူးဗျို့၊ အတ္တနဲ့ယူသလား၊ အနတ္တနဲ့ယူသလား။ သူ့အပေါ်မူတည်တယ်။ အနတ္တနဲ့ယူရင်တော့ ထူးတယ်ပေါ့ဗျာ၊ အတ္တကြီးနဲ့ယူရင်တော့ ခင်ဗျားဒုက္ခပဲ၊ အဲဒါ ခင်ဗျားစိတ် ခင်ဗျားစစ်၊ ရဟန်းလုပ်တာ မချောင် ပါဘူး၊ လူလုပ်တာကမှ လွယ်သေးတယ်။ အဲဒီတော့ ဦးဇင်းက စာမတက်ဘူး၊ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ၊ စာမှ မတက်တာကိုးဗျ။

## ဘုရားကိုစေတီကကွယ်တယ်၊ တရားကိုစာကကွယ်တယ်၊ ရဟန်းကို သံဃာကကွယ်တယ်

ဦးဇင်းကျောင်း ပရဝုဏ်အတွင်း ဦးဇင်း ဒကာမ လာတယ်၊ ဟာ! ဒါ ဘုရားအရေ (အရေခြံုသက်န်း)၊ ငါ သစ္စာ၊ အဲ ဒုက္ခ သစ္စာ၊ သမုဒယ သစ္စာ၊ နိရောဓ သစ္စာ၊ မဂ္ဂ သစ္စာ၊ လူဟာတော်တော် အရေးကြီးတယ်ဗျ။ တရားဟာ တရားပဲဗျ၊ အဝိဇ္ဇာဗျ၊ ဒါ အဝိဇ္ဇာ၊ ဥပမာ လေးပြောရင် ဖွဲတစ်ဆုပ်မနိုင်မှတဲ့၊ သေမှ မနိုင်တာဗျ၊ ဖွဲတစ်ဆုပ်နိုင်ရင် ဒီစိတ်ရှိသေးတာပဲဗျ၊ တွေးပါ။ ဦးဇင်း စာမတတ်ဘူးနော်၊ အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း သစ္စာနဲ့ နေတာ၊ နတ်တွေ သိကြားတွေက စီးကြည့်နေတာ၊ ဘာလုပ်လဲ ပဏ္ဍိတ၊ ဟာ! လူမကြောက် ဘူး၊ အဲဒီ ပုဂ္ဂိုလ်ကြောက်ရတယ်နော်၊ ဒါကြောင့်မို့ သစ္စာရှိတယ်ကွ၊ ဒါကြောင့် ဒီရေပုလင်းတွေက ဆေးဖြစ် တာ၊ ခိုင်းပါ၊ လာပါ ခိုင်းပါ၊ မြောင်းမြမြို့က ကိုယ့်ဖအေ

တွေ မအေတွေ ဘယ်သူခိုင်းခိုင်း လုပ်ပေးပါ့မယ်၊ အဲဒီတော့ ယုံကြည် တာနဲ့ မယုံကြည်တာ၊ အဲဒါကွာတယ်၊ မယုံကြည်ရင်တော့ မတက်နိုင်ဘူးပေါ့ဗျာ၊ တကယ်ကျင့်ထားတာပါ။ စာတော့ မတတ်ဘူး။ စာမတတ်တော့ အခုတရားဟောသွားတာ အစီအစဉ်မကျဘူး၊ အာရုံကျသလို ဟောသွားတာပါ။ ဘာပဲဖြစ်ဖြစ် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဒီဘဝ မတော်တဆ အပါယ်လေးဘုံ ကျသွားရင် မလွယ်တော့ဘူး ဒကာကြီးရေ၊ မချောင်တော့ဘူးနော်။ ဒီဘဝမှ ပိုက်ဆံမရှိရင် ရှာရင်ရတယ်။ တရားအစစ်၊ သံဃာအစစ်၊ ဘုရားအစစ်၊ ရအောင်သာရှာ။ ဥပမာလေး ပြောမယ်၊ ဘုရားကို စေတီကကွယ်တယ်၊ တရားကို စာကကွယ်ထားတယ်၊ ရဟန်းကို သံဃာကကွယ်ထားတယ်၊ တွေးကြည့်ပေါ့ဗျာ၊ ဒါသဘော လေးပဲပြောတာပါ။ ဒီလောက်ဆိုတော်ရောပေါ့ဗျာ။

## ဝိသုဒ္ဓိခမ္မာသဗ္ဗာတရားတော်အမှတ် ( ၆ )

## ၁၉၉၁ ခု၊ အောက်တိုဘာ (၂၈)ရက်နေ့ မြောင်းမြမြို့ ရွှေသာလျှောင်းဘုရားတွင် ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတဟောကြားခဲ့သော ခန္ဓာကျင့် ခန္ဓာသိတရားတော်

### မနောလေးဟာ နှလုံးသွင်းမှန်ဘို့အရေးကြီးတယ်။

ဦးဇင်းက စာမတတ်ပါဘူးဗျာ။ တောထွက်ကြီး စာမတတ်ဘူး၊ အဲဒီတော့ တရားဟာ ပညတ်တရား၊ ပရမတ်တရား ရှိပါတယ်ဗျာ။ ပညတ်မှာလည်း တရားရှိပါတယ်။ ပရမတ်မှာလည်း တရားရှိပါတယ်။ အဲ ခုနက အဝိဇ္ဇာမှာလည်း တရားရှိပါတယ်။ ဝိဇ္ဇာဉာဏ် မှာလည်း တရားရှိပါတယ်။ ဒါပေမယ့် အဝိဇ္ဇာဆိုတာ

အာရုံခြောက်ပါးအပေါ်မှာမလွတ်ကင်းကြဘူး၊ မိမိရဲ့ နှလုံးသား မနောလေးဟာ နှလုံးသွင်းမှန်ဖို့ အရေးကြီး တယ်။ ဘယ်လိုနှလုံးသွင်းမှန်ဖို့ အရေးကြီးလဲ၊ စက္ခု အာရုံ ကြောင့် မြင်တော့မြင်ပြီပေါ့။ မြင်ဖို့ထားတဲ့မျက်စိနော်၊ ဒါသဘာဝမျက်စိလေးမြင်တဲ့ အခါကျတော့ ငါ့ပစ္စည်း တွေပါလား၊ ငါပိုင်ဆိုင်တဲ့ပစ္စည်းတွေ၊ အဲဒီပစ္စည်းတွေကို တဖက်သားသူက နင်ပဲကဆ မတော်မတရား လုပ်လိုက် တော့ အဲဒီလို လုပ်တာလဲမြင်တယ်၊ အဲဒီပစ္စည်းတွေ ယူ သွားတာလဲမြင်တယ်။ အဲဒီပစ္စည်းကိုစွဲတာက တဏှာခေါ် တယ်။ ပစ္စည်းစွဲတာက တဏှာ၊ ပစ္စည်းတွေရဲ့ အမျိုး အမည်ကို မှတ်သားတာက ပါဠိလို သညာ၊ ဒါဟာ စိတ်ပိုင်းနဲ့ ပတ်သက်လို့ ပြောတာပါဗျာ၊ ပြောမှားဆိုမှား ရှိရင် ခွင့်လွှတ်ပါ။ ဦးဇင်းတစ်လုံးချင်းစီ ပြောသွားပါမယ်။ အဲဒီတော့ ပစ္စည်းမှတ်သားတာက ၂၀၀တန်၊ ၉၀တန်၊ ၄၅ကျပ်တန် အဲလို မျက်စိက မြင်လိုက်တာကိုးဗျ၊ စက္ခု အာရုံလို့စာကရေးထားပါတယ်။ အဲမြင်လိုက်တော့ သိတာ

က စိတ်၊ ဘယ်စိတ်လဲ?၊ မနောစိတ်ကလေး အဲဒီမျက်စိနဲ့ မနောနဲ့ သွားပြီးတော့ ပေါင်းလိုက်တဲ့ အခါကျတော့ အဲ ဘာဖြစ်လာလဲဆိုတော့ မှတ်သားတယ်ဗျာ။ အဲဒီဟာလေးက ၂၀၀တန်၊ ၉၀ တန်၊ ၄၅ ကျပ်တန် ၊ ၁ ကျပ် တန် အဲဒါမှတ်သားတဲ့စိတ်၊ မှတ်သားတယ်ဆိုတာ ပါဠိလို သညာခေါ်တယ်ဗျာ။ အဲဒီသညာကို သွားပြီးတော့ စွဲတယ်ဗျာ။ ကြီးကြီးပစ္စည်းကိုစွဲတယ်ဗျာ၊ အဲမနောကစွဲတယ်ဗျ။ စွဲလိုက်တဲ့အခါကျတော့ ဘာလဲ ဥပါဒါန်လို့ ခေါ်ပါတယ်။ တဏှာလို့လည်း ခေါ်ပါတယ်။ အဲဒီလို စွဲလိုက်တော့ အဲဒီစိတ်ကလေးက နှစ်သက်တာ၊ အဲဒါ သင်္ခါရ၊ သင်္ခါရ အနိစ္စ၊ သင်္ခါရ ဒုက္ခ၊ သင်္ခါရ အနတ္တ၊ ဒီအသိဟာ အင်မတန်အရေးကြီးပါတယ်ဗျာ။

## နောက်ဆုံးရဲ့ဘဝတွေပါ

ဦးဇင်းက အတိတ်ရဲ့သဘော၊ အနာဂတ်ရဲ့ သဘော၊ ပစ္စုပ္ပန်ကနေ အလယ်ဗဟိုကနေပြီးတော့၊

ဦးဇင်းကပြောပြပါတယ်။ ဒါ ကိုယ့်ဖအေတွေ၊ မအေတွေ၊ ကိုယ့်အစ်မကြီးတွေ ပြန်ကြရမှာကိုးဗျ၊ ဒါနောက်ဆုံးရဲ့ ဘဝတွေ အင်မတန်ထူးပါတယ်။ ဒီပစ္စုပ္ပန်ဘဝနော်၊ ဘာတွေထူးလဲ? သာသနာတွေနဲ့ ကြုံတွေ့ရတယ်။ ဒီသာသနာရှိလို့ ဒီအသိသိတာပါဗျာနော်၊ ဒီ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ ဒါရှိလို့ သိတာပါဗျာ။ သိရင်မကောင်းတာ ပယ်ရမယ်ဗျာ။ မကောင်းတာတွေ ပယ်ပါ၊ အင်မတန်နစ် သွားမှာစိုးလို့ပါ။ သုံးဆယ့်တစ်ဘုံမှာ ကျင်လည်ကျက်စားပြီးတော့ မကောင်းတဲ့ဘုံတွေရောက်သွားမှာစိုးလို့ပါ။ အဲဒါတော့ ကိုယ့်ရဲ့ အကြောင်းပေါ့ဗျာ။ ဟောတာပြောတာက ဦးဇင်းရဲ့ အကြောင်း၊ အဲ ခင်ဗျားတို့ ဆင်ခြင်ကြပါ။

## ပစ္စည်းကိုစွဲတာတဏှာ

ဦးပဏ္ဍိတ လူအမည်မြမောင် အစကအင်မတန်မိုက်မဲပြီးမကောင်းတဲ့တရားကိုလည်း နှလုံးသွင်းထား

တယ်။ မကောင်းတဲ့တရားကိုနှလုံးသွင်းထားတော့ ဘာဖြစ်လဲ၊ ကံဖြစ်တာပေါ့၊ ကံဖြစ်တော့ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ဒါ ဘုရားဟောထားတဲ့တရားနော်။ အဲဒါ ကိုယ်ကသိတာဗျို့။ အစကမသိဘူးဗျ။ ကာမာသဝဆိုတာ ဘာလဲ? ဩော် ကာမာသဝဆိုတာငါဟာမနောကသွားသွားပြီး စွဲပါလား။ အဲဒီတော့ မနောကစွဲတယ်။ သာယာတယ်ပေါ့ဗျာ။ သောမနဿကံ၊ ဒေါမနဿကံ နော် အဲဒါကံ၊ ဒါလေးတွေကကံ။ ကံအကြောင်းလေးတွေ၊ ဒီ သီလကိုရဖို့ အရေးကြီးပါတယ်။ ဩော် ငါဟာကံပါလား၊ ဘုရားကဟောထားတယ်၊ ကာမာသဝ ဘယ်သဘောကြောင့်၊ ကာမာသဝငါဖြစ်ရသလဲ၊ မိမိစိတ်ကို မိမိစစ်ပါ။ ငါ့စိတ်ကအတ္တစိတ်လား၊ အနတ္တစိတ်လား၊ ဩော် ရွှေတိဂုံဘုရားကြီး ငါရွှေချမယ်ဆိုပြီး ရွှေချတယ်။ ကောင်းမှုကံပေါ့ဗျာ။ အဲဒီတော့ ရွှေတိဂုံဘုရားကြီးအောက်ကဆင်းလာတော့ သူ့ဖိနပ်ပျောက်သွားတယ်ဗျာ။ ဖိနပ်က ၂၀၀တန်ဟာ ပျောက်သွားတော့

စိတ်ထဲမှာတစ်မျိုးဖြစ်သွားတယ်။ ဟိုရွှေချတဲ့ စိတ်က ကုသိုလ်နဲ့ ဒီနေရာမှာ ပစ္စည်းကိုစွဲတာက တဏှာ၊ အကုသိုလ်စိတ်ကလေး မနှောလေး၊ သိပ်ပြီးတော့ မချမ်းမမြေ့ဖြစ်သွားတယ်။ ပစ္စည်းစွဲတာကိုးဗျ၊ တဏှာဘဲ။

## မဂ္ဂင်ဖောင်ကြီးဆိုက်ပေးထားတယ်

ဒါကြောင့်မို့ ပုဗ္ဗ၊ မုဉ္စ၊ ပရ ဆိုတဲ့စေတနာသုံးတန် ဆိုတာက စာအရခေါ်တာ။ ဦးဇင်းကြီး ပြောမှားဆိုမှား ရှိရင်ခွင့်လွှတ်နော်။ စေတနာသုံးတန်အခု ဒကာမကြီးတွေ လှူကြပြီး စေတနာသုံးတန်သည် လှူတဲ့လူလည်း မခြဘူး၊ ငါလှူလိုက်တဲ့ပစ္စည်းလည်းမခြဘူး။ အလှူခံပုဂ္ဂိုလ်လည်း မခြဘူး။ ငါလှူလိုက်တဲ့ ပစ္စည်းလည်းမခြဘူး။ အလှူခံပုဂ္ဂိုလ်လည်းမခြဘူး။ အဲဒါ အနတ္တနဲ့ လှူလိုက်တာပါဗျာ။ တချို့က မျှော်ကိုးပြီးတော့ သူ့လှူရင် ငါဟာ စီးပွားလာဘ်လာဘတွေ အင်မတန်တိုးတက်မယ်ဆိုတဲ့ အသိနဲ့ လှူကြတယ်။ ဒါဟာနှလုံးသွင်းလေးတွေ မှားကြ

မှာစိုးလို့ပါနော်။ ဦးဇင်း က မဂ္ဂင်ဖောင်ကြီး ဆိုက်ပေး တယ်။ တက်ကြဖောင်ပေါ်ကို ဦးဇင်းက ခင်ဗျားတို့ရဲ့ အစား လုပ်သွားတာ။ လုပ်သွား လို့ရတဲ့ ဂမ္ဘီရဉာဏ်နဲ့၊ ဇဝနဉာဏ်နဲ့ ဟောတာပါဗျာ။ စာ တစ်လုံးမှမတတ်ပါဘူး။ ဦးဇင်းလိမ်ပြောရင် မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ လိမ်ပြောရင် ဦးဇင်း က ပါရာဇိကံ ထိုက်ပါတယ်။ ရဟန်းတစ်ပါးလိမ်တာကိုး။ လိမ်ပြီးတော့ သူများ မသနား၊ သနားအောင် သူလိမ် ပြီးတော့လုပ်တာ၊ အင်မတန်နစ်နာပါတယ်။ ခင်ဗျားတို့ လှူတဲ့ လှူအဖို့မှာ မနစ်နာပါဘူးနော်။ ဦးဇင်းက စာမ တတ်လွန်လို့ ဦးဇင်းပြောသွားတာ။

## ငါသိ၊ ငါတတ်၊ ငါ့မယား၊ ငါ့သား၊ ငါပိုင်တယ်၊ ငါဆိုင်တယ် ဆိုတာ အတ္တကြီးဗျ၊ အဲဒါ ဒိဋ္ဌိလို့ခေါ်တယ်

ဦးဇင်းကလည်း ဟောဒီဘဝမှာ ရေထမ်းရတယ်။ လူတွေနှိပ်ရတယ်။ ဩော် ငါပညာအရည်အချင်းမရှိဘူး။

လောကီပညာမှာဘာမှမတတ်ဘူး၊ အဲဒီတော့ စပါးသယ်၊ အုတ်သယ် ဒါတွေလုပ်တယ်။ အစကရဲထဲလုပ် တယ်။ ရဲထဲလုပ်တဲ့အထိတုန်းကတော့ ကောင်းတာပေါ့ ဗျာ။ အချိန်ကျလခလေး ထုတ်စား၊ ချမ်းတော့ မချမ်းသာ ဘူးပေါ့။ အစိုးရမင်းများက အချိန်တန်ရင် လခလေးပေး တယ်။ သူ့ဟာနဲ့သူ တန်ရုံစားလို့ရပါတယ်နော်။ ကိုယ်က ရိုရိုသေသေနဲ့ လခလေးကို စားတယ်။ ကြာလာတဲ့အခါ ကျတော့ နည်းနည်းကျောင်းရေဝလာတော့ တစ်မျိုးဖြစ် လာတယ်။ မကောင်းတဲ့စိတ်ပေါ့၊ မကောင်းတဲ့တရားပေါ့။ သူ့နှလုံးသွင်းမှားတယ်။ မှားတော့ ဦးဇင်းက ဘာမတတ်၊ ညာမတတ်နဲ့ ရဲထဲက ထွက်လာပြီးတော့ အဲဒီလိုဖြစ်ပါ တယ်။ ဒါဘာလဲဆိုတော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ အကြောင်းရှာတော့ သမုတိသစ္စာဗျ နော်။ သမုတိသစ္စာဆိုတာ ကာမကိလေသာ၊ ကာမဂုဏ် အာရုံကို နစ်မျောနေတာ။ အဲဒါကြီးက အကြောင်းကြီးပဲ ဗျာ။ ဦးပဏ္ဍိတ၊ ဦးမြမောင် အဲဒါကြီးကို ဖြစ်နေတာ။

ငါ့မယားစားဖို့၊ သားစားဖို့၊ သမီးလေးတွေစားဖို့။ ခိုးတော့ မကျွေးဘူး၊ ဒီလိုစိတ်တွေပါ။ အဲဒါတွေက ဘာလဲ? မကောင်းတဲ့တရားတွေကို သူနှလုံးသွင်းထားတာ၊ ဒါ အပါယ်ကိုသွားမယ်။ မင်္ဂတား ဖိုလ်တားတွေ သူလုပ်ထား တယ်။ ဘယ်တော့ မင်္ဂရမလဲ။ ဘယ်တော့ ဖိုလ်ရမလဲ။ ကိုယ်မှုမမှန်တာကြီးပဲ။ ကိုယ်မမှန်ရင်လဲ နှလုံးသားက မမှန်ဘူးဗျ။ အပြင်မှာကိုယ်လုပ်ထားတဲ့ အာရုံတွေကို ကိုယ့်မနောကလိုက်တော့ မနောလည်း မကြည်ဘူး။ အပြင်မှာလည်း မကြည်ဘူး။ ဒါကြောင့်မို့ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ် အပြင်ကအာရုံတွေကို ကိုယ်ကသြော်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သြော် ငါ့ပစ္စည်းမဟုတ်ဘူး။ ငါမလုပ်ဘူး။ ဒီလိုစိတ်မျိုး မရှိဘူး။ မကောင်းတာတွေသူလုပ်ခဲ့ပါတယ်။ မကောင်းတဲ့ တရားရှိရင် ကောင်းတဲ့ တရားလည်း ရှိပါတယ်ဗျာ။ ဦးမြမောင်ကြီးက ဒါတွေလုပ်ခဲ့တဲ့အတွက်ကြောင့် သူ့စာရိတ္တလည်း ပျက်ပါတယ်ဗျာ။ သီလလည်းပျက်ပါ

တယ်ဗျာ။ ကံနိမ့်တာပေါ့ဗျာ။ အဲဒီတော့ ငါဟာ ကံနိမ့်တယ်။ ဒီကံတွေ ငါလုပ်နေပါလား။ ဘုရားဟောထားတဲ့ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ အဝိဇ္ဇာဟာ ငါအာရုံခြောက်ပါးက မလွတ် သေးပါလား။ ဒိဋ္ဌာသဝဟာ ငါ သိ၊ ငါတတ်တယ်။ ငါ့မယား၊ ငါ့သား၊ ငါဆိုင်တယ်၊ ငါပိုင်တယ်ဆိုတဲ့ အတ္တကြီးဗျ။ အဲဒါဒိဋ္ဌိလို့ ခေါ်မှာပေါ့ဗျာ။ ဒိဋ္ဌိတစ်လုံး ကို ပယ်တာနဲ့ အင်မတန် ထူးမြတ်ပါတယ်ဗျာ။ ဒိဋ္ဌိကိုပယ် ရင် အပါယ်လေးဘုံကို မရောက်တော့ဘူးဗျနော်၊ အဲဒါ ဒိဋ္ဌိ၊ အတ္တကြီးဗျ။ အနတ္တတရားရှိပါတယ်ဗျာ။ အဲဒီတော့ ဒိဋ္ဌိသာပြီးရင် ဘဝါသဝဆိုတာရှိပါတယ်။ (ဘဝတွေ)၂ အဲဒီကံတွေကြောင့် (ဘဝတွေ)၂ ကျင်လည်ကျက်စားရဦး မယ်ဗျို့။ ကာမာသဝပြီးရင် ဘဝါသဝ၊ ဘဝါသဝပြီးရင် ဒိဋ္ဌာသဝ၊ ဒိဋ္ဌာသဝပြီးရင် အဝိဇ္ဇာသဝ၊ ဒီလေးလုံး ကြည့်ပါ။ အင်မတန်ထူးမြတ်ပါတယ်ဗျာ။ ဦးဇင်းက စာမတတ်ဘူး။ ဦးဇင်းရဲ့ အသိတွေကို ပြောပြတာပါ။

## ကံပြတ်မပြတ်ဆိုတာ ကိုယ်စိတ်ကိုယ်စစ်ရမယ်

အရင်တုန်းကအသိတွေက မကောင်းတဲ့ အသိတွေ၊ အခုကောင်းလာတဲ့အသိတွေ၊ ကံပြတ်တယ်၊ မပြတ်တယ်ဆိုတာ ကိုယ့်စိတ်ကို စစ်ရမယ်။ ဒီလို သီလမျိုးရလာတဲ့အခါ ဟာ သိပ်ထူးတာပဲဗျို့။ သူ့ကို လှူကြပြီ၊ အရင်တုန်းကတော့ ဆေးလိပ်တောင်မသောက်ရဘူး။ အကုသိုလ်ကံတွေလုပ်၊ ဗလောင်းဗလဲလုပ်၊ လုပ်ချင်သလိုလုပ်၊ နေချင်သလိုနေ၊ ဟာ အကုသိုလ်ကံတွေ၊ ဒီကံတွေအများဆုံးလုပ်လာတဲ့အတွက်ကြောင့် သူကံနိမ့်တော့ ဆေးလိပ်ကိုတောင် သောက်စရာမရှိဘူး။ ဘယ်သူမှလည်း လာမကျွေးဘူးဗျ။ ကိုယ်လုပ်တာမဟုတ်တော့ ရှာလို့ ဖွေလို့လည်း မရဘူးဗျ။ မနက်တစ်ထပ်၊ ညတစ်ထပ်တောင်မှ ငံပြာရည်ကိုတောင် ငန်ငန်မလျှက်ရပါဘူး။ အဲဒီလောက်စိတ်ဆင်းရဲဒုက္ခခံစားရပါတယ်။ ပရိဒေဝ၊ ဒေါမနဿ၊ ဥပါယာသ၊ (၁၁)မီးတွေ ကိုယ်ကလုပ်တာဗျ။ စာတွေကဒီအတိုင်းရေးတာ၊ မိမိရဲ့နှလုံးသားက နှလုံး

သွင်းမှားနေလို့ အယူမှား၊ အစွဲမှားနေလို့ ဒါတွေဖြစ်တာ ပါနော်။ ကိုယ့်စိတ်ကိုယ်ပြင်ပေတော့၊ ဒီလမ်းကပြန်ရ တော့မှာ၊ ဦးဇင်းက အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ပစ္စုပ္ပန် ကနေ ပြောတာ။ ဩော်-ငါ့ဘဝတွေ၊ သံသရာတွေ နစ် မျောနေပါလား။ အိုး ဘဝကြည့်တော့မှ အေးကွာ၊ ဩော် အေးအေး သူများကို ပြောလည်းပြောချင်၊ ထုတ်လဲမပြ တတ်ဘူး။ ဒါကြီးနော် ကျင့်တဲ့သူပဲသိတယ်ဗျာ။

**မြင်တာလဲမမြဲ၊ ကြားတာလဲမမြဲ၊ စားတာလဲမမြဲ၊ မမြဲတော့ မစွဲ၊ မစွဲတော့ ဥပါဒါန်လွတ်၊ ဥပါဒါန်လွတ်တော့ ကံပြတ်တယ်။**

ဒါကြောင့်မို့ ကိုယ့်မအေ၊ မအေတွေလို ကိုယ့် အစ်မကြီးတွေလို ဒကာကြီးတွေ၊ ဒကာမကြီးတွေ ဘာပဲ ဖြစ်ဖြစ် ပုဗ္ဗ၊ မုဥ္စ၊ ပရဆိုတဲ့စေတနာဟာ အနတ္တနဲ့သာ လှူလိုက်ပါ။ ညောင်စေ့လောက် လှူရင်ညောင်ပင်ကြီး လောက်ရပါတယ်။ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်

နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်၊ ဥစ္စာမာန်၊ ဗလမာန်၊ ငါမာန်တွေ၊ စာမာန်တွေ မစွဲနဲ့၊ ဒါဖြင့်စိတ်ပါတဲ့ အလုပ်နဲ့ စိတ်မပါတဲ့အလုပ်၊ လုပ်တော့လုပ်တယ်၊ စိတ်မပါဘူး၊ သဘောလေးပြောတာ၊ သဘောလေးပဲ၊ စိတ်အကြောင်း ပြောတာ အသိလေးပဲပြောတာ၊ အပြင်အာရုံတွေမှာ မနောလေးက ပါသွားတယ်ဆိုရင်တော့ ခင်ဗျားထိုက်နဲ့ ခင်ဗျားကံ၊ အဲမြင်တာကလည်း မမြဲပါလား။ ကြားတာလည်း မမြဲပါလား။ စားတာလည်း မမြဲပါလား။ လှမ်းတာလည်း မမြဲပါလား။ တွေးတာလည်း မမြဲပါလား။ မမြဲတော့ မစွဲဘူး။ မစွဲတော့ ဥပါဒါန်လွတ်တယ်။ ဥပါဒါန်လွတ်တော့ ကံပြတ်တယ်။ ဟော ကာမာသဝ ပြတ်တော့မယ်ဗျ။

## ဘာပြောပြောကိုယ့်တရားမပျက်နဲ့ ကိုယ့်နှလုံးသားမှန်ဘို့ အရေးကြီးတယ်။

ကျင့်ကြပါဗျာ၊ အင်မတန်ထူးမြတ်တယ်၊ အပါယ်ကို ရောက်သွားရင် ခင်ဗျားပြန်လာဖို့က မလွယ်တော့ဘူး။ ကောင်းရာသုဂတိရောက်ရင်တော့ ကောင်းတာပေါ့ဗျာ။ အပါယ်မှာ တစ်ထွေးကြီးပဲရောက်နေကြတာပဲ၊ အဲဒါ ထုတ်ပြပါဆိုတော့ ဘယ်လိုထုတ်ပြရမလဲနော်။ ဒါကြောင့် သိတော့ ပယ်တယ်။ ပယ်တော့ ဆိုက်တယ်။ ဆိုက်တော့ ပွားတယ်။ သိပယ်ဆိုက်ပွားနော်။ ဒါကြောင့် မသိတာက အဝိဇ္ဇာ၊ စွဲလမ်းတာက တဏှာ၊ ပြောကုန်ပြီဗျို့။ သဘောလေး၊ သဘောလေးက အသိလေး၊ နှလုံးသွင်း မှန်ဖို့က အရေးကြီးတယ်။ ဒါကြောင့်မို့ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ သမုတိ သစ္စာမှန်အောင်နေပါ။ သမုတိသစ္စာမှန်ဘို့ဆိုတာက ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ သြော် ဒကာကြီးက ဒကာမကြီးကို ရတဲ့လခလေးပေး၊ သြော် ကလေးတွေရှိတယ်။ အဲဒီ

ကလေးတွေကို ကျွေးရမယ်။ ကျောင်းထားရမယ်။ အဲ ကလေးတွေကို ကျွေးရမယ်။ ကျောင်းထားရ မယ်။ ကလေးတွေကို ပြုစုရမယ်။ အဲဒီတော့ ဒကာမကြီးက လင့်ဝတ်ငါးဖြာကျေပြွန်တယ်။ ဒကာမကြီး ကလည်း ငါ့အိမ်ထောင်ဦးစီးက ငါ့ကို ရှာကျွေးပါလား။ တယောက်နဲ့ တယောက် သမ္မာဝါစာ၊ သမ္မာကမ္မန္တနဲ့ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသလို စိတ်ဆိုးအောင် မလုပ်ဘူး။ သမ္မာတွေ နဲ့ လုပ်ထားတာ။ သိပ်ထူးတယ်။ ဟာ. . . ဒီ အိမ်ထောင် ဟာ မရှိလည်း ဆားလေးနဲ့ စားတယ်။ လူမသိဘူး။ ကလေးတွေကို ချော့ပြောထားတယ်။ လိမ်လိမ် မာမာ နေတယ်။ စာမှာအလိမ္မာပါတယ်နော်။ အဲဒီစာက တတ်ယူရမယ်။ ဦးဇင်းက စာမတတ်ပါဘူး။ လိမ်လိမ် မာမာနေကြ၊ စားကြ၊ သွားကြ၊ အိမ်နီးချင်းက ဘာပြော ပြော ကိုယ်တရားမပျက်နဲ့ ကိုယ့်နှလုံးသားက မှန်ဘို့ အရေးကြီးတယ်။ အိမ်မှာနေတဲ့အခါ မြင်တာလဲ မမြဲဘူး၊ စားတာလဲ မမြဲဘူး။ လျှောင်းတာလဲမမြဲဘူးလို့ နှလုံးသွင်း

နေ။ ဒါမှ ဒီသီလရမှ အပါယ်ပိတ်မှာဗျို့၊ မလွယ်ဘူး။ ဒီသီလက မလွယ်ပါဘူးဗျာ။ ကိုယ့်စိတ်ကိုယ်စစ်၊ ဒါနက အထောက်အပံ့၊ သီလရမှ အပါယ်ပိတ်မှာပါ။

## လုပ်မဲ့လုပ်တော့ ခရီးပေါက်ရောက် အောင်သာလုပ်

အဲဒီတော့ သီလက ပြောကြမယ်ဆိုရင် ခင်ဗျား တို့ယူကြတဲ့ သီလ၊ ဟုတ်တာပေ့ါဗျာ။ ခင်ဗျားတို့ နိုင်ရာ နိုင်ရာ ယူထားတဲ့၊ ခုနက ၈-ပါးသီလတို့၊ ၉-ပါးသီလတို့ ယူကြတာမှန်ပါတယ်။ အရှင်းမယူတာထက်စာရင်ယူ တော့ ပိုကောင်းတာပေ့ါ။ လုပ်မဲ့လုပ်တော့ ခရီးပေါက် ရောက်အောင်သာလုပ်ပါ။ ရေထဲငုတ်ရင် သဲရအောင် လုပ်။ အဲဒီတော့ ငွေရရင်ငွေနဲ့ မတင်းတိမ်နဲ့ ငွေထက် ကောင်းတာရွှေရှိတယ်။ ရွှေရရင်ရွှေထက်ကောင်းတာ ကျောက်ရှိတယ်။ ရွှေဟာ အခုဈေးထဲမှာ သွားရောင်းရင် ကာလပေါက်ဈေးရမယ်။ ငွေကလည်း အခုသွားရောင်း

ရင် ကာလပေါက်စျေးရတယ်ဗျ။ ကျောက်ကတော့ သယံဇာတကနေထွက်တဲ့ကျောက်၊ အဲဒီကျောက်က မြေကြီးကနေ ထွက်တဲ့ကျောက်၊ သူ့မှာအရည်အသွေး ပါလာတယ်။ ရတီ ကောင်းလာတယ်။ အသွေးအရောင်းကလဲ အင်မတန် ကောင်းတယ်။ တန်ဖိုးမဖြတ်နိုင်ဘူး။ အဲဒီလို ကျောက် ရအောင်ရှာပါ ကိုယ်ကြိုးစားရင်ရမှာပဲ။

## လောဘ၊ ဒေါသ၊ မောဟ၊ ခေါင်းပါးရင် သီလခေါ်တယ်

ဒါကြောင့်မို့ သဒ္ဓါဗိုလ်၊ သီလဗိုလ်၊ ဝီရိယဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တွေ၊ သဒ္ဓါနဲ့တက်သွားတာ၊ သဒ္ဓါဆိုတာဘာလဲ ?၊ ယုံကြည်တာဗျ၊ ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ်၊ ကိုယ်ကလည်း ဒကာ၊ ဒကာမတွေကအစစ်၊ ကိုယ်လုပ်ရင်ကိုယ်သိမှာပဲ၊ သိလာရင် မကောင်းတာတွေ ပယ်လိမ့်မယ်။ အဲဒီတော့မှ . . စာကရေးထားတယ်။ မဂ်တို့ ဖိုလ်တို့ဆိုတာ ရေးထားတယ်။

ကိုယ့်ဟာကို သိလာလိမ့်မယ်။ တရားကိုတရားစောင့်ရှောက်လိမ့်မယ်နော်။ ကြိုးစားပါ။ သေမင်းဟာ အချိန်ကျရင် ခေါ်မှာဗျ။ အချိန်ကျလို့ ခေါ်လို့ရှိရင်၊ ကျွန်တော်မလိုက်ချင်ပါဘူးလို့ ပြောလို့မရဘူး။ ကံကိုးဗျ။ ကံဆိုတာလွန်ဆန်လို့မရပါဘူး။ ကံနိမ့်တဲ့အခါ နိမ့်လိမ့်မယ်။ ကံမြင့်တဲ့အခါမြင့်လိမ့်မယ်။ အဲဒီတော့ မြင့်နေတဲ့အခါစုဆောင်းချွေတာပြီးတော့ စားကြ၊ သောက်ကြပါ။ ဟာ. . ဘာလုပ်မလဲဗျာ။ ဒီဝတ္ထုရှိမှ စိတ်ချမ်းသာမယ်။ စိတ်ချမ်းသာမှ ဒီတရားကိုလုပ်နိုင်မယ်။ ခန္ဓာဝန်ကလည်း ကိုယ်တစ်ဦးတည်းမဟုတ်ဘူး။ အများနဲ့နေရတော့ ခန္ဓာဝန်ကလည်း မနက်တစ်ထပ်၊ ညတစ်ထပ်၊ လောဘ၊ မောဟတွေက တခါတည်း တခေါက်နင်းတက်နေတာ၊ တရားနှလုံးမသွင်းနိုင်ဘူး။ ဒါကြောင့်မို့ ဦးဇင်းမျက်ရည်ကျတယ်။ ဩော် . . . ငါတော့ကွာ၊ ဩော် အေးအေး. . ဒါကြောင့်မို့ ဒီသီလတွေရဖို့ အရေးကြီးတယ်။ ဒီသီလရရင်၊ ဒီသီလဖြစ်ရင် ခင်ဗျားအချိန်မရွေး လှူလို့ရပါပြီ။

သီလဆိုတာ စာနဲ့ရေးထားတာ။ မြန်မာလိုပြောရရင် စိတ်ပိုင်းမှာ လောဘနဲ့ ဒေါသခေါင်းပါးရင် သီလပဲ၊ ခင်ဗျားစိတ်ကို ခင်ဗျားစစ်၊ လောဘရှိသေးလား။ ဒေါသ ရှိသေးလား။ လောဘဖြစ်ရင် ဒေါသဖြစ်တယ်။ ခင်ဗျား စိတ်က လောဘလည်းရှိတယ်။ ဒေါသလည်းဖြစ်တယ်။ လောဘကြောင့် ဒေါသဖြစ်တယ်။ အဲဒါ သီလပျက်တယ်။

## မှတ်သားတာကသညာ၊ စွဲလမ်းတာက ဥပါဒါန်၊ နှစ်သက်တာက သဒ္ဒါရ

ဝိသုဒ္ဓိမဂ်ဆိုတာ ပါဠိလို ရေးထားတာ မြန်မာ လိုဘာလဲ? မနောဟာစင်ကြယ်ရမယ်။ မနောဟာ မျက်စိ နဲ့မြင်ကာမတ္တ၊ ကြားကာ မတ္တ။ နံတာမတ္တ၊ စားတာ မတ္တ၊ ထိတာမတ္တ၊ မြင်တာပဲရှိတယ်။ ဘာမှမဝေဖန်ပါ ဘူးဗျာ။ ဥပမာ-မြင်လိုက်တဲ့အာရုံပေါ်မှာ သူမှတ်သား တယ်ပေါ့ ဗျာ။ စိတ်ထဲကနေ မှတ်သားတာ၊ မှတ်သားတာက သညာပေါ့ဗျာ၊ စွဲလမ်းတာက ဥပါဒါန်၊ နှစ်သက်တာက

သင်္ခါရပေါ့ဗျာ။ သဗ္ဗေသင်္ခါရ အနိစ္စ၊ သဗ္ဗေသင်္ခါရ ဒုက္ခ၊ သဗ္ဗေသင်္ခါရာအနတ္တ၊ တွေးကြည့်ပါဗျာ။ ဒီအာရုံတွေကနေ ကိုယ့်ကို ဒုက္ခပေးနေတာ။ ဘာမှမမြင်တော့ လည်းမနောကလျှောက်တွေးနေတယ်။ ဘာတွေတွေးနေ လဲ? လောကီတွေးသလား၊ လောကုတ္တရာတွေးသလား၊ အတ္တတွေးသလား၊ အနတ္တတွေးသလား၊ အဲ. . . ဘာဝနာပွားပါ။ ဒါနရယ်၊ သီလရယ်၊ ဘာဝနာရယ်၊ ဘာဝနာဆိုတာ ပွားမှရတာ။ ပွားတတ်မှဗျ။ ငါ့သမီး BA အောင်ဖို့ ငါ့သား BA အောင်ဖို့ ငါဘာလုပ်ရမလဲဆိုပြီး၊ ဟာ. . နစ်နေပြီဗျို့။ ဘာဝနာပွားတာ အတ္တတွေ ပွားနေကြတာ။ အနတ္တတွေပွားပါဗျာ။ ဒီလိုသီလတွေရမှ ဘဝကူးကောင်းမယ်။

## စာရိတ္တမကောင်းလို့ သီလမကောင်းဘူး သီလမကောင်းတော့ကံနိမ့်တယ်

ဦးဇင်းက အစက မကောင်းတဲ့ လူပါဗျာ။ သီလလည်းကြားရော့ ကြားဖူးတယ်။ မလုပ်တတ်ဘူး။ ဟာ. .

လောဘ၊ ဒေါသ၊ မောဟတွေ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ၊ ဒါမကောင်းတဲ့တရားကိုကောင်းပါတယ်လို့ ယူထားတာ။ ဘေးကလူမသိဘူး။ ကိုယ်တွေးတာ ကိုယ်ပဲသိတယ်။ ဖဲတွေ လိမ်ရိုက်လိုက်၊ ရလာတဲ့ပိုက်ဆံ သောက်လိုက်၊ စားလိုက်၊ နောက်ဆုံးတော့ ကံနိမ့်ပါတယ်ဗျာ။ ကံဘာလို့ နိမ့်လဲ စာရိတ္တမကောင်းလို့ပါ။ စာရိတ္တမကောင်းရင် သီလ မကောင်းဘူး။ သီလမကောင်းရင် ကံနိမ့်တယ်။ အခုတော့ တွေးကြည့်ပါဗျာ။ အခုတော့ သီလဘယ်လောက်ကောင်း လည်းနော်၊ ဒါကြောင့်မို့ ဒကာ၊ ဒကာမတွေက အေး. . . လျှုတန်းကြတယ်။ ဒါကြောင့် "ကုသလာနံ ကုသလာနံ ဓမ္မာနံ၊ ဓမ္မာနံ ဟေတုပစ္စယော"တဲ့။ အကြောင်းနဲ့ အကျိုး ဆက်ပြီဗျို့၊ ဆက်တဲ့သဘောလေး ပြောပြပါမယ်ဗျာ။

## အလှူခံပုဂ္ဂိုလ်ကလည်းမှန်ရမယ်၊ လှူတဲ့ပုဂ္ဂိုလ်ကလဲ မှန် ရင် တူတဲ့ စရဏာရမယ်

ဦးဇင်းက ရေတွင်းထဲမှာရေရှိတယ်။ ရေရှိတဲ့ အခါကျတော့ ဩော်. . . ရေတွင်းဟာ ရေရှိပါလား။

ဦးဇင်းမှာ ခန္ဓာဝန်ပုံးတစ်ပုံးပဲရှိတယ်။ ဦးဇင်းရေတွင်း သွားပြီး ရေခပ်တယ်။ အဲဒီပုံးရှိတော့ လက်တဖောင် ခပ်တာမရဘူး။ အောက်ကရေကို လိုချင်တယ်။ မရဘူး ဗျ၊ မရတော့ သူနောက်ဆုတ်တယ်။ ဩော်. . . ငါ့မှာ ရေပုံးတော့ရှိတယ်၊ ကြိုးမရှိဘူး။ အဲဒီတော့ ဦးပဏ္ဍိတဟာ သပိတ်ကြီးကိုင်ပြီးတော့ သူသွားပါတယ်။ အင်း. . . သွား တဲ့အခါမှာ ဒကာ၊ ဒကာမတွေက "ရပ်တော်မူပါဦးဘုရား" ဆိုပြီး ဆွမ်းတွေလောင်းတယ်။ ဒီဆွမ်းလေး စားတယ်။ စားတော့ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ နှလုံးသားမှာသူ အင်မတန် အားရှိလာတယ်။ အဲဒီတော့မှ ဝိပဿနာ တရားကျင့်နိုင်တယ်နော်။ ဒီခန္ဓာဝန်ကြီးက ဆွမ်းမှ မစား ရရင် သူမကျင့်နိုင်ဘူး။ ခုနက ရေပုံးရှိတယ်။ ဒီပုံးတစ်လုံး ထဲရှိလို့ သူရေမခပ်နိုင်ဘူး။ ခပ်လို့မရဘူး။ ဒကာမကြီးဆီ က အလှူခံကြိုးတစ်ကြိုးရကို ရတယ်။ အဲသူ့ဆီက ကြိုးနဲ့ ကိုယ့်ဆီကပုံးနဲ့ ချည်ရတယ်။ ဒီတော့မှ ရပါ တယ်။ ဒါကြောင့်မို့ "ကုသလာနံ၊ ကုသလာနံ၊ ဓမ္မာနံ ဓမ္မာနံ

ဟောတုပစ္စယော”တဲ့၊ ဒီဘ၀အကြောင်းနဲ့ အကျိုးဆက် လိုက်တာဟာ၊ အဲဒါ သူ့ဆွမ်းလေးလောင်းမှ စားရမှ ဒီခန္ဓာ၀န်ကြီးက ပြည့်တင်းမှ ဒီ၀ိပဿနာကိုကျင့်လို့ ရတယ်။ ဒီဆွမ်းမှမရရင် သူကျင့်လို့ မရဘူး။ ဒါကြောင့် မို့ ကုသလာနံ ကုသလာနံ ဓမ္မာနံ ဓမ္မာနံ၊ ဓမ္မာနံဆိုတာ ဓမ္မဗျ၊ အဲဒီတော့ ဦးဇင်းက ဩော် အေး. . . အဲဒါကနေ ပြီးတော့ ဒကာမကြီးလှူတဲ့ ဆွမ်းစားပြီး တရားကျင့်လို့ ရတယ်။ အဲဒီတော့မှ မကောင်းဘူး။ ကောင်းတယ် ဆိုတာ သူ့ဟာသူသိလာတယ်။ အဲဒီတော့မှ ငါဒါတွေ မလုပ်တော့ ပါဘူးကွယ်။ ဒါတွေမကောင်းဘူး။ လိမ်ညာတာတွေဟာ မကောင်းဘူးဆိုတာ သူ့ဟာသူသိတယ်။ ဒါဓမ္မကိုးဗျ။ ဒီမျိုးစေ့ကနည်းတဲ့ မျိုးစေ့မဟုတ်ဘူးနော်။ ဒါကြောင့်မို့ ဝေဒနီယဒိဋ္ဌိအကျိုးရပါတယ်နော်။ ဒိဋ္ဌအကျိုးရပါတယ်။ အလှူခံတဲ့ ပုဂ္ဂိုလ်ကလည်းမှန်တယ်။ လှူတဲ့ လူကလည်း မှန်တယ်။ အဲဒီတော့ သွားပြီးတော့ တူတဲ့စရဏကို ရပါ တယ်။ ၀ိဇ္ဇာစရဏသမ္ပန္နော ဘုရားဟောထားတဲ့ တရား

အစစ်တွေဗျာ။ ဒါကြောင့်မို့ ဒီဘဝမှာ အိုရဦးမယ်။ နာရဦးမယ်။ သေရဦးမယ်ဗျ။ မအိုခင်၊ မနာခင်၊ မသေခင်မှာ ခင်ဗျားတို့ ပညာမျက်စိနဲ့ ကြည့်၊ ပညာနားနဲ့ထောင်၊ အဲဒါ. . . ညောင်စေ့လောက်လှူ ညောင်ပင်ကြီးလောက် ဖြစ်တယ်။ ညောင်ပင်ကြီးလောက်လှူ ညောင်စေ့လောက် ရတယ်လို့ ဟောထားတာတွေရှိပါတယ်။ အဲဒါလေးတွေကို မှတ်သားကြ။ လှူဖို့မလှူဖို့ မဟုတ်ဘူး။ ပုဗ္ဗ၊ မုဉ္စ၊ ပရ စေတနာမှန်ဖို့လိုတယ်။ ယုံကြည်ဘို့နဲ့ စေတနာမှန်ဘို့ လိုတယ်။ အဲဒါတွေက ကိုယ်သွားရမယ့်လမ်း၊ အဲဒီလို စိတ်ကလေးတွေထား။

## လောဘ၊ ဒေါသ၊ မောဟတွေက အာရုံခြောက်ပါး ဖြစ်ကုန်တာဘဲ

ခုနက လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေက သံသရာကို ချဲ့ထွင်တဲ့တရားလို့ ခေါ်ပါတယ်။ မျက်စိ၊ မြင်တော့သိလိမ့်မယ်။ သိတာကစိတ်၊ မှတ်သား

တာက သညာ၊ စွဲလမ်းတာက ဥပါဒါန်၊ နှစ်သက်တာက သင်္ခါရ၊ ဟာ. . . ခင်ဗျားတို့ ကြည့်စမ်း၊ ဘယ်တော့မှ သီလရပါတော့မလဲဗျာ။ အင်မတန်နစ်နာဖို့ကောင်းတယ်။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေကနေ အဲဒီအာရုံခြောက်ပါးဖြစ်ကုန်တာပဲဗျို့။

## တွေးတောတဲ့စိတ်၊ ကြံစည်တဲ့စိတ်၊ နှစ်သက်တဲ့စိတ်၊ ပြုလုပ်တဲ့စိတ်၊ ကံသုံးကံထမြောက်ရင် ဒုစရိုက်ဖြစ်တယ်

ကာမာသဝဆိုတာ ကံလုပ်တဲ့ ပုဂ္ဂိုလ်လည်း ရှိတာပဲဗျ။ ဒုစရိုက် ၁၀-ပါးလည်း ကြားဖူးတယ်။ စာနဲ့ ရေးထားတယ်။ အဲဒီဒုစရိုက် ၁၀-ပါးဟာ မြန်မာလိုဘာလဲ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ပါ။ ဦးဇင်းရဲ့အသိနဲ့ ပြောရတာပါဗျာ။ မှားရင်လဲပြင်ပေး၊ ဒုစရိုက် ဟော ကံတဲ့၊ ကံဆိုတာမနေဘဗျ။ ဒုစရိုက်ဆိုတာ သူဘာတွေလုပ်လို့ ဘာတွေဖြစ်သလဲ။ ဒုစရိုက်တွေးတယ်ဗျာ။ သူထိုင်တွေး

တယ်နော်။ ငါဘာလုပ်ရင် ကောင်းမှာပဲ။ တွေးပြီးရင် ကြံစည်တဲ့စိတ်၊ ပြီးရင်နှစ်သက်တဲ့ စိတ်၊ အဲဒီသုံးခု ဖြစ်သွားတယ့်အတွက်ကြောင့် ဒုစရိုက်လို့ ခေါ်လိမ့်မယ်ဗျို့။ စာအရဆိုရင်တော့ ကာယကံရယ်၊ ဝစီကံရယ်။ မနောကံရယ်။ သုံးချက်ပါထားတယ်ဗျ၊ အဲဒါစာ။ အဲဒီတော့ ကာယကံဆိုတာ ကာယနဲ့ ကျူးလွန်ထားတယ်။ ဝစီနဲ့ ပြောတာ၊ မနောနဲ့ပါထားတယ်။ အဲဒါ ကာယ၊ ဝစီ၊ မနော၊ ဒါစာနဲ့ဆိုရင် ဒီလိုခေါ်ထားလိမ့်မယ်ဗျာ။ ကာယလည်း ပါတယ်၊ ခင်ဗျားရုပ်ကြီးလည်းပါတယ်ဗျာ။ ပါးစပ်ကလည်း ချိုချိုသာသာပြောတယ်ပေါ့ဗျာ။ လိမ်တယ် ညာတယ် ပေါ့ဗျာ။ အဲဒီစိတ်ကလေးကို နှစ်သက်တယ်ပေါ့ဗျာ။ အဲဒီသုံးမျိုးထမြောက်တဲ့အတွက် ဒုစရိုက်လို့ခေါ်ပါတယ်ဗျာ။ ဒုစရိုက်ကံဖြစ်သွားပြီနော်။ ဒီတော့ သီလတွေ ခင်ဗျားတို့မှာ ရှိကြပါဦးမလား တွေးပါ။ ဦးဇင်းက ကျင့်ထားတဲ့ ပုဂ္ဂိုလ်ပါ။

## မနောကျင့်ထားတာ၊ စိတ်ကျင့်ထားတာ၊ မနောကံကို ကံ မဖြစ်အောင် လုပ်တယ်

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ အတိတ်ဆိုတာ သံသရာတွေပါ။ ကံတွေလုပ်လို့ လည်တာပေါ့ဗျာ။ ကံတွေ လုပ်လိုက်၊ နတ်ပြည်ရောက်လိုက်၊ ဗြဟ္မာ့ဘုံရောက်လိုက်၊ ခွေးဖြစ်လိုက်၊ လူဖြစ်လိုက်နဲ့ လျှောက်ဖြစ်နေတာဗျို့။ ရသေ့ဖြစ်လိုက် ဘာဖြစ်လိုက်။ တောင်ဖြစ်လိုက် မြောက် ဖြစ်၊ ဖြစ်နေတာ ဟိုအနော်ရထာမင်း၊ အို ဒါတွေပြောလို့ ရှိရင် အများကြီးပဲ၊ နောက်ကြောင်းတွေ ပြောရရင်၊ ဒါ သဘောလေးပြောတာ။ ဒါသစ္စာနဲ့ ဟောတာ၊ အဲဒီတော့ ဦးဇင်းက ငါနိဗ္ဗာန်ရောက်တယ်။ ငါရဟန္တာကြီး၊ ငါအနာဂါမ်ကြီး၊ ငါ သကဒါဂါမ်ကြီး၊ ငါ သောတာပန်ကြီး လို့ မပြောပါဘူး။ စိတ်ကျင့်ထားတာ၊ မနောကိုကျင့်ထား တာ၊ အဲဒီမနောကို ကံမဖြစ်အောင် လုပ်တယ်ဗျ။ အဲဒါ သတိပဋ္ဌာန်၊ "အပ္ပမာဒေနသမ္ပာဒေထ" အသိ၊ မနော အသိ။ အဲဒီမနောအသိက ဘာတွေလဲ၊ ငါသည် ကာယကံ၊

ဝစီကံ၊ မနောကံ၊ အဲဒီမနောက တွေးတယ်။ ကြံတယ်၊ ပြုလုပ်မယ်။ မလုပ်ဘူး။ ရှုတယ် ရှိုက်တယ်။ အဲဒီလို လုပ်လိုက်တော့၊ ကြာတော့ ဘောကန်သလိုပေါ့။ ဘောလုံး ကွင်းမှာ ဘောကန်ရော၊ နေ့တိုင်းလေ့ကျင့်ရေး လုပ် နေတော့ ကြာတော့ သူလည်းကန်တတ်တာပေါ့ဗျာ။ အဲဒီ သဘောပဲ၊ စိတ်ကျင့်တာဗျ။ အဲဒီစိတ်ကလေးကျင့်လိုက် တော့၊ ဟော. . . ငါ့နှလုံးသားက ငြိမ်လာပါလား။ မျက်စိ ရဲ့ သဘောက ဘယ်လိုလဲ။ နားရဲ့သဘောက ဘယ်လိုလဲ။ နှာခေါင်းရဲ့ သဘောက ဘယ်လိုလဲ။ (သဘောလေး တွေ)၂ အဲဒီတော့ သူ့မှာ (တဖြည်းဖြည်း)၂ တုံးဗူးများလို အဝကျဉ်းလာတယ်။ အဲဒီတော့ ကာယ၊ ဝစီ၊ မနောတွေ လည်း ငြိမ်းကုန်ပြီဗျို့။ ဟာ . . . ငါစွဲရင် ကံပါလား ဆိုတာ သိကုန်ပြီဗျို့။ ကိုယ့်ဟာကိုယ် သိလာမှ ပယ်လာ တယ်။ ဘာပယ်လဲ၊ကံပယ်တာပေါ့ဗျ။ "သိပယ်ဆိုက် ပွား" အဲဒါကံပယ်တာပဲ၊ ဒါဟာ သဘောပဲလေ။ အခု ဒကာ၊ ဒကာမလျှိုလိုက်တဲ့ ဝတ္ထုတွေ မျက်စိက မမြင်ဘူး လား။

ခမ္မဓိဋ္ဌာန်ကျကျ ပြောတာ၊ မျက်စိက စက္ခုအာရုံ မြင်တော့ နှလုံးသားက သိတယ်။ ဒီပိုက်ဆံတွေကို မမှတ်သား ဘူးလား။ ၂၀၀ တန်၊ ၃၀၀ တန်၊ ၄၀၀ တန် မမှတ် သားဘူးလား။ မှတ်တာက သညာ၊ သညာကြောင့် ဥပါဒါန်ဖြစ်တယ်။

## ဖျာလိုသာနေ ဘယ်သူနင်းနင်းခံသာခံ၊ ကောင်းတဲ့ တရားရမှာဘဲ

ဒါကြောင့်မို့ ဝတ္ထုကာမနဲ့ ကိုယ်မှာရှိတယ့် ကိလေသာကာမနှင့် တွဲဘက်သုံးဆောင်မိပါက အများ ကြိုက်၏။ ကိုယ်လည်း ကြိုက်၏။ အရိယာ မကြိုက်၊ ဒါ သဘောပြောတာနော်။ အမျိုးမျိုးရှိပါတယ်။ တစ်ချို့ကျင့် တဲ့ ပုဂ္ဂိုလ်တွေရှိသလို မကျင့်တဲ့ပုဂ္ဂိုလ်တွေရှိတယ် တစ်ချို့က စာတတ်တဲ့ပုဂ္ဂိုလ်တွေလဲရှိတယ်၊ မပြောပါဘူး ကိုယ့်အလုပ်သာကိုယ်လုပ်ပါ၊ ကိုယ်နှစ်သက်တာကိုလုပ်ပါ ဦးဇင်းက သဘောလေး အသိတွေကိုပြောသွားတာပါ၊

ကောင်းတဲ့တရားရှိတယ် မကောင်းတဲ့တရားရှိတယ် ကောင်းတဲ့တရားကို ရှာကြ ဖျာလိုသာနေလိုက် ဘယ်သူက နင်းနင်းခံသာခံ၊ အဲဒါကောင်းတဲ့တရားရမှာပဲ၊ သမုတိ သစ္စာမှာ ခင်ဗျားဟာ ကိုယ့်ထက်ကြီးတဲ့ လူလည်း (ဟုတ်ကဲ့)၂ သူများဆပ်ပြာတုံးကိုမြင်ပြီ၊ မြင်လို့ရှိရင် အဲဒီဟာကို သွားမကိုင်နဲ့ သွားမတွေးနဲ့ သွားမကြံနဲ့ သွားမပြုလုပ်နဲ့ အဲဒီဆပ်ပြာတုံး သိပ်ကောင်းတာပဲ ဟာ ဒါကြီးဘယ်သူမှလည်း မရှိဘူးဆိုပြီး သွားယူတယ် အဲဒါ ဘာလဲ 'အဒိန္နာ ဒါနာဝေရမဏီသိက္ခာပဒံ သမာဒိယာမိ' မျက်စိမြင်တယ် မြင်လိုက်တော့ မနောသိတယ် သိတော့ မှတ်သားတယ် မှတ်သားတော့စွဲလမ်းတယ် ဟာကံဖြစ်ပြီး နော် အဲဒါမဂ်တား ဖိုလ်တား တွေပါ။

## မာန်ဖြစ်နေရင် မဂ်တား၊ ဖိုလ်တားဖြစ်တယ်။

ဘုရားက ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝလို့ဘုရားက ဟောထားပါတယ်ဗျာ

ကောင်းတဲ့ကံလုပ်ပေါ့ဗျာ ကောင်းတဲ့ကံ မကောင်းတဲ့ကံ ကိုယ်ကသိရမယ် အဲဒီတော့ သိတဲ့အခါ ဒါအခုလှူတာ အင်မတန်ထူးတာပေါ့ ဒါကောင်းတဲ့ကံပေါ့ အဲဒီလို ကောင်းတဲ့ကံတွေ လုပ်တဲ့အခါ စိတ်တွေက မခိုင်ဘူးဗျ နောက်တစ်နေ့သောအခါကျတော့ မကောင်းတဲ့ကံတွေ အများကြီးဖြစ်သွားမယ်။ အေး. . ကိုယ်စိတ်ကိုယ်စစ် ငါစိတ်ဆိုးပါလား၊ ငါဒေါသဖြစ်ပါလား၊ လူတဖက်သားကို မခံချင်အောင်ပြောလိုက်မိပါလား၊ ကျွန်တော်မှား ပါတယ်ဗျာ၊ မှားပါတယ်ဗျာ တောင်းပန်လိုက်၊ သိရဲ့သား နဲ့ မာန်ကြီးဖြစ်နေရင်တော့ မပြောတတ်ဘူးပေါ့ဗျာ အဲဒါတွေက မဂ်တား၊ ဖိုလ်တားတွေဗျ၊ ကောင်းမှု ကံရှိရင်၊ မကောင်းမှုကံလည်းရှိတယ်။

## ဦးဇင်းကြီးရဲ့နှလုံးသားကို သိကြားမင်းကြီးသိတယ်

ခင်ဗျားတို့ ဦးဇင်းက ပြောမှားဆိုမှားရှိရင်ခွင့် လွှတ်ပါ။ အဲ့လူတွေကို မကြောက်ဘူး ဘာလို့မကြောက်တာ

လဲ ဆိုတော့ ဦးဇင်းရဲ့ မနေသူတို့မသိဘူး။ လိမ်ရင် ရတယ်၊ နတ်သွားလိမ်လို့မရဘူး အဲဒါသစ္စာဗျ ခင်ဗျား တို့က ထင်တာတွေ ခင်ဗျားတို့တွေးကြည့်ပေါ့ဗျာ၊ သစ္စာ ရှိတယ် မရှိတယ်ဆိုတာ အဲဒါပေါ့ဗျာ အဲ့ဒါဦးဇင်း ကြီးက ငါ့ရဲ့ နှလုံးသားသည် သိကြားမင်းကြီးသိတယ်၊ ခင်ဗျားတို့ ဒီသေသ်တို့ ဘာတို့ ဦးဇင်းသိတာပေါ့ဗျာ မလုပ်ရဲဘူး။ လူကိုမကြောက်ဘူး ဘာလိုလဲ လူကိုလိမ်ရင် ရတယ် နတ်ကိုလိမ်လို့မရဘူး ဒါကြောင့်မို့ အင်မတန်မှ အရေးကြီး ပါတယ်ဗျာ ဒါကြောင့်မို့ ခင်ဗျားတို့တွေ အပေါ်ကနေ စီးကြည့်နေတာ မှန်သလား? ဒီပိုက်ဆံတွေ ဦးပဏ္ဍိတ ဘာတွေလုပ်သလဲ ဘာတွေစွဲသေးသလဲ မစွဲဘူး လား နတ်တွေကသိတယ်။

## အောင်သစ္စာမဟာခါတ်ပေါင်းချုပ်ဘုရားမှာ ဘာရှိသလဲ ကျင့်တဲ့သူဘဲသိတယ် ထုတ်တော့မပြဘူး။

အဲဒီတော့ ပန္နဲကုန်းအောင်သစ္စာ မဟာခါတ်ပေါင်းချုပ်ရဲ့ ဘုရားကြီးဟာ ဦးဇင်းပြောသွားပါမယ် ဦးဇင်းကဒီမြောင်းမြမှာနေတာပါ။ နေတဲ့အခါကြတော့ ဦးဇင်းဘုရားတည်ရင် မြောင်းမြမြေမှာ တည်မှာပေါ့ဗျာ တွေးကြည့် ဟောဒီမြောင်းမြမှာ ကုလားကုန်းဖြစ်ဖြစ် ဗောဓိမြိုင်နားဖြစ်ဖြစ် ဘုရားကြီးတည်ပေးမှာပေါ့ဗျာ။ တွေးကြည့်ပေါ့ အဲ့ဒီတော့ ဒီပန္နဲကုန်းရဲ့ သမိုင်းရာဇဝင်ဟာ သိရပါလိမ့်မယ်ဗျာ။ အစရှိရင် အလယ်ရှိရမယ်။ အလယ်ရှိရင် အဆုံးရှိရမယ် အခုအလယ်လေးတော့ နည်းနည်း ရောက်နေတယ်ဗျ ပိန္နဲကုန်းရဲ့ ရာဇဝင်ကို တစ်နေ့ကျရင် သိပါလိမ့်မယ် ဦးဇင်းရဲ့နောက်မှာ လိုက်လာတဲ့ ပုဂ္ဂိုလ်တွေ သိပါတယ်ဗျာ အဲ. . . ဘယ်လို သိသလဲ? ဟော. . . ဒီဦးဇင်းတို့ အထက်သွားတဲ့အခါမှာ

ပုပ္ပါးမှာသိပါတယ်ဗျာ မိုးကြိုးတွေဘာတွေ ပစ်ချတယ် မေးကြည့်ပါ မကွေးက ဒေါင်းသေချောင်းမှာ ကားတွေ ဟာ မသွားနိုင်ပါဘူးဗျာ မသွားနိုင်တော့ ဦးဇင်းက သင်္ကန်းလေးမမပြီး သွားတယ်ဗျာ ဦးဇင်းက ဒကာ၊ ဒကာမတွေကို တစ်ခေါက်စီတွဲပြီး ဟိုဘက်ကိုပို့ပေး တယ် တစ်ခါတည်း ဒီရေဟာ တစ်တောင်၊ တစ်တောင် လျှော့ လျှော့သွားတယ်။ အဲ့ဒီတော့မှ ကားတွေ သွား ပါတယ်။ မြင်အပ်တဲ့တရားနှင့် မမြင်အပ်တဲ့တရား နှစ်ပါး ကတော့ ရှိတယ်။ ဒါကြောင့်မို့ ဒီသာသနာကြီးဟာ အင်မတန်မှ ထူးပါတယ် ပိန္နဲကုန်းရဲ့အောင်သစ္စာ မဟာခါတ်ပေါင်း ချုပ်အကြောင်းတစ်နေ့တော့ သိလာပါလိမ့်မယ်။ ဒီနေရာ မှာ ဘာရှိသလဲ ကျင့်တဲ့သူပဲသိပါတယ် ဗျာ ထုတ်တော့ မပြတတ်ဘူးဗျ။

## အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်　ဘုရားဘာလို့ ထီးမတင်သေးသလဲ။

ဘုရားဘာလို့ထီးမတင်သေးသလဲ ဒီနေ့တင်ရင် ဒီနေ့ရပါတယ်၊ ဒီနေ့လုပ်ရင် ဒီနေ့ရပါတယ်။ ဒီလိုလုပ်သွားရင် ဦးဇင်း ဥပမာလေး ပြောပြမယ်နော် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ၊ ဘုရားဟာလေးနှစ် ငါးနှစ်ကျော်သွားပြီ ဘာလိုကြာလဲ ကြာချင်လို့ကြာတာမဟုတ်ဘူး၊ ဦးဇင်းကမြန်မြန်လုပ်ချင်တယ်၊ သိပ်မြန်မြန်လုပ်ချင်တယ် အဲ့ဒီကြာရတဲ့ အဓိပ္ပါယ်လေးကို ဦးဇင်းပြောပါမယ် ဦးဇင်းလက်ဝါးမှာ စူးတဲ့ဆူးဟာ ထွင်လို့ရပါတယ်ဗျာ မျက်စိနဲ့မြင်ရင်ထွင်လို့ရပါတယ်။ ခြေဖဝါးမှာစူးတဲ့ဆူးဟာထွင်လို့ရပါတယ် ကျောကုန်းမှာ စူးတဲ့ဆူးကတော့ထွင်ဖို့မလွယ်ဘူးဗျို့၊ အဲ့ဒါအတိတ်က ပါလာတာဗျို့ အတိတ်ကပါလာတဲ့ အခါကျတော့ ဒီလိုနာမ်ပုဂ္ဂိုလ်တွေဟာကျွတ်တန်းဝင်မဲ့ ပုဂ္ဂိုလ်တွေဟာ မြောင်းမြမြို့ ကြီးတစ်မြို့လောက်ရှိတယ် သိုက်တွေရှိတယ် ဒါတွေဟာ အများ

ကြီးပဲ တစ်နေ့ခင်ဗျားတို့ သဘောပေါက်လာလိမ့်မယ် ဒီသိုက်တွေကို ဦးပဏ္ဍိတ ကကျွတ်အောင် ဟောဒီ ဒကာ၊ ဒကာမတွေလှူကြပါ အစ်မကြီးတို့ရယ် ဆရာကြီးတို့ရယ် လှူကြပါ စေတနာနဲ့လှူတယ် ဒီနေရာမှာ သာသနာပြု ပေးရတယ်။ ဘူမိနက်သန် မှန်တယ် ဟိုတုန်းကနှစ်ပေါင်း ၉၇၀ ကျော်လောက်က ဒီနေရာမှာ ဘုရားတည်သွားတယ် ဘုရားတည်သွားတဲ့အခါကျတော့ ဘုရားမရှိတော့ဘူး နှစ်တွေများကုန်ပြီ ဘုရားမရှိတော့ဘူး အုတ်ပြားတွေပဲရှိ ပါတယ်။ ခင်ဗျားတို့လေ့လာပါ၊ သုံးသပ်ပါ၊ ချိုပုတ်တွေ၊ ဝါးဘိုးဝါးပင်တွေရှိတယ် အဲ့ဒီအပင်တွေလှဲရတယ်၊ အဲဒီနေရာအောက်မှာ ထူးမြတ်တဲ့ ရတနာတွေရှိတယ်။ အဲ့ဒီမှာစောင့်နေတဲ့ပုဂ္ဂိုလ်က အစွယ်တစ်ထောင့် လက် လေးသစ်လောက်ရှိတယ် ဘယ်လောက်ကြာသလဲ တော့ မပြောတတ်ဘူး ဒါဘုရားသခင်ကိုယ်တော်မြတ်ကြီး ရဲ့ မျက်မှောက်ရှေ့မှာ ဦးဇင်းပြောသွားတာပါ လိမ်ရင် ဦးဇင်းပါရာဇိကံ တို့ဘာတို့ ထိုက်တာပေါ့ဗျာ မှန်တာ

ပြောရင်သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ရမယ်၊ မှန်တာ ပြောတာကိုးဗျ အဲ့ဒီတော့ ဒီနေရာဟာ ဘူမိနက်သန် မှန်တယ် မကျွတ်မလွတ်တဲ့သူတွေက အများကြီးရှိတယ်။ ဥပမာ ပြောပြရင် ဦးပဏ္ဍိတရဲ့ ဖအေ၊ ဦးချိုးတိုးကြီး သေတယ်၊ တစ်ရက်ကနှစ်ရက် နှစ်ရက်ကနေ သုံးရက်၊ သုံးရက်ကနေလေးရက်၊ လေးရက်ကနေငါးရက်၊ ငါးရက် ကနေခြောက်ရက်၊ ခြောက်ရက်မှ ခုနှစ်ရက်၊ ဟာသပိတ် သွပ်ပေးရတယ်ဗျို့ ကျွတ်တာ မကျွတ်တာ သူ့အပိုင်း သွပ်ပေးရမဲ့သားကသွပ်ပေးရမယ် ကျန်ခဲ့တဲ့ သူကိုးဗျ ငါ့အဖေကို ရည်ရွယ်ပြီးတော့ သွပ်ပေးရတယ် ကျွတ်တာမ ကျွတ်တာတော့ အဲ့ဒီဖအေတော့ မပြောတတ် ဘူးပေါ့ဗျာ၊ ကိုယ်ကတော့လောလောဆယ် ကုသိုလ်လည်း ရတယ် သူအတွက်လည်းလုပ်ပေးရတယ် အဲ့ဒီပိန္နဲကုန်းက တောင်ပိုင်ကြီးတွေ ပုဂ္ဂိုလ်တွေအများကြီးရှိပါတယ် ခင်ဗျားတို့ ဝိပဿနာကျင့်တဲ့ ပုဂ္ဂိုလ်ကြီးတွေ မေးပါ၊ ဒီနေရာမှာ မကျွတ်တဲ့ သူတွေက ဦးပဏ္ဍိတရယ် ကျွတ်

ချင်ပါတယ်။ ဦးပဏ္ဍိတရယ်၊ ဒီက ကံပြတ်ထားတာကိုးဗျ၊ သူတို့ကသိတယ် လုပ်ပေးပါမယ်ဗျာ ဒကာ၊ ဒကာမတွေ ကျောင်းလာရင် ဦးဇင်းကြီးက တရားပဲဟော တယ် သီလတွေလုပ်ကြနော် ဒကာမကြီးသိပ်မလှူနဲ့ သီလ လေးတွေလုပ်ကြနော် ဒါနလေးတွေရှိပြီ သီလလေးတွေ စောင့်ပါ။ သီလရဖို့ဟောနေရပါတယ်ဗျာ အဲ့ဒီ ဘုရားကြီး မပြီးမခြင်းတရားတွေ ဟောပါတယ်ဗျာ။

## နေရာကလည်းမှန်ရမယ်၊
## တည်တဲ့ပုဂ္ဂိုလ်ကလဲမှန်ရမယ်
## လှူတဲ့သူကလဲမှန်ရမယ်၊ ဒီပုဂ္ဂိုလ်ကြီးသေပြီးမှ
## ဒို့လှူချင်ပါ တယ်ဆိုလို့ မလွယ်တော့ဘူး။

ကျောင်းလာလည်းမေးပါ၊ တရားတွေချည်းဟော နေတာပါ၊ တရားမဟောနဲ့ ပြောလည်းဟောတာပဲ တစ်ယောက်တည်းလည်းဟောပါတယ်ဗျာ၊ နှစ်ယောက် တည်းလဲဟောပါတယ်ဗျာ ဒါန၊ သီလ၊ ဘာဝနာ နဲ့ ခင်

ဗျားရဲ့ အဝိဇ္ဇာတုံးကြီးကို ဆေးကြောသွားပါဗျာ ဦးပဏ္ဍိတ ရဲ့ အဝိဇ္ဇာတုံးကြီးကို အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာနဲ့ ဆေးကြောပါတယ်။ ဦးဇင်းကျတော့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာနဲ့ဆေးကြောပါတယ်။ ဒါဝိပဿနာ လမ်းစဉ် သွားတဲ့ အသိလေးပါ ပဲဗျာ၊ ခင်ဗျားတို့က ဒါန၊ သီလ၊ ဘာဝနာနဲ့ဆေးကြောပါ၊ ဦးဇင်းကတော့ ဒါနမပါဘူး၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အဲ့ဒါနဲ့ အဝိဇ္ဇာကို ဆေးပါတယ်ဗျာ။ ဒီပိန္နဲကုန်းကြီးရဲ့ ဘုရားကို ဒကာ၊ ဒကာမတွေ အကြီးအကျယ်လှူပါတယ် အခုလည်း အကြီးအကျယ်လှူတယ်၊ ဦးဇင်းသိပါတယ် မပြောဘူး။ သိတာပေါ့ဗျာ အဲ နည်းနည်းလှူ နည်းနည်းလှူ သြော် အေးအေး. . . . အဲ့ဒီလို လှူလိုက်တဲ့ ဒါနကြည့်စမ်း သူဟာသူလှူတာ ခွက်ကြီးနဲ့ထိုးခံရတဲ့ သာသနာမဟုတ် ဘူးဗျ။ အိမ်ဆင်း၊ အိမ်တက် ခွက်ကြီးနဲ့ခံရတာ မဟုတ် ဘူးဗျ တွေးပါ။ ဒီပိန္နဲကုန်းမှာ အင်မတန်မှ သိုက်တွေ၊ ဓါတ်တွေ၊ နတ်တွေနော်၊ လေးကျွန်းစကြာဝဠာလို့

ခေါ်ထားပါတယ် ဘုရားတည်တာချင်းမတူဘူးဗျနော်
ဘုရားတည်တော့ တည်တယ်၊ တည်တဲ့သူပေါ်မှာ မူတည်
တယ်။ နေရာကလည်း မှန်ရမယ်၊ တည်တဲ့သူကလည်းမှန်
လှူတဲ့သူကလည်း မှန်ရမယ်။ အဲ့ဒါသွားကြမှာပေါ့ဗျာ
နောက်ဆုံးကြတော့ ခင်ဗျားတို့ အသည်းနှလုံးထဲမှာ အေး
ဒီပုဂ္ဂိုလ်ကြီးလည်း သေပြီ တို့လှူချင်ပါတယ်ဆိုလို့
မလွယ်တော့ဘူးဗျို့။ ဒါကြောင့်မို့ ဒီဒါနတွေကို ခင်ဗျား
တို့ရဲ့ နှလုံးသားထဲမှာ ဝွမ်းဆီထိမက ပီတိဖြစ်ရလို့
မျက်ရည်ကျရပါတယ်။ နားကပ်ရှိ နားကပ်ချွတ်လှူတယ်၊
ဆွဲကြိုးရှိ ဆွဲကြိုးချွတ်လှူ တယ်။

**စကြာဝဠာမှာရှိတဲ့ သိုက်ပေါင်း၊**
**နတ်ပေါင်း၊ဓါတ်ပေါင်း ခပြီးတည်ထားတဲ့ဘုရားပါ။**
**ဘုရားကိုအမြင်ပြပြီး တရားရအောင် ၊ ဒီတရား**
**အသိရမှ အပါယ်ပိတ်မယ်။**

ဒီတော့ဒီဘုရားဟာ လေးကျွန်း စကြာဝဠာမှာရှိတဲ့
သိုက်ပေါင်း၊ နတ်ပေါင်း၊ ဓါတ်ပေါင်း ခပြီးတည်ထား

တာပါ။ ဦးဇင်းကလည်း ခါးပြတ်တော့မယ် နေရတာ ဘယ်နေချင်မလဲ၊ ထောင်ထဲ ချထားရသလိုပဲ။ သစ္စာကိုးဗျ အောင်သစ္စာမဟာ ဓါတ်ပေါင်းချုပ်လို့ ဘွဲ့ထူးပေးထား တယ်။ ဦးဇင်းစာ မတတ်ဘူး ဒါတွေနောက်သဘောပေါက် လာလိမ့်မယ် ဦးဇင်းတစ်လုံးချင်းဆီ ရှင်းပြပေးမယ်။ ပြောပေးပါမယ် ဒီဘုရားကြီးအမြင်ပြပြီးတော့ တရားကိုမြင်ရ အောင်လို့ လုပ်တာပါဗျာ ဘုရားမြင်ပြီ မဟုတ်လား။ ဘုရားကိုမြင်မှ တရားကိုခင်ကြမှာ တရားကိုရကြမှာ ဒီတရားမှ ဒီအသိတွေရမှ အပါယ်ပိတ် မှာ ၊ ဦးပဏ္ဍိတကက အရင်တုန်းက လူမိုက်ပါဗျာ လူဆိုးပါဗျာ။ ခိုးပါတယ်ဗျာ အဲ့ဒါမကောင်း တဲ့ တရားတွေပါ။ အခုကောင်းလာတော့ ခင်ဗျားတို့က လည်း ဒီနေ့ဒီရက်မှာ လာတယ်ဗျို့။

## ဦးပဏ္ဍိတသီလမှန်နေလို့ ။ မေတ္တာရေကလည်း အစွမ်း ထက်နေတာပါ။

အဲ့ဒီတော့ ပိန္နဲကုန်းကနာမ်ပုဂ္ဂိုလ်တွေဟာ သိတာပေါ့ဗျာ ဘယ်သူတွေ ဘယ်လိုဆိုတာ သူတို့က

ခင်ဗျားတို့ရဲ့ မနောစိတ် တွေကိုသိပါတယ်ဗျာ့ အဲ့ဒီတော့ တစ်ယောက်နဲ့တစ်ယောက် အကြောင်းနဲ့အကျိုးဆက် တာပါ သိုက်တွေ၊ နတ်တွေ ဓါတ်တွေကလည်းသိပါတယ် ဗျာ၊ ခင်ဗျားတို့ပေါ်မှာ သူတို့က ကျန်းမာရေးလာဒ်၊ စီးပွားရေးလာဒ်တွေကူညီပေးပါတယ်။ဟောဒီမှာ ပိတ် ထားတဲ့ရေပုလင်းမေတ္တာရေ၊ ယုံကြည်ရင် သုံးကြည့် ပေါ့ဗျာ။ သွေးရိုးသားရိုးရောဂါ ပယောဂရောဂါ ရှိပါတယ် သွေးရိုးသားရိုးတော့မပြောတတ်ဘူး။ ပယောဂဆိုရင် သုံးကြည့်ပါ။ မြွေကိုက်တယ်၊ ကင်းကိုက်တယ် ခင်ဗျားတို့ လုပ်ကြည့်ပေါ့ဗျာ မယုံကြည်ရင်တော့ သွားမလုပ်နဲ့ ဘူးစို့နဲ့ပိတ်ထားတဲ့ရေပုလင်းက ဆေးဖြစ်တယ်ဆိုတော့ စဉ်းစားကြည့်ပေါ့ဗျာ။ အဲ့ဒါဘာလဲဆိုတော့ သီလဂုဏ်တွေ ပေါ့ဗျာ ဦးပဏ္ဍိတရဲ့ သီလမှန်နေလို့ ဒီနေ့ဒီရက်မှာ ဒီမေတ္တာရေက မှန်နေတာ ဦးပဏ္ဍိတလိမ်ရင်၊ ညာရင် သီလပျက်မှာ၊ သီလပျက်ရင် ဒီရေဟာလည်း မစွမ်းတော့ ဘူးဗျာ။ ထိန်းထားရပါတယ် မလွယ်ပါဘူးဗျာ အပ်ဖျား

ပေါ်မှာ မုံညင်းစေ့တင်ထားရသလိုပါပဲဗျာ ခုနက ညစာ စားတယ် ဒကာ၊ ဒကာမတွေ ခေါင်းကိုင်တယ်၊ ကိုင်ပါ တယ်ဗျာ သူ့ကိုမကိုင်ခိုင်းလည်းကိုင်တယ်ဗျာ၊ ဪ ဒီလက်ဝါးက ငါပဲသိတယ်လာကြဟဲ့လာကြ သဘောပေါ့ဗျာ တစ်ချို့က ဒီလက်ဝါးကိုင်ပြီး ငါတို့ကိုများ ဘာလုပ်သလဲ ညာလုပ်သလဲဆိုပြီး ဒီလိုဖြစ်ချင်လည်း ဖြစ်မယ်ဗျ ဦးဇင်းကြီးဘာမှ မတတ်ပါဘူး ဒီလက်ဝါးက 'စမ' ပေါ်ထားတယ်ဗျ မှန်တာပြောတာသစ္စာ၊ သိတဲ့သူ တွေသိပါတယ်။ မြောင်းမြမြို့က သူတွေလက်ဖဝါး 'စမ' ပေါ်တာသိပါတယ်။ အဲ့ဒီ 'စမ' လေးနဲ့ သာသနာပြုတာ ပါဗျာ။

## ရှေးဘုန်းရှေးကံခေါ်တယ် လုပ်ဘုန်းမဟုတ်ဘူး။ သဘာဝကဖြစ်လာတဲ့ဘုန်းခေါ်တယ်။

ဦးပဏ္ဍိတ ကျောင်းမှာ ငှက်ပျောပွဲတွေ တင်တာ လည်းမဟုတ်ဘူး အုန်းပွဲတွေ တင်တာလည်းမဟုတ်ဘူး

ခေါတ်လုံးရေစိမ်ပြီး တိုက်တာလည်းမဟုတ်ဘူး၊ အင်းကို ပြာချပေးတာလည်း မဟုတ်ဘူး။ ဘာမှလည်း စာမတတ် ဘူး၊ ကြည့်စမ်း။ အဲ့ဒါတွေက လောကီဘုန်းတွေ ခေါ် တယ်ဗျ၊ ခေါတ်လုံးရေစိမ်တိုက်တာတို့ လက်ဝါးရိုက်ပြတာ တို့ ဒါလောကီကြောင်းတွေဗျ။ ဘာမှမတတ်ပါဘူးဗျာ ပွဲတွေပြင်လိုက်တာ၊ ၁ပွဲ၊ ၂ပွဲ၊ ၃ပွဲ၊ ၁၀ပွဲ ကိုတင်ပြီး ပုဂ္ဂိုလ်ဆီက အခွင့်အရေးယူပြီး ဆေးကု စားတာဗျ၊ ဒီကပုဂ္ဂိုလ်ကို ပွဲလည်းမတင်ဘူးဗျနော် ခင်ဗျားတို့ သဘောလေးပဲ သူ့မှာ ခါတ်လုံးလည်းမရှိဘူး အင်းလည်း မချတတ်ဘူး ဘာမှလည်းမလုပ်တတ်ဘူး၊ အဲဒီတော့ လက်ဝါးမှာ 'စမ' ပေါ်တယ်၊ ပစောက်ပုံ အနီ လေးပေါ်တယ် ဦးဇင်းလည်းဘယ်တုန်းက ပေါ်မှန်းမသိ ဘူး ဆွမ်းခံရင်လက်ဝါးမှာ ချွေးတွေထွက်တော့ လက်ဝါး ကိုပွတ်ကြည့်လိုက်တော့မှ လက်ဝါးမှ 'စမ'ပေါ်နေတယ် အဲ့ဒါမြောင်းမြက လူကြီးတွေကို ၁ရက် ၂ရက် ပြပါတယ် ဆရာကြီး ဦးအုန်းမြင့်တို့ကိုပြပါတယ်။ ကျောက်နဲ့တောင်

တိုက်ကြည့်ပါတယ်၊ တကယ်လား၊ လုပ်ကြံသလားဆိုတာ တိုက်ကြည့်ပါတယ်။ အဲ့ဒီလက်ဝါးလေးနဲ့ သာသနာပြုတာပါ။ ဒါက ရှေးဘုန်းရှေးကံခေါ်တယ်ဗျ လုပ်ဘုန်းမဟုတ်ဘူး၊ အတိတ်ကပါလာတဲ့ဘုန်းသဘာဝကဖြစ်လာတဲ့ဘုန်းသဘောလေးပေါ့ဗျာ။

## သီလချင်းမတူတော့ အသိချင်းမတူဘူး အသိချင်းမတူတော့ ကံချင်းမတူဘူး။

ဒါကြောင့်မို့ အကြောင်းသတ်၊ အကျိုးရပ်တရားရှိပါတယ်၊ အကြောင်းသတ်ရင် အကျိုးရပ်ပါတယ် အကြောင်းဆိုတာ သူများမနာလိုတဲ့စိတ်၊ မစ္ဆာရိယစိတ်၊ ကုက္ကုစ္စစိတ် ဗျာပါဒစိတ်တွေဖြစ်ရင် ကံလည်ဦးမှာဘဲ။ စာတော့မတတ်ဘူးပေါ့ဗျာ အဲ့ဒီရောဂါတွေပျောက်ပါတယ်လို့ သူမပြောဘူး မပျောက်ဘူးလို့လဲမပြောဘူး၊ အဲ့ဒီမေတ္တာရေလုပ်ပေးတယ်၊ ခေါင်းကိုင်ပေးတယ်ဗျာ၊ သူရဲ့ကံ၊ ဦးဇင်းရဲ့မေတ္တာ သူယုံကြည်လို့လာတယ် သူ

ယုံကြည်တော့ ကံမြင့်တာပေါ့ဗျာ ဒီကမေတ္တာပဲရှိတာ ဦးဇင်းက ဘာမှတတ်တာမဟုတ်ဘူး၊ လူတစ်ယောက်နဲ့ တစ်ယောက် သီလချင်းမတူဘူးဗျ သီလချင်းဘာလို့ မတူလဲဆိုတော့ အသိချင်းမတူလို့ အသိချင်းမတူတော့ ကံချင်းမတူဘူး။

## ဘုရားပြီးရင် အထုပ်ကလေးပိုက် တောထဲပြေးမယ်။

ပိန္နဲကုန်းရဲ့ ဘုရားဟာတစ်နေ့သောအခါ ဒကာကြီး၊ ဒကာမကြီးတို့ သိလာပါလိမ့်မယ်။ အဲ့ဒီအချိန်ကျရင်တော့ သူ့ဟာသူ သဘောပေါက်လာလိမ့်မယ်။ ဦးဇင်းက လှူပါလို့လည်း မပြောဘူး၊ မလှူပါနဲ့လို့လည်းမပြောဘူး။ ခင်ဗျားတို့ရဲ့ ဆန္ဒသဒ္ဓါပဲ။ ဦးဇင်းကလိုရင်ဘယ်သွားလဲ ရန်ကုန်သွားတယ် ရန်ကုန်သွားတဲ့အခါကျတော့ အဲ့ဒီအိမ်တစ်အိမ်မှာ ထိုင်နေတာပဲဗျို့ လာတာပဲဗျို့ ပိုက်ဆံတွေလာလှူပြီတယ်ဗျာ၊ လူမျိုးမရွေး ဘာသာမရွေး လာ

လှူပါတယ်ဗျာ။ နောက်ကလိုက်လာတဲ့ ဦးဝမ်သိန်းကိုသာ မေးကြည့်ပါဗျာ။ ဦးဇင်းကို မမေးနဲ့ အဲဒီဒကာကြီးကိုသာ မေးကြည့်၊ ကားနဲ့ဟိုကပင့် ဒီကပင့်လိုက်နဲ့ အငြိမ်မနေရပါဘူးဗျာ။ ကားနဲ့ပဲခူးလည်း ရောက်သွားတာပါပဲဗျာ။ ဒါဘာလဲဆိုတော့ ကိုယ့်ဖအေ၊ ကိုယ့်မအေတွေ ငါဒီဘဝနောက်ဆုံးပဲ၊ သူတို့ရဲ့ ပုဗ္ဗ၊ မုဥ္စ၊ ပရစေတနာတွေ၊ ယုံကြည်မှုတွေ ငါလိုက်လုပ်ပေးမယ်။ ခါးကိုပြတ်တော့မယ်နေရတာ။ ဒီဘုရားပြီးရင် ဦးဇင်းကရော့ဗျာ၊ ဒီကျောင်းကြီး ယူကြပေတော့။ ဆရာတော်ကြီးတွေနေကြ၊ ဦးဇင်းက အထုပ်ကလေးပိုက်ပြီးတော့ တောထဲမှာပဲသီတင်းသုံးတော့မယ်။ သေမယ်လို့ မပြောပါဘူးဗျာ။ ပြေးမှာပေါ့ဗျာ။ လူသူမနီးတဲ့နေရာမှာ ဆိတ်ငြိမ်တဲ့နေရာမှာ နေမှာပေါ့ဗျာ။ သိတော့သိနေပြီ၊ ဒါကြောင့် ဒီဘုရားကြီးနဲ့ ပတ်သက်ပြီးတော့ ဝိသုဒ္ဓိမဟာမြိုင်မှာ ဈေးရောင်းတဲ့သူလိုပဲ တခါတည်း ငုတ်တုပ်၊ အရှင်ဘုရား . . . ဩော် အေးအေးလာလာ)၂။ နောက်တယောက်ကလဲ အရှင်ဘုရား၊ ဩော်

အေးအေး . . . (လာလာ)၂ တစ်ပြီးတစ်ယောက်လာတာ ဈေးရောင်းတဲ့သူလိုပဲ၊ တစ်ခါမှအားမနေရပါဘူးဗျာ။ တစ်ချို့ဘုန်းကြီးတွေ ဆွမ်းခံကြွပြီးတော့ စာဖတ်တယ်။ တရားအားထုတ်တယ်။ အိပ်ကြတယ်။

## မဂ္ဂင်ဖောင်ကြီးဆိုက်ထားတယ်

ဒီဘုရားကြီးဟာ သိုက်တွေ၊ ဓါတ်တွေ၊ နတ်တွေနဲ့ ဩော် . . . ဘာပဲဖြစ်ဖြစ် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရားကြီးကို ငါသစ္စာနဲ့ ပြုပေးမယ်။ ဒီပိုက်ဆံတွေကိုလည်း သူတို့ရဲ့ ပုဗ္ဗ၊ မုဉ္စ၊ ပရဆိုတဲ့ စေတနာတွေကျရောက်မှ ငါ အလှူခံမယ်။ အကြောင်းအကျိုးတွေနော်၊ သိုက်ပေါင်းစုံ၊ နတ်ပေါင်းစုံ၊ ဓါတ်ပေါင်းစုံနဲ့ မင်္ဂကိုခတာပဲ။ ဒီသာသနာဟာ သဘောလေး ဦးဇင်းအနေနဲ့ မလွယ်ပါဘူး။ ဒကာ၊ ဒကာမတွေ မဂ္ဂင်ဖောင်ကြီး ဆိုက်တယ်။ ဒီမဂ္ဂင်ဖောင် ကတော့ ခင်ဗျားတို့ဆီရောက်လာတာပဲဗျို့။ အဲဒီဖောင် ထဲမှာတက်တဲ့လူ၊ သူ့သာကနဲ့သူ၊ သဘော

လေးနဲ့ ပြောမယ်။ သူ့ဆွေတော်ပေါင်းနဲ့ မျိုးတော် ပေါင်း၊ သူ့သာဝကနဲ့သူဗျ။ ဟိုကျောင်းကြိုက်ရင် ဟို ကျောင်းသွား လှူ၊ ဒီကျောင်းကြိုက်ရင် ဒီကျောင်းသွားလှူ၊ မလှူနဲ့ မသွားနဲ့ မပြောဘူး။ ကိုယ်ကြိုက်နှစ်သက်ရာ သွားပါ။ သူ့အပေါ် မှာမူတည် တယ်၊ ကုသိုလ်ရတာချည်းပဲ။

## အတိတ်ကမျိုးစေ့ချခဲ့သူက အခု အပင်ထပေါက်တာ၊ ပစ္စုပ္ပန်မျိုးစေ့ချသူက အနာဂတ်အပင်ပေါက်မယ်

ဥပမာလေးပြောကြတာပေ့ါ။ ဘုရားဟာ အသက်(၈၀)ကျော်နဲ့ အာယုသင်္ခါရ လွှတ်တာပေ့ါဗျာ။ လွှတ်တဲ့အခါမှာ သာသနာဟာထားရစ်ခဲ့ပါတယ်ဗျာ။ ဗိုလ်ခြေဘယ်လောက်၊ သင်္ချေဘယ်လောက်ဆိုပြီး ကျွတ်တန်းဝင်မဲ့သူတွေရှိတယ်နော်။ ဒါကြောင့်မို့ သာသနာတော်ကြီးကို ထားခဲ့ပါတယ်။ ဘုရားရှင်တော့မရှိတော့ဘူး။ နောက်ကျင့်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေပေါ် လာတဲ့အခါ

သူ့သာဝကတွေ ဖြစ်လာရောဗျို့၊ ဟောအဲဒီတော့ အတိတ်က မျိုးစေ့ကို ချထားတဲ့ သူသည် ပစ္စုပ္ပန်ကျတော့ အဲဒီမျိုးစေ့က ထပေါက်တာဗျ။ ဒီပစ္စုပ္ပန်မှာ မျိုးစေ့ ချထားရင် နောင်အနာဂတ်မှာ ထပေါက်မယ်ဗျ။

## စေတနာမှန်ဘို့ အရေးကြီးတယ်၊ သစ္စာမှန်ရင် တိုင်းပြည်က အေးနေတာ

ဘယ်သူပဲ ပျက်ပျက်ကိုယ်မပျက်နဲ့၊ အဲ လူကြီးမင်းများခိုင်းရင် စေတနာနဲ့ လုပ်ပေးပါ။ စေတနာနဲ့ ကူညီပါ။ တတ်နိုင်တဲ့ဘက်ကကူညီပါ။ ကိုယ့်တိုင်းပြည်ကြီးကို စေတနာနဲ့လုပ်ပေးပါ။ စေတနာမှန်ဖို့ အရေးကြီးတယ်။ မလိမ်နဲ့ မညာနဲ့ သူများကို မနာလိုတဲ့ မစ္ဆရိယစိတ်၊ မုန်းတဲ့စိတ်၊ ဒေါသစိတ်မလုပ်ပါနဲ့။ ခင်ဗျားတို့မှန်ဘို့ အရေးကြီးတယ်။ ခင်ဗျားတို့မှန်ရင် သစ္စာရှိရင် တိုင်းပြည်က အေးနေတာပဲ။

## နေတတ်ဘို့၊ စားတတ်ဘို့ သွားတတ်ဘို့လိုတယ်

ဒါသစ္စာဗျ၊ သစ္စာဆိုတာ ကာယသစ္စာ၊ ဝစီသစ္စာ၊ မနောသစ္စာ၊ မလိမ်ဘူး လူကြီးကို ရိုရိုသေသေ လေးလေးစားစား ပြောတယ်။ ခိုင်းတာလုပ်တယ်။ မလိမ်ဘူး၊ မခိုးဘူး၊ မလုဘူး၊ မလိမ်ဘူး။ ခင်ဗျားအုပ်ချုပ်ဖို့တောင် မလိုတော့ဘူး။ ဘယ်သူ့အိမ်မှလည်း တက်မခိုးတော့ဘူး။ ဒါသစ္စာကိုးဗျ။ ဦးပဏ္ဍိတလို များရှိကြမယ်ဆိုရင် အင်မတန်အေးချမ်းမယ့် မြန်မာပြည်ကြီးပဲ။ ဟာ အဲဒီလူတွေ အကုန်အေးတာပဲဗျို့။ ခင်ဗျားတို့မှာမှ သစ္စာမရှိရင် အဲဒီအစိုးရမင်းများကလည်း ဥပဒေနဲ့ ရာဇသတ်ကြီးနဲ့ အုပ်ချုပ်ထားတာ ဥပဒေ ကျူးလွန်ရင်တော့ခံ၊ သွားမလုပ်ကြနဲ့။ မကောင်းတာမလုပ်နဲ့၊ နေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ သွားတတ်ဖို့လိုတယ်။ မကောင်းတဲ့သူနဲ့ မပေါင်းနဲ့ မကောင်းတဲ့လမ်း မသွားနဲ့၊ သူ့အချိန်မတော်ရင် မသွားနဲ့၊ ကိုယ့်စည်းကမ်းလေးနဲ့နေပါ။ သစ္စာနဲ့နေပါ၊ အင်မတန်ထူးပါတယ်။ ကိုယ်မှသစ္စာမရှိရင်

တော့ တွက်သာကြည့်ပေတော့။ ခင်ဗျားစိတ် ခင်ဗျားစစ်။

## ကိုယ့်သီလရာကို့လိုတယ်

ဒီသီလပျက်လာရင် ကံနိမ့်တယ်ဗျ။ ဒါမလုပ်နဲ့ ဆို မလုပ်နဲ့ပေါ့ဗျာ။ ခင်ဗျားတို့ သွားလုပ်တော့ခံပေါ့။ တားမြစ်ထားတာ ကိုယ်က လုပ်ရင် ကိုယ့်အပြစ်ကိုယ်ခံ၊ ဦးပဏ္ဍိတလည်း နိုင်ငံတော်ရဲ့ အစိုးရရဲ့ တားမြစ်ထားတာတွေကို လုပ်ရင် ဦးဇင်းလည်း အချုပ်ခံရမှာဘဲ၊ ကိုယ်ကလုပ်တာကိုးဗျ။ တားမြစ်ထားတာ မလုပ်ရင် ဟာ သူတို့က လေးစားတယ်။ သူတို့က အကြံဉာဏ်တွေ ပေးတယ်။ အကူအညီတွေပေးတယ်။ ကိုယ် မှန်ဘို့ အရေးကြီးတယ်။ ကိုယ်မှန်ရင် အစိုးရမင်းကလည်း အကူအညီ ပေးပါတယ်။ ကိုယ်မှမမှန်ရင် ခင်ဗျားတို့ တွေးကြည့် ၊ ဒါကြောင့်မို့ ရာဇသတ် ဥပဒေရှိပါတယ်။ ဓမ္မသတ်၊ ဘုရားရှင်ရဲ့ ဝိနည်းကျမ်းတွေရှိပါတယ်နော်။ ကိုယ့် ဟာလေးကိုယ်ထိန်းနိုင်တဲ့ ဝန်ထမ်း၊ သစ္စာထား။ အဲဒီလို

နေသွားမယ်ဆိုရင် တိုင်းပြည်ကြီးကလည်း ကောင်းတယ်။ သီလတွေလည်းရမယ်။ ထင်းစည်းများလို အစည်းပြေ တတ်တယ်။ ဒီထင်းစည်းများလို အစည်းမပြေအောင် ပြည်သူလူထုတွေကလည်း သစ္စာ၊ သမ္မာနဲ့ နေထိုင်သွားရင် နိုင်ငံတော် အစိုးရကလည်း ခင်ဗျားတို့ကို ကျောကသား လည်းသား၊ ရင်ကလည်းသား သူတို့ ပြုသွားကြမှာပါ။ ကိုယ်မှ မမှန်ရင် ခက်တာပေါ့ဗျာ။ သစ္စာအမှန်ပြောပြီ လေ။ ကျွန်တော့်အပြစ်တော့ ရှိပါတယ်ဗျာ။ စာတော့ မတတ်ဘူးဗျာ ဒါပေမယ့် ကျွန်တော် ဝိပဿနာတရား ကျင့်ထားတယ်ဗျာ။ ဒါပဲ သူပြောတယ်။ မှန်တာပြော တယ်။ ကိုကမှမသိရင် မှန်တာပြောရမယ်။ အဲမလိမ်နဲ့၊ လိမ်ရင် အဲဒါသစ္စာပျက်တယ်။ ဒါကြောင့်မို့ ဒကာ၊ ဒကာမတို့အပေါ်မှာ မူတည်ပါတယ်။ ဘာဘဲ ဖြစ်ဖြစ် ကိုယ်က သီလရဘို့လိုတယ်။ ဒီဘဝမှာ ဆရာတော်ကြီးတွေ နဲ့ ကောင်းကောင်းမွန်မွန်နဲ့ နောက်ကနေ ကိုယ်ကလိုက် ဘို့ လိုတယ်။ ဒါတွေဟာ ခင်ဗျားတို့မှာ သိပ်ထူးတယ်

ဒီဘဝ ပြန်ကြရမှာ ကံဆိုတာက လွန်ဆန်လို့ မရဘူးဗျ အဲ့ဒီကံက ဒီနေ့ကိုယ်က ထိပေါက်ပြီးတော့ မနက်ဖြန်ကျ တော့ ဖအေတွေမအေတွေ သေရော။ ဟာ စိတ်ဆင်းရဲ ရော ကံတွေဗျနော်။ ဒါကြောင့်မို့ ကမ္မာဘဝ၊ ဘဝါဘဝ၊ ဒိဋ္ဌာဘဝ၊ အဝိဇ္ဇာဘဝ၊ ကံပေမဲ့ မကောင်းတဲ့ကံကို မလုပ်ပါနဲ့ ကောင်းတဲ့ကံကိုလုပ်ပါ။ ကောင်းတဲ့ မင်္ဂလာ တွေကို ပြောပါ။ ကိုယ့်ထက်ကြီးသူတွေကို ရိုသေပါ ကိုယ်နဲ့ တန်း တူကြင်နာပါ။ ထင်းစည်းများလို အစည်း မပြေပါနဲ့၊ ကိုယ် စိတ်ကိုထိန်းပါ။

## မကောင်းတဲ့တရားကိုပယ်
## ကောင်းတဲ့တရားကိုနှလုံးသွင်း။

ဦးဇင်းတို့ ဟိုးငယ်ငယ်တုန်းက ခံစားခဲ့ရပါတယ် ဗျာ ကျောကော့ပြီး ပြေးရပါတယ်ဗျာ။ ဦးဇင်း ၁၂နှစ်သား အရွယ်ပေါ့ဗျာ အဓိကရုဏ်းတွေဖြစ်တယ်။ အဲ အင်္ဂလိပ် တွေပြေးတယ်။ အင်္ဂလိပ်တွေ မပြေးခင် ငလျင်တွေလှုပ်

တယ်။ ဟာ သူ့ခုတ်၊ ငါ့ခုတ်၊ သူ့သတ်၊ ငါ့သတ်၊ သရက်ကုန်းမြို့ကြီးထိပေါ့ဗျာ၊ ကုန်တာဘဲဗျ၊ ဟာသူ့ငါသတ်၊ ငါ့သူသတ်၊ ရေထဲမျောကုန်တာဘဲဗျို့ ကပ်ဆိုက်တာနော်၊ ဟာ သေကြတာဗျာ တိုက်ကြီးထဲမှာ ပိတ်ပြီးသေတာဘဲဗျို့ ဘာတတ်နိုင်လဲ ကံတွေဘဲ ဒီလို ခေတ်တွေကို အမျိုးမျိုး ခံစားလာရတယ်။ ဂျပန်ခေတ်မှာ ဗုံးတွေကျလာတယ်၊ စက်သေနတ်တွေ ပစ်တယ်။ ဟာအဲဒါလည်း နောင်တမရဘူးဗျာ ပုဆိုး ဝတ်စရာမရှိလို့ ဆာလာအိတ်ပတ်ထားရပေမဲ့ ဂျပန်ခေတ်တုန်းက ဆေးခြောက်ရှူချင်တာနဲ့၊ ဖဲရိုက်ချင်တာနဲ့ ၊ ဦးမြမောင်မကောင်းပါဘူးဗျာ မကောင်းတဲ့ တရားတွေကိုပယ်၊ ကောင်းတဲ့တရားတွေကို ခင်ဗျားတို့ နှလုံးသွင်းပါ။

## ကောင်းတဲ့ပုဂ္ဂိုလ်က ငါဘာကြီးဘဲလို့ နဖူးမှာရေးမထားဘူး၊ တွေ့အောင်သာရှာ။

ပိန္နဲကုန်းရဲ့ သာသနာနဲ့ ခင်ဗျားတို့ရဲ့ စိတ်ဝင်စားတာနဲ့တော့ သဘောပေါက်လာလိမ့်မယ်ဗျနော်။ သာ

သနာတွေက အင်မတန်ပွင့်လင်းနေပါတယ်။ ဘာလို့သာ သနာပွင့်လင်းသလဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာမှာ ကောင်းတဲ့ပုဂ္ဂိုလ်ရှိတယ်ဗျ။ ခင်ဗျားတို့မျက်စိနဲ့သာကြည့်ပေတော့။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းမှာရှိတယ် လှို့ဝှက်နေတယ်။ ငါဘာကြီးဘဲလို့ နဖူးမှာ မရေးဘူးဗျ အဲဒါတွေခင်ဗျားတို့ စိတ်စေတနာလေးတွေနဲ့ သူ့ဆီက အသိကိုသွားယူရတယ်ဗျ သူပြောတာ လိမ်ပြောသလား၊ ညာပြောသလား၊ သူ့ကိုကြည့်ရမယ် သွားပြီးတော့ လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ၊ မေးမြန်းပါ၊ လေ့လာထိုက်ပါတယ်၊ လေ့လာလို့ သူ့ဆီက အသိရရင် ခင်ဗျားတို့ မကောင်းတာတွေ ပယ်လာမယ်၊ မြမောင် အခု အကျွတ်တရားရပြီကွ၊ မြမောင်အရင်လို မဟုတ်တော့ဘူးကွ၊ မြမောင် အရင်တုန်းက ခိုးချင်တယ်၊ လိမ်ချင်တယ်၊ ဖဲလိမ်ရိုက်ချင်တယ်၊ ဖဲဝိုင်းတွေလုပ်၊ ရဲကများဖမ်းရင် စိတ်ဆိုးချင်တယ်၊ ကိုယ်လုပ်တာမှ မဟုတ်တာ ကိုယ်မမှန်ဘူး အဲဒါကံနိမ့်တာပေါ့ဗျာ မကောင်းပါဘူး၊ အခု သိလာပါပြီ၊

သိလာတဲ့အခါမှာ မကောင်းတာကို ပယ်ပါတယ်၊ ကောင်းတာကို မလဲဆိုက်၊ ဖိုလ်ဆိုက်လုပ်ပါတယ်။

## သမုတ်သစ္စာမှန်မှ အရိယာသစ္စာရောက်မယ်။

ဩော်ဆွေတော်ပေါင်း မျိုးတော်ပေါင်းလာကြ ဟော့၊ ပိန္နဲကုန်းရဲ့ ဘုရားမှာလာကြဟော့၊ ဥပမာ ပြောကြမယ်ဆိုရင် ခင်ဗျားအိမ်က တယ်လီဖုန်းနဲ့ ရန်ကုန်ပြောမှာ ကိုးဗျ၊ ရန်ကုန်တော့ တိုက်ရိုက်မရဘူး အိတ်ချိန်းကို ချိတ်ရဦးမယ် ဦးဇင်းက အိတ်ချိန်း၊ ခင်ဗျားတို့ နှစ်ယောက်က လှူတာ၊ ဟိုကပုဂ္ဂိုလ်က သိတယ်၊ ငါ့ကိုကျွတ်တန်းဝင်အောင် လုပ်တာသူဘဲဆိုတာ ဟိုက ပုဂ္ဂိုလ်တွေသိတယ်၊ ဦးဇင်းကကြားနေ ဝါဒပါဗျာ၊ အဲဒါတွေကိုတွေးကြည့်ပါ၊ ဘုရားတည်တော့ တည်တယ် တည်တာချင်းမတူပါဘူး၊ ပုဂ္ဂိုလ်ပေါ်မှာလည်း မူတည်ပါ တယ် နေရာပေါ်မှာလည်းမူတည်ပါတယ်၊ ဦးဇင်းကတော့ အချိန်ကျရင်ဖြစ်မှာဘဲ သူဟာနဲ့သူလာကြမှာဘဲ အစရယ်

အလယ်ရယ်၊ အဆုံးရယ်ရောက်တော့မှ ဟာဒို့လည်းမသိလိုက်ဘူးကွာ တော်တော်ထူးပါလားဆိုတာ လျှုတဲ့သူတွေ သိလာပါလိမ့်မယ်ဗျာ။ အခုလည်း သိလည်းသိပါတယ်ဗျာ။ အစတုန်းက ဒီဦးပဏ္ဍိတကြီးကို မလာကြဘူးဗျာ ဒီလူကလည်း မကောင်းတာတွေ လျှောက်လုပ်ထားတယ်ဗျ။ ဒီနေ့ ဒီလူကြီးကလည်း ကောင်း၊ ခင်ဗျားတို့ကလည်းလာတယ်။ ခင်ဗျားတို့ စိတ်ကလေးတွေ အရင်စိတ်နဲ့ အခုစိတ်တူသလားလို့ ဦးဇင်းကမေးပါတယ်။ မတူပါဘူး ဘုရားတဲ့ အေး စိတ်ဘဲ အဲဒီတော့ ဘာဖြစ်ဖြစ်ကိုယ့်လင်ရဲ့ စကားကိုနားထောင် ကောင်းကောင်းမွန်မွန်နေ၊ မကောင်းတဲ့လမ်း မသွားနဲ့ မကောင်းတဲ့ အစာမစားနဲ့ အဲဒီလို သွန်သင်ဆုံးမပါတယ်၊ ဒါကြောင့်မို့ သမုတိသစ္စာ မှန်မှ ဝိရတိသစ္စာရမယ်၊ ဝိရတိသစ္စာရမှ သဘာဝသစ္စာရမယ်။ သဘာဝသစ္စာရမှ ပရမတ္ထသစ္စာကူးမယ်။

# အတ္တနဲ့ စားသလား အနတ္တနဲ့ စားသလား တွေးကြည့် ပါဗျာ။

ထမင်းတော့ တစ်ခါတစ်လေပေါ့ဗျ ဒကာ၊ ဒကာမတွေ မပြန်တော့လည်း ဘယ်နဲ့မှလည်း မလုပ်တတ်ဘူးဗျာ သူတို့မပြန်တော့လည်း ဟာသူတို့က ရပ်ဝေးက လာတာခင်ဗျားတို့ သွားကြဗျာ အိပ်မယ်ဗျာလို့ ပြောလို့လည်းမရဘူးဗျ သူတို့ပြန်မှ ထမင်းလေးကို ထစားရတယ်ဗျ နာရီကြည့်လိုက်တော့ နေ့လည် ၃နာရီထိုးနေပြီ အဲဒါပေါ့ဗျာ ကိုယ်ကတော့ ခုံလေးပေါ်မှာ တင်ပြီး ကိုင်တယ်၊ မြိုတယ်၊ ကိုင်တယ်မြိုတယ်၊ အစာအိမ်လည်းပြည့် ပြီးပြီးပေါ့ဗျာ ဘာများစားသလဲ အဲဒီတော့ အတ္တနဲ့ စားသလား၊ အနတ္တနဲ့ စားသလား၊ တွေးကြည့်ပါနော် အဲဒီသဘောလေးတွေရှိပါတယ်ဗျာ ဒီလောက်ဆိုရင် ပြီးရောပေါ့ဗျာ။

# အလှူတွင် တရားအလှူသည် အမြတ်ဆုံး ဖြစ်သည်

ဝိသုဒ္ဓိ ဆရာတော်ကြီး ဦးပဏ္ဍိတ၏ တရားကက်ဆက်ခွေ၊ VCD၊ CD၊ MP3၊ ပုံတော်ပါလည်ဆွဲ၊ တရားစာအုပ်များကို အောက်ပါလိပ်စာအတိုင်း ဝယ်ယူနိုင်ကြပါကြောင်း အသိပေး ဖော်ပြအပ်ပါသည်။

(၁) ဦးမျိုးအောင်+ဒေါ်မြအေး၊ ခြံအမှတ် (၃၆)
အာရှနေဘဏ် ရုံးချုပ် (အိုလံပစ်တာဝါ)
နောက်ကျော
ကမ်းနားလမ်း၊ အလုံ၊ ဒန်အိုးစက်မှတ်တိုင်
(အလုံဆင်မင်းဈေးအနီး)
ဖုံး - ၀၉ ၅၁၀၅၉၉၇

(၂) ရွှေဥဩ တေးသံသွင်း၊ အမှတ် (၁၉၁)
မြေညီထပ်၊ ၃၇လမ်း၊ ကျောက်တံတားမြို့
ဖုံး - ၂၄၂၇၁၆

(၃)　ဦးမြင့်နိုင်ဦး (ဖိုးချို)+ဒေါ်ဝါဝါ
ရွှေကြယ်သဘော်ာဆေးရောင်းဝယ်ရေး
ဆိုင်အမှတ် (၄၅၆၇) ဇွဲဖုံ ဘုရားစောင်းတန်း
နဝဒေး ရုပ်ရှင်ရုံရှေ့၊ တံတားလေးလမ်းဝ
(၈) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
ဖုံး - **၀၉ ၅၁၄၁၇၉၁**

- မသိတာက အဝိဇ္ဇာ၊ စွဲလမ်းတာကတဏှာ
- မနောငြိမ်အောင်သတ်မှတ် ကာယ၊ ဝစီကံလုံပါတယ်
- အာရုံခြောက်ပါးလဲလွတ်၊ မနောကလည်းစင်ကြယ်မှ ဝိသုဒ္ဓိမဂ်ခေါ်တယ်
- လောဘ၊ ဒေါသ၊ မောဟခေါင်းပါးရင် သီလခေါ်တယ်
- မာန်ဖြစ်နေရင် မဂ်တား၊ ဖိုလ်တားဖြစ်တယ်
- ဘုရားကိုစေတီကကွယ်ထားတယ်၊ တရားကို စာကကွယ်ထားတယ်၊ ရဟန်းကို သံဃာက ကွယ်ထားတယ်
- မဂ္ဂင်ဖေါင်ကြီးဆိုက်ထားတယ်
- စကြာဝဠာမှာရှိတဲ့ သိုက်ပေါင်း၊ နတ်ပေါင်း၊ ဓါတ်ပေါင်းခပြီး တည်ထားတဲ့ဘုရားပါ။ ဘုရားကိုအမြင်ပြပြီး၊ တရားရကြအောင် လို့ပါ။ ဒီတရားရမှာ အပါယ်ပိတ်မယ်။
- ဦးပဏ္ဍိတမှန်နေလို့၊ မေတ္တာရေကလည်း အစွမ်းထက်နေတာပါ
- ရှေးဘုန်းရှေးကံခေါ်တယ်၊ လုပ်ဘုန်းမဟုတ်ဘူး
- နေရာကလည်းမှန်ရမယ်၊ တည်တဲ့ပုဂ္ဂိုလ်ကလည်းမှန်ရမယ်၊ လှူတဲ့သူကလည်းမှန်ရမယ်၊ တူတဲ့ စရဏရမယ်၊ ဒီပုဂ္ဂိုလ်ကြီးသေမှ ဒို့လှူချင်ပါတယ်ဆိုလို့ မလွယ်တော့ဘူး။